www.burmeseclassic.com

အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# ပြိတ္တာ

အဘိဋ္ဌာမျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ (နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်၊
ဦးအောင်ကြိုင်၊ အောင်မြင်ပုံနှိပ်တိုက် (မြ-၀၀၀၇၇)၊ အမှတ်(၁၀၅)၊ နှင်းဆီခြံလမ်း၊ ဒုတိယရပ်၊
အောင်မြင်စာပေ (မြ-၀၀၂၇၅)၊ အမှတ်(၇) သိတာလမ်း၊ ကျောက်ကုန်းမြောင်း၊ ရန်ကုန်မြို့၊





www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ရွှေဖြင့် ခေါင်းလောင်းပြုလုပ်သော် အသံမပြည်ပေ၊
  အသံမပြည်ပဲ အရောင်တောက်သောရွှေကို
  ထီးတော်ပြုလုပ်ပါက အမြင့်မှာနေရ၏။
  အရောင်မတောက်ပဘဲ အသံပြည်သောကြေးက
  ခေါင်းလောင်းအဖြစ်နှင့် အောက်၌သာနေရ၏။

- အချစ်ကိုမရသဖြင့်
  အံကြိတ်ဒေါသထွက်နေစရာလည်းမလို၊
  မျက်ရည်ကျ ဝမ်းနည်းနေစရာလည်းမလိုပေ။
  အချစ်သည် ထိုက်တန်သော တစ်နေရာ၌
  အဆင်သင့်ပင် ရှိနေတတ်သည်။

- ဖြူစင်သော ချစ်ခြင်းမေတ္တာသည်
  အရောင်အဆင်းမရှိပေ။
  ပတ်ဝန်းကျင်မှဝင်ရောက်လာသော
  အခြားအရောင်အသွေးများနှင့် ရောမှသာ
  အရောင်ပြောင်းလဲသွားတတ်ပေသည်။

ဒဿနလက်ဆောင်

- ဘဝအခက်အခဲကို
  တစ်ရက်တည်းနှင့် ဖြေရှင်း၍မနိုင်လျှင်
  နှစ်ရက်ခွဲပြီး ဖြေရှင်းပါ။
  ချစ်သူမိတ်ဆွေတွေနဲ့ လက်တွဲဖော်ရဲ့ အကူအညီလည်း
  ယူရပါတယ်။

- အချစ်သည် အတွေးအားလုံးတို့ကို
  စိုးမိုးချုပ်ကိုင်နိုင်စွမ်း ရှိပါတယ်၊
  အချစ်ရဲ့ စက်ဝိုင်းဗဟိုရိုချက်တာ
  ပြန့်နှံ့လာသော အတွေးများကပင်
  အချစ်၏ သင်္ကေတများ ဖြစ်ပါတယ်။

- ဆင်းရဲခြင်း ချမ်းသာခြင်းတို့ကို
  ဖယ်ရှားပေးပြီး သာတူညီမျှဖြစ်စေကာ
  ချစ်ခြင်းမေတ္တာ တစ်ခုတည်းသာ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလင်္ကာဆောင်

- အချစ်ဆိုတဲ့မီးတောက်သေးငယ်စဉ်က
ပတ်ဝန်းကျင်ရဲ့ "လေ" ကငြိမ်းသတ်ပစ်နိုင်တယ်။
မီးတောက်ကြီးလာရင်တော့
လေကပါပံ့ပိုးပေးရတတ်ပါတယ်။
(လေတိုက်လေ မီးလောင်လေပါပဲ)

- စာအုပ်တွေမှာ တွေ့တဲ့အချစ်ဟာ
အချစ်စာမျက်နှာပဲ ဖြစ်ပါတယ်၊
ဘဝနှင့်ပတ်သက်သော အချစ်သည်သာ
ဘဝစာမျက်နှာများ ဖြစ်လာနိုင်ပါတယ်။

- လှေကို တက်မဖြင့် ထိန်းကျောင်းပေးရသည်။
ဘဝကို အသိပညာဖြင့် ပဲ့ကိုင်ပေးရသည်။
လှေအတွက် ရှေ့ဆက်ဖို့ ရွက်လိုပါလျှင်
ဘဝအတွက် ရှေ့ဆက်ဖို့ခံယူချက်လည်း လိုပါသည်။

# ဒဿနလင်္ကာဆောင်

- သဘော်ကို ကျောက်ဆောင်က လာတိုက်ခြင်းမဟုတ်ပါ၊
ကျောက်ဆောင်ကို သဘော်ကသာ
လာရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။
လှိုင်းပုတ်သောဒဏ်ကို ခံနိုင်သည့် ကျောက်ဆောင်သည်
သဘော်လာတိုက်သော်လည်း ဂရုစိုက်မည်မဟုတ်ပါချေ။

- ဘဝကို ပန်းတစ်ပွင့်နှင့် တင်စားလျှင်
အချစ်ကို ဝတ်ရည်ဖြင့် တင်စားသင့်ပါတယ်၊
ဝတ်ရည်မရှိသော ပန်းသည်
အချစ်မရှိသော ဘဝကဲ့သို့ ညှိုးနွမ်းခြောက်သွေ့လွယ်၏။

- ဘဝခရီးတွင်
မိမိအလိုခင်ဆုံးအရာကို ရွေးချယ်တတ်ဖို့က
အရေးကြီးပါသည်။
သို့သော် မိမိပေးဆပ်ရမည်ကိုသိဖို့က
ပို၍ပြီးအရေးကြီးဆုံး ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) မနောသုတေသီများနှင့် သရဲခြောက်သောအိမ်ကြီးများ

အခန်း(၂) နရဇီသခ်စံအိမ်မှ ဝိညာဉ်များ

အခန်း(၃) ဒေါက်တာမင်းထင်ကျော်နှင့် လှိုင်းမျက်နှာပြင်လမ်း

အခန်း(၄) အသက်နှင့်လောင်းကြေးထပ်သောအိမ်

အခန်း(၅) ဝိညာဉ်များနှင့်စကားပြောရခြင်း

အခန်း(၆) လူသတ်မှုနှင့် သဲလွန်စကွင်းဆက်များ

အခန်း(၇) လင်းနို့မိစ္ဆာနှင့် လူသတ်သမား

အခန်း(၈) အခွင့်အရေးပေးသော သေမင်း

အခန်း(၉) ဘဝခြားနေသော ဝိညာဉ်မေတ္တာ

အခန်း(၁၀) ရင်ခုန်စရာ အတွေ့စကလေးများ

အခန်း(၁၁) ဦးဝန်ကောင်းနှင့် ဆာဒူးမိစ္ဆာ

အခန်း(၁၂) တာကျိုက်ကျောက်လည်ဆွဲရတနာ

အခန်း(၁၃) ကလဲ့စားချေလိုသော ဝိညာဉ်များ

အခန်း(၁၄) အဘိဇ္ဈာမျက်စောင်းနှင့် အကုသိုလ်များ

အခန်း(၁၅) ဝဋ်ကြွေးပါသော အကုသိုလ်ကံ

အခန်း(၁၆) လှိုင်းမျက်နှာပြင်လမ်းမှ ပန်းခင်းလမ်း






# အခန်း [၁]

# မနောသုတေသီများနှင့် သရဲခြောက်သော အိမ်ကြီးများ

ကမ္ဘာပေါ်ရှိ နေရာအတော်များများတွင် တစ္ဆေသရဲခြောက်လှန့်မှုများနှင့်ပတ်သက်ပြီး အဖြစ်အပျက်ပေါင်းမြောက်များစွာ ရှိကြသည်။

သရဲအခြောက်ဆုံးနေရာများ၊ နန်းတော်များ၊ အိမ်ကြီးများ ရှိကြသည်။ သရဲအခြောက်ဆုံး နေရာများထဲ၌လည်း နန်း



www.burmeseclassic.com

www.burmeseclassic.com



တော်အိမ်ကြီးများ၊ တံတား၊ မီးပြတိုက်၊ ဘုတာရုံ၊ သစ်တောများ ပါသည်။ အများအားဖြင့်တော့ လန်ဒန်မြို့၌ရှိသော နန်းဝင်တော်နှင့် ရဲတိုက်ကြီးများမှာ တစ္ဆေသရဲ ခြောက်လှန့်မှု အများဆုံး နေရာများထဲတွင် ပါဝင်ကြလေသည်။

တစ္ဆေသရဲ ခြောက်လှန့်မှုများနှင့် ပတ်သက်ပြီး အထူးထင်ရှားသော နေရာမှာ လန်ဒန်မြို့လယ်မှ လန်ဒန်မျှော်စင်ဟု ခေါ်သော နန်းတော်ဟောင်းကြီးပင်ဖြစ်သည်။

ထိုနန်းတော်ကြီးတွင် ရှေးအခါက အပြစ်ရှိသော မင်းညီမင်းသားများကို ပေါက်ဆိန်ဖြင့် ခုတ်ပိုင်းသတ်ဖြတ်ခဲ့သည့် နေရာလည်းဖြစ်သည်။ စကော့တလန်၌ ၁၄-ရာစုခေတ်လောက်က တည်ဆောက်ခဲ့သော (Glamis Castle) နန်းတော်ကြီးမှာလည်း ကြောက်စရာအကောင်းဆုံး နန်းတော်ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။







နေထိုင်သည့်သူများ မိသားစုလိုက် သေဆုံးခဲ့ကြသဖြင့် နောက်ပိုင်းတွင် ညအိပ်နေထိုင်သူပင် မရှိကြတော့ပေ။

စကော့တလန်၌ ၁၆-ရာစုက ဆောက်ထားသော နန်းတော်ကြီးမှာလည်း ညစဉ်လိုလို အစိမ်းရောင်ဂါဝန် ဝတ်ဆင်ထားသော မိန်းမတစ်ယောက်၏ ခြောက်လှန့်မှုကြောင့် နေထိုင်သူ မရှိပေ။

ရှေးအခါကပင် ဘုရင့်ဆွေတော်မျိုးတော် တစ်ယောက်၏ မယားကြီး,မယားငယ်ပြဿနာဖြင့် ကျိန်စာသင့်ကာ မကျွတ်မလွတ်သည့်ဘဝမျိုး ရောက်နေရသူဖြစ်သည်။ သူမ၏နှောက်ယှက်မှုကြောင့် ထိုနန်းတော်၌ နေထိုင်သူတို့နှင့် ဘုရင့်ဆွေတော်မျိုးတော်တို့မှာ မည်သူတစ်ဦးတစ်ယောက်မှ ထီးနန်းစိုးစံဖို့ အခွင့်အရေး မရခဲ့ကြပေ။

(Glastonbury) ဘုရားကျောင်းမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ဆောက်ခဲ့သည့် အလွန်ရှေးကျသော အဆောက်အဦးတစ်ခုဖြစ်၏။ ထိုဘုရားကျောင်းသုသာန်၌ အာသာဘုရင်ကြီး၏ အလောင်းကို မြှုပ်နှံထားသည်။

ထိုကျောင်းတော်ကြီး၌ ရှေးဟောင်းသုတေသနပညာရှင် ဖရက်ဒရစ်ဘွန်းဆိုသူက တူးဖော်ရာတွင် ဝိညာဉ်များနှင့် ဆက်သွယ်ထားသော မှတ်တမ်းများတွေ့ရသည်။

၎င်းက ထိုမှတ်တမ်းများကို စာအုပ်အဖြစ်ရေးသားထုတ်ဝေရာ လူအများက စိတ်ဝင်စားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





နောက်ပိုင်း သက်ဆိုင်ရာက သိသောအခါ ထိုစာအုပ်များကို သိမ်းဆည်းခဲ့သည်။

ဖရက်ဒရစ်ဘွန်းက ဆက်လက်တူးဖော်ရန် ခွင့်တောင်းရာ ပြဿနာမျိုးစုံ ပေါ်လာနိုင်သောကြောင့် သက်ဆိုင်ရာရဟန်းတော်များက တားမြစ်ခဲ့ကြသည်။

ဖရက်ဒရစ်ဘွန်းကိုလည်း ဗြိတိန်နိုင်ငံ၌ ဆက်လက်မနေထိုင်ရန် ပြည်နှင်ဒဏ်ပေးခဲ့သည်။ မည်ကဲ့သို့သော လျှို့ဝှက်ချက်များ ရှိနေသည်ကိုတော့ မသိကြရတော့ပေ။

ထိုကဲ့သို့ပင် လန်ဒန်မြို့လည်မှာရှိသော အိမ်ကြီးအိမ်ကောင်းများလည်း ဝိညာဉ်အရိပ်များ တွေ့ရခြင်း၊ တစ္ဆေသရဲခြောက်လှန့်ခြင်းများကြောင့် လူနေထိုင်၍ မရနိုင်သော နေရာများစွာတို့ ရှိကြသည်။





၁၈၄၈-ခုနှစ်လောက်က ပဲရစ်မြို့တော်တွင် လူနေအိမ်တစ်အိမ်တွင် တစ္ဆေသရဲ ခြောက်လှန့်မှုကြောင့် လူအသေအပျောက်များ ရှိသဖြင့် ရဲနှင့်စစ်သားများ သွားရောက်စောင့်ပေးခဲ့ရသည်။

၎င်းတို့ ရှိနေသော အချိန်မှာပင် ကျောက်တုံးကျောက်ခဲကြီးများဖြင့် ပစ်ပေါက်ခြင်းခံရသဖြင့် ပြတင်းပေါက်၌ တပ်ဆင်ထားသော မှန်တံခါးများ ပျက်စီးကုန်သည်။

၁၉၇၇-ခုနှစ် ဩဂုတ်လနှင့် ၁၉၇၈-ခုနှစ် စက်တင်ဘာလများတွင် လန်ဒန်မြို့၌ရှိသော အိမ်တစ်အိမ်၌ လူနေ၍မရလောက်အောင် သောင်းကျန်းမှုများ ကြုံတွေ့ကြရလေသည်။

အိပ်နေသောသူများကို အပေါ်သို့ မ,တင်သွားပြီးနောက် အမြင့်ရောက်မှ ပစ်ချလိုက်ခြင်းဖြစ်သည်။

အထူးသဖြင့် ကျိန်စာတိုက်ထားသော အိမ်ကြီးများမှာ သေဆုံးသွားသူတို့ တိုက်ထားခဲ့သော ကျိန်စာအတိုင်း ဖြစ်လေ့ရှိသည်။

ခေါင်းဖြတ်အသတ်ခံရသဖြင့် သေဆုံးကာနီးတွင်. . .

"နေသောသူများ ခေါင်းဖြတ်အသတ်ခံရပါစေ"

ဟု ကျိန်စာတိုက်ထားလျှင် နေသူတိုင်းခေါင်းဖြတ်ပြီး သေဆုံးကြရသည်။

မြို့စွန်ဘက်မှာရှိသော အိမ်ကြီးတစ်လုံးဆိုလျှင် အတော်ပင်ကြီးမားခန့်ထည်ပြီး ဆောက်ထားပုံမှာလည်း ကောင်းလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအိမ်ကြီးတွင် နေထိုင်သော မိသားစုများမှာ တစ်ယောက်မဟုတ်တစ်ယောက် ခေါင်းပြတ်ကာသေဆုံးကြရသည်။

အကယ်၍ သေဆုံးပြီးမှ ဆက်နေလျှင် နောက်ထပ်တစ်ဦးမှာလည်းထိုကဲ့သို့ပင် သေကြေသဖြင့် နေဝံ့သူ မရှိတော့ပေ။

ထို့နောက် အခြားအရပ်ဒေသမှ လာရောက်သူတစ်ဦးက ထိုအိမ်ကြီးကိုဈေးပေါပေါနှင့် ရသဖြင့် ဝယ်ယူနေထိုင်လေသည်။

တစ်ညမှာတော့ အောက်မှစူးစူးဝါးဝါး အော်သံ ကြားရသဖြင့် လေးလံလှသော ပြတင်းမှန်တံခါးကြီးကို အပေါ်သို့ မ,တင်ထားပြီး ခေါင်းထွက်ပြီးအောက်သို့ ငုံ့ကြည့်သည်။ သူကြည့်နေစဉ် အပေါ်သို့ မတင်ထားသော မှန်တံခါးချပ်က သူ့အလိုလို ပြုတ်ကျလာသောကြောင့် စက်ဖြင့် ဖြတ်လိုက်သကဲ့သို့ ဖြစ်ကာ ဦးခေါင်းပြတ်သွားခဲ့လေသည်။

ထိုကဲ့သို့ပင် ကျိန်စာတိုက်ထားသည့်အတိုင်း ဖြစ်ပျက်လေ့ရှိသော အိမ်ကြီးများမှာ နေရာအနှံ့အပြား၌ ရှိကြလေသည်။

အင်္ဂလန်(ရှ်) ယာတောစံအိမ်ကြီးမှာ ပရလောကသားတို့ နှောက်ယှက်ခြင်း ခံနေရသည်ဟု နာမည်ကျော်သည့် စံအိမ်ကြီးဖြစ်သည်။

ထိုယာတောစံအိမ်ပိုင်ရှင်ဖြစ်သူ မစ္စတာ ကီး(လ)ဆိုသူ၏ ဖိတ်ကြားချက်အရ ထိုစံအိမ်ကြီး၏ ဖြစ်ရပ်မှန်များကိုစနစ်





တကျ လေ့လာသုတေသနပြုရန် မစ္စတာနန်ဒါဖွန့်ဒါနှင့် မစ္စစ်မော့(ဒ်)တို့သည် လန်ဒန်မြို့မှ ဆူးဆက်ပြည်နယ်သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ဦးနှင့်အတူ နာမည်ကျော် ဓါတ်ပုံသတင်းထောက်တစ်ဦးကိုလည်း သတင်းမှတ်တမ်းများမှတ်တမ်းတင်ရန် ခေါ်ယူလာခဲ့ကြသည်။

သူတို့မြင်းလှည်းသည် သစ်ပင်တန်းများကို လွန်မြောက်လာပြီးနောက် အင်္ဂလန်(ရှ်) ယာတောစံအိမ်ဝင်းကြီးအတွင်း ဝင်ရောက်လာခဲ့သည်။

အလယ်တည့်တည့်၌ ဆင်ဝင်ကြီးပါရှိသော ရောမအိမ်အိုကြီးတစ်လုံးကို ဝင်ခါနီးနေရောင်ခြည်၏ မှုန်ဝါးဝါး အလင်းရောင်အောက်တွင် တွေ့မြင်ရသည်။ ပြတင်းပေါက်များရှိသော နေရာမှတပါး အိမ်ကြီး၏နံရံများတွင် တိုင်ကပ်ပန်းများ ဖုံးလွှမ်းလျက်ရှိလေသည်။

ဆင်ဝင်ကြီးအောက်တွင် ပိန်ရှည်ရှည်နှင့် အစေအပါးဖြစ်ဟန်ရှိသူတစ်ယောက်က သူတို့သုံးဦးအား ဆီးကြိုနှုတ်ဆက်ပြီး ဧည့်ခန်းတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။

ဖွင့်ထားသောဧည့်ခန်းတံခါးပေါက်ဝရှိ မှေးမှိန်သောအလင်းရောင်အောက်တွင် အိမ်ရှင်မစ္စတာကီးလ်နှင့် မစ္စကီးလ်တို့က ဆီးကြိုနှုတ်ဆက်ခဲ့သည်။

အိမ်ကြီး၏ဧည့်ခန်းမှာ အလွန်ခမ်းနားကျယ်ဝန်းသော



www.burmeseclassic.com

www.burmeseclassic.com



ခန်းမကြီးဖြစ်ပြီး နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့သဖြင့် နံရံများမှာ ဟောင်းနွမ်းရင့်ရော်နေသည်ကို တွေ့ကြရသည်။

နန်ဒါဖွန်ဒါခေါင်းဆောင်သော မနောသုတေသီသုံးဦးသည် ဧည့်ခန်းတွင်းသို့ ဝင်ရောက်ခဲ့သည်နှင့် အေးစိမ့်နေသည့် ထူးခြားသောအတွေ့ကို ခံစားရသည်ဟု ဆိုကြသည်။

ဧည့်ခန်းဆောင်တွင် တငွေ့ငွေ့ မီးတောက်နေသည့် မီးလင်းဖိုကြီးကို တွေ့ကြရသော်လည်း သူတို့သုံးဦး၏ ခန္ဓာကိုယ်များသည် အေးမြထုံကျင်နေကြသည့်အလား ဖြစ်နေသည်။

ခရီးရှည် မြင်းလှည်းစီးခဲ့ရသဖြင့် ဤကဲ့သို့ ထုံကျင်နေကြသလော (သို့မဟုတ်) အက်(ရှ်)ယာတောစံအိမ်၏ ထူးခြားသော အတွေ့ခါတ်များကြောင့်လောဟူသည်မှာ ဖြေရှင်းရန်ခက်ပေသည်။

ဧည့်ခန်းရှိစားပွဲပေါ်တွင် မှန်အိမ်(လျှပ်စစ်မီးများ မရှိပါ) တစ်လုံးသာ တင်ထားပြီး ဧည့်ခန်းမှ အပေါ်ထပ်သို့တက်သော လှေခါးကြီးထောင့်တွင် မှန်အိမ်တစ်လုံး ချိတ်ဆွဲထား၏။ မီးအားကောင်းမွန်ခြင်းမရှိသဖြင့် လှေကားထစ်များကို မထင်မရှားမြင်နေရ၏။

အိမ်ရှင်ဖြစ်သူ၏မျက်နှာကို ကြည့်ရသည်မှာ နန်ဒါဖွန်ဒါခေါင်းဆောင်သော မနောသုတေသီများ ရောက်လာသဖြင့် စိတ်အားထက်သန်နေပုံရ၏။

ဧည့်သည်များ၏ ဝန်စည်စလွယ်များကို အိမ်စေတစ်ဦး





က နေရာချပြီးသည်နှင့် ညစာသုံးဆောင်စဉ်ဖြစ်စဉ်များကို အသေးစိတ်ပြောပြမည်ဟု အိမ်ရှင်မစ္စတာကီး(လ်)က ပြောဆိုခဲ့သည်။

နန်ဒါဖွန်ဒါနှင့် ခါတ်ပုံသတင်းထောက်တို့အား အပေါ်ထပ်ခန်းမကျယ်ဘေးရှိ အခန်းတွင် နေရာချထားပြီး စကြံန်တစ်ဖက်ရှိ အခန်းလွတ်တစ်ခန်းတွင် စာရေးဆရာမ မစ္စမော့(ဒ်)အား နေရာချထားပေးခဲ့သည်။

သူတို့သုံးဦးအား အိမ်ရှင်ဖြစ်သူ မစ္စတာကီး(လ်)က ထိုအိမ်ကြီး၏ သမိုင်းဖြစ်စဉ်ကိုရှင်းပြခဲ့၏။

ထိုအိမ်ကြီးကို ပိုင်ရှင်များထံမှ ၁၉၃၄-ခုနှစ်၊ ဇွန်လက မစ္စတာကီး(လ်)က ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ပထမတွင် ပိုင်ရှင်များသည် အိမ်ကြီးကို မစ္စတာကီး(လ်)တို့မိသားစု မျှော်မှန်းထားသည့် ဈေးထက် နှစ်ဆခန့် ကြီးမြင့်စွာဈေးခေါ်နေသဖြင့် ဝယ်ယူခြင်းမပြုရန် ဆုံးဖြတ်ထားခဲ့လေသည်။

သို့သော် ပိုင်ရှင်များသည် အိမ်အရောင်းအဝယ်ကိစ္စကို ဈေးဆစ်စကားပြောနေသည့်အချိန်ပိုင်းအတွင်း မစ္စတာကီး(လ်) မျှော်မှန်းထားသည်ထက် ဈေးနှုန်းကိုလျှော့ပေးခဲ့သဖြင့် ဝယ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အိမ်ကိုအဘယ်ကြောင့် လျှော့ရောင်းခဲ့သည်ကိုမူ မစ္စတာကီး(လ်)တို့ မိသားစုက နားမလည်ခဲ့ပေ။

အိမ်ကိုဝယ်ယူပြီးသည့်အခါမှ ပတ်ဝန်းကျင်ကို ထိုအိမ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း လေ့လာစုံစမ်းမှုများ ပြုသည့်အခါ ထူးဆန်းသောအသံများ၊ တံခါးခေါက်သံများကိုလည်းကောင်း၊ ဧည့်ခန်းမကြီးရှိ လှေကားပေါ်တွင် ပရလောကသားတို့ ခြောက်လှန့်လေ့ရှိသည်ဟူသော သတင်းများကို ကြားရသဖြင့် ကီး(လ်)တို့ မိသားစုသည် စိတ်အနှောက်အယှက် ဖြစ်ခဲ့ကြရသည်။

မစ္စတာကီး(လ်)တို့ မိသားစုမှာ လူနည်းသည်။ သူတို့ဇနီးမောင်နှံနှင့် ပက်အမည်ရှိ ၁၆-နှစ်အရွယ် သမီးငယ်တစ်ဦးသာရှိ၏။ ၎င်းတို့သုံးဦးမှာ အိမ်ကြီး၏ အပေါ်ထပ်အိပ်ခန်းများတွင် အိပ်ကြသည်။

အိမ်စေအမျိုးသမီးနှစ်ဦးမှာ မီးဖိုခန်းနှင့် ကပ်လျက်ရှိသည့် အခန်းလွတ်တွင်အိပ်ကြ၏။ အမျိုးသား အိမ်စေတစ်ဦးမှာမူ အိမ်ကြီး၏ နောက်ဖက်အခန်းလွတ်တစ်ခန်းတွင် အိပ်သည်ဟုဆိုသည်။

အိမ်ရှင်ဇနီးမောင်နှံနှင့် မနောသုတေသီ နန်ဒါဖွန်ဒါတို့သုံးယောက်သည် ညစာစားသောက်ရင်း အက်(ရှ်)စံအိမ်ကြီး၏ ဖြစ်ရပ်ဆန်းများကို ပြောပြကြ၏။

မစ္စတာကီး(လ်)သည် တစ္ဆေကို ယုံကြည်သူ မဟုတ်ပေ။ တစ္ဆေဆိုသည်မှာ ခိုများ၊ ကြွက်များ၊ အိမ်အမိုးများပေါ်သို့ သစ်ကိုင်းများ ကျိုးကျသဖြင့် ထွက်ပေါ်လာသော အသံများကို လူတို့ ချဲ့ထွင်၍ ပြောဆိုခဲ့ခြင်းဖြစ်သည်ဟု ထင်မှတ်ခဲ့သူဖြစ်သည်။

သူတို့မိသားစု ထိုစံအိမ်ကြီးသို့ ပြောင်းရွှေ့လာသည့်





ညမှာပင် ထူးဆန်းသောဖြစ်ရပ်နှင့် ကြုံတွေ့ရသည်။

အိမ်ဖော်မကလေးများအိပ်သော အခန်းတံခါးအား တစ်စုံတစ်ယောက် လာရောက်ထုသံ၊ နှက်သံ၊ ထိုအခန်းဝရှိ ကြမ်းပြင်ပေါ်သို့ လေးလံသည့် အရာဝတ္ထုကျလာသော အသံများကို စ၍ကြားရသဖြင့် အိမ်ဖော်မလေးနှစ်ဦးတို့ အခန်းတွင် ဆက်လက်အိပ်ခြင်း မပြုဝံ့တော့ပဲ အိမ်အပေါ်ထပ် မစ္စတာကီး(လ်)တို့ အိပ်ခန်းရှေ့စင်္ကြံတွင် လာရောက်အိပ်ခဲ့ကြရ၏။

နောက်တစ်နေ့တွင်မူ အိမ်ဖော်မလေးနှစ်ယောက်မှာ ထိုစံအိမ်တော်ကြီးတွင် ဆက်လက်နေထိုင်ဝံ့ခြင်းမရှိတော့သဖြင့် နေရပ်သို့ ပြန်သွားခဲ့ကြသည်။

နောက်နေ့တွင်မူ တံခါးထုသံ၊ ရိုက်သံများမှာ ပိုမိုပြင်းထန်လာခဲ့ပြီး ဧည့်ခန်းမကြီးအနီးရှိ လှေကားပေါ်သို့ လူတစ်ယောက်ဆင်းလာသည့် ခြေသံ။ တစ်ခါတစ်ရံ လှေကားပေါ်သို့ လူတစ်ယောက်တက်လာသည့် ခြေသံ စသည်တို့ကိုကြားရ၏။

မစ္စတာကီး(လ်)၏ သမီးငယ်'ပက်' အိပ်နေသည့် အိပ်ခန်းရှိ ကုတင်၊ စာကြည့်စားပွဲ၊ ကုလားထိုင်များကို သွက်သွက်ခါအောင်လှုပ်ခြင်း၊ ခေါင်းအုံးနှင့် စောင်များကို တစ်စုံတစ်ယောက်က ဆွဲယူသကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း ပြုလုပ်လာခဲ့၏။

မစ္စတာကီး(လ်) အိပ်နေသည့် အိပ်ခန်းအား တစ်စုံတစ်ယောက်သည် ပြင်းပြင်းထန်ထန် သုံးကြိမ် လာရောက်ထုနှက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပက်မွေးထားသော ခွေးငယ်ကလေးမှာ တစ်စုံတစ်ယောက်ကိုမြင်သဖြင့် ကြောက်ရွံ့သည့်ဟန်ဖြင့် မကြာခဏ ဟောင်နေသောကြောင့် ထိုခွေးကလေးအား မစ္စကီး(လ်)၏ အိပ်ခန်းအတွင်းသို့ ခေတ္တခေါ်ယူထားခဲ့ရသည်။

ထိုကဲ့သို့သောဖြစ်ရပ်များကို နေ့စဉ်ရက်ဆက်ကြုံတွေ့ရသဖြင့် မစ္စတာကီး(လ်)တို့မိသားစုမှာ ထိုဖြစ်ရပ်များသည် မိမိတို့၏ စိတ်အထင်သက်သက် သို့မဟုတ် စိတ်အာရုံထင်ခြင်း မဖြစ်နိုင်ဟု ယူဆလာခဲ့ကြသည်။

ထူးခြားမှုတစ်ခုမှာ နေ့စဉ်နံနက် ၃-နာရီတိတိ၌ မစ္စတာကီး(လ်)၏ အိပ်ခန်းတံခါးကို သုံးကြိမ်တိတိ ကျယ်ကျယ်လောင်လောင် လာရောက်၍ ခေါက်ခြင်းဖြစ်သည်။

ဤကဲ့သို့ နေ့စဉ်ရက်ဆက် ကြုံတွေ့လာရာမှ ညတစ်ည၌ အလွန်ထူးဆန်းသောဖြစ်စဉ်ကို ကြုံတွေ့ခဲ့ရသည်။

ထိုနေ့နံနက် ၃-နာရီတိတိ၌ တဒုန်းဒုန်း တံခါးထုသံကြောင့် မစ္စတာကီး(လ်)အိပ်ရာမှ နိုးလာသဖြင့် တံခါးကိုဖွင့်လိုက်သည်နှင့် ဧည့်ခန်းလှေကားကြီးထိပ်တွင် ဝတ်စုံအစိမ်းကို ဝတ်ဆင်ထားပြီး လည်ပင်းတွင် လက်ကိုင်ပုဝါတစ်ထည်ကို ချည်နှောင်ထားသည့် အဘိုးအိုတစ်ဦးကို မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။ တွေ့ရသည့် အချိန်ပိုင်းမှာ ၃-မိနစ်ခန့် ကြာမြင့်သည်ဟု ဆိုသည်။

မစ္စတာကီး(လ်)သည်လည်း နောက်တစ်နေ့ ညနေစောင်း နေဝင်ချိန်တွင် မစ္စတာကီး(လ်)မြင်တွေ့ခဲ့ရသည့် အဘိုးအိုကို လှေကားထိပ်တွင် တွေ့မြင်ရသဖြင့် မူးမေ့သွားသည်အထိ ဖြစ်ခဲ့ရသည်။

သို့ဖြစ်၍ မနောသုတေသီ နန်ဒါဖွန်ဒါတို့ အဖွဲ့အား စစ်ဆေးသုတေသန ပြုပေးရန် မစ္စတာကီး(လ်)က ဖိတ်ခေါ်ခြင်း ဖြစ်သည်ဟု ဆိုသည်။

နန်ဒါဖွန်ဒါတို့အဖို့ အက်(ရှ်)ယာတောစံအိမ်တော်ကဲ့သို့ ဖြစ်ရပ်ဆန်းများကို မကြာခဏကြုံတွေ့ဖူးသဖြင့် အဆန်းတကြယ် မဖြစ်လှပေ။

သူတို့သုံးဦး ပထမဆုံး တည်းခိုသည့်နေ့တွင်မူ တစ်စုံတစ်ရာ ဆန်းဆန်းပြားပြားဖြစ်ရပ်နှင့် ကြုံတွေ့ရခြင်းမရှိသဖြင့် မစ္စတာကီး(လ်)တို့ ပြောပြသည့်ဖြစ်ရပ်သည် စိတ်အာရုံထင်ခြင်းများသာ ဖြစ်နိုင်သည်ဟု ထင်မိခဲ့ကြသည်။

သို့သော်နောက်နေ့ညဉ့်များတွင်မူ ထုသံ၊ ရိုက်သံ၊ တံခါးခေါက်သံများ၊ လေးလံသောပစ္စည်းများ လဲကျသည့် အသံများကို ကြားကြရသည်။ နန်ဒါဖွန်ဒါတို့ သုံးဦးသည် စကြံန်သို့ထွက်၍ ဓါတ်ပုံရိုက်ကူးရန်၊ ဆူညံသည့် အသံများကို အသံသွင်းကြိုးခွေဖြင့် သွင်းယူရန် ကြိုးပမ်းခဲ့ကြသည်။

စာရေးဆရာမ မစ္စမော့(ဒ်)သည် ပရလောကသားနိုသည်မှာ အများထင်သကဲ့သို့ ကိုးရိုးကားယား ခြုံထည်ကြီးများကို ဝတ်ဆင်၍ အရုပ်ဆိုး၊ အကျည်းတန်၊ အနံ့အသက်မကောင်းဟု







www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မိခဲ့သည်။

သူမကိုယ်တိုင် မစ္စတာကီး(လ်)မြင်သည့် အဘိုးအိုကို မိနစ်ပိုင်းမြင်လိုက်ရသည့်အခါ အံ့ဩသွားရသည်ဟု ဆိုသည်။ တွေ့မြင်ရသည်မှာ ရုပ်ပုံနှင့်မတူပဲ သာမန်လူသားရုပ်သာ ဖြစ်နေသဖြင့် ပို၍အံ့ဩခဲ့ရသည်ဟု ဆိုသည်။

၎င်းတို့၏ ကိုယ်တွေ့ဖြစ်ရပ်များကို နန်ဒါဖွန်ဒါသည် မနောသုတေသနဂျာနယ်တွင် ရေးသားခဲ့သည်။ မစ္စစ်မော့(ဒ်)က မူ သူမ၏ ဖြစ်ရပ်မှန်ဝိညာဉ်လောက (True Ghost Stories) တွင် ရေးသားခဲ့၏။

ဗြိတိသျှ မနောသုတေသီတို့ကမူ ထိုဖြစ်စဉ်မှာ အတိတ်မှဖြစ်ရပ်များ အာရုံထင်ခြင်းသာ ဖြစ်သည်။

လူတို့ကွယ်လွန်ပြီးနောက် ကြွင်းကျန်ရစ်သည့် စိတ်စွမ်းအင် (Eather) တို့သည် သူတို့ စွဲလန်းနေသည့် နေရာများတွင် ထင်ကျန်ရစ်လေ့ရှိ၏။

နန်ဒါဖွန်ဒါနှင့် မစ္စမော့(ဒ်)တို့ကဲ့သို့ စိတ်အာရုံနိုးကြွသူများအဖို့ အတိတ်မှ ဖြစ်ရပ်အာရုံ များလာသည့်အတွက် မြင်ကွင်းများ ပေါ်လာခြင်းဖြစ်သည်ဟု ရှင်းလင်းခဲ့သည်။

မစ္စတာကီး(လ်)တို့ မိသားစုကမူ ထိုအိမ်ကြီးတွင်ဆက်လက်နေထိုင်ခြင်းမပြုတော့ပဲ ပြောင်းရွှေ့သွားခဲ့ပေသည်။

တကယ်တော့ ထိုကဲ့သို့သော အိမ်ကြီးများမှာ နေရာအနှံ့အပြား၌ ရှိခဲ့ပေသည်။





ထိုသို့သော အကြောင်းများကို ဗြိတိသျှမနောသုတေသနအသင်းကြီးမှ လိုက်လံစုံစမ်းကာ သုတေသနပြုလုပ်ခဲ့ကြလေသည်။

ထိုကဲ့သို့သော အိမ်ကြီးများနှင့် ပတ်သက်သူများကလည်း မနောသုတေသနအသင်းကြီးသို့ ဆက်သွယ်အကူအညီတောင်းကြသည်မျိုးလည်းရှိ၏။ ထိုအခါမျိုးတွင် တကူးတကသွားရောက်စုံစမ်းပေးရသည်မျိုးလည်း ရှိပေသည်။

အများအားဖြင့်တော့ ၎င်းတို့ သွားရောက်လေ့လာရသော အိမ်ကြီးများမှာ သရဲတစ္ဆေခြောက်လှန့်သော အိမ်များအပြင် ပူဇ္ဇာကတိုက်သော အိမ်များကိုတွေ့ရလေသည်။

ထိုအဖြစ်အပျက်များမှာ အများအားဖြင့်တော့ မကျွတ်မလွတ်သေးသော ဝိညာဉ်များကြောင့်ပင် ဖြစ်ပေသည်။

ကမ္ဘာ့နေရာ အနှံ့အပြားတွင် သရဲတစ္ဆေ ခြောက်လှန့်သော ပူဇ္ဇာကတိုက်သော အိမ်ကြီးများ ရှိသလို နေထိုင်သူတို့ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြသော အိမ်ကြီးတစ်လုံးလည်း ရှိပေသည်။

စစ်ပြီးစအချိန်ကာလလောက်က စစ်တွေ့ဘက်၌ ရှိခဲ့ဖူးသော နရကသိမ်ခ်စံအိမ်ကြီးပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း [၂]

# နရက်ကီသခ်စံအိမ်မှ ဝိညာဉ်များ

ရက်ကီသခ်စံအိမ်ကြီးမှာ ရှေးနှစ်ပေါင်း များစွာကတည်းက စစ်တွေမြို့ ကမ်းနားဘက်တစ်နေရာတွင် ရှိခဲ့လေသည်။

အချိန်ကာလမှာ ၁၉၅၀-ခုနှစ်ဝန်းကျင်အချိန်ဖြစ်သောကြောင့် စစ်တွေမြို့မှာ စည်စည်ကားကားမရှိလှသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် စစ်ကြိုခေတ်က တစ်မြို့လုံး မီးလောင်ပျက်စီးသွားခဲ့သောကြောင့် ဖြစ်သည်။

စစ်တွေမြို့သည် ဗြိတိသျှခေတ်တွင် လူဦးရေ အများဆုံး မြို့ကြီးတစ်မြို့ ဖြစ်ခဲ့သည်။ အောက်မြန်မာပြည်တွင် လူဦးရေ အများဆုံးနေထိုင်သော မြို့များထဲတွင် တတိယရှိပြီး မြန်မာတစ်ပြည်လုံး လူဦးရေအများဆုံး မြို့များတွင် စတုတ္ထနေရာတွင် ရှိခဲ့လေသည်။

(ယခုကာလမှာတော့ ဧရာဝတီတိုင်းဒေသကြီးမှာ လူဦးရေ အများဆုံးရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့က လူဦးရေ အများဆုံး ရှိကြသည်။)

စစ်တွေမြို့သည် ၁၈၇၀-ခုနှစ်မှ ၁၉၇၀-ခုနှစ်အထိ နှစ်တစ်ရာ အချိန်ကာလအတွင်းတွင် လာရောက်နေထိုင်သူ များစွာ ရှိခဲ့လေသည်။

ထိုသို့များပြားရခြင်းမှာ ဒေသခံများချည်းမဟုတ်ကြပဲ ဘင်္ဂလားနယ်ဘက်မှ လာရောက်နေထိုင်ကြသူများနှင့် အိန္ဒိယနယ်ဘက်မှ ခိုးဝင်ပြီး လာရောက်နေထိုင်ကြသူတို့ကြောင့် လူဦးရေ များပြားရခြင်းဖြစ်ပေ၏။

သို့သော်လည်း စစ်တွေမြို့သည် စစ်ဘေးစစ်ဒဏ်များ ခံရခြင်း၊ မီးဘေး၊ လေဘေး၊ ရေဘေးအန္တရာယ်များကြောင့် ပျက်စီးမှု များခဲ့သောကြောင့် စည်ကားမှုတော့ သိပ်မရှိပေ။





စစ်ကြိုခေတ်က တစ်မြို့လုံးနီးပါး အိမ်များ မီးလောင်ပျက်စီးသွားခဲ့သည်။ နေထိုင်ကြသူတို့မှာလည်း ရသမျှပစ္စည်းများကို သယ်ဆောင်ယူကာ အခြားအရပ်ဒေသများသို့ ရွှေ့ပြောင်းသွားကြလေသည်။

စစ်ဘေးကာလအတွင်း ၂-နှစ်ကျော်အချိန်ကာလအထိ စစ်တွေမြို့တွင်း၌ နေထိုင်မည့်သူမရှိပဲ တစပြင်သဖွယ် ရှိခဲ့လေသည်။ တစ်မြို့လုံး မီးလောင်ဒဏ်ခံထားရသော အိမ်ပျက်၊ အဆောက်အဦးပျက်များ၊ တိုက်အိုကြီးများ၊ တိုက်ဆွေးတိုက်ပျက်များသာ ရှိကြလေသည်။

စစ်ကာလပြီးသွားသော ၁၉၄၇-ခုနှစ် နောက်ပိုင်းရောက်တော့မှ လက်လုပ်လက်စား အရပ်သားများ ပြန်ရောက်လာကြပြီး ပြန်လည်နေထိုင်လာကြသည်။

မူလနေရာဟောင်းများကို ပြန်လည်မပြုပြင်နိုင်ကြပဲ အပြိုအပျက်များကြားမှာသာ တဲအိမ်များ ဆောက်လုပ်နေလာကြသည်။ ၁၉၅၀-ခုနှစ်လောက်ရောက်တော့မှ တဲအိမ်များကြားတွင် ပျဉ်ထောင်အိမ်အချို့နှင့် တိုက်တာအိုးအိမ်အချို့ ပေါ်ပေါက်လာခြင်းဖြစ်၏။

နောက်ပိုင်းမှာတော့ ဆိတ်ရိုးကျချောင်းတစ်လျှောက်နှင့် ဈေးကြီးရှိသောနေရာတွင် လူနေထိုင်မှု ပိုမိုများပြားလာသည်။ ကုလားတန်မြစ်ကမ်းပါးနှင့် မောလိပ်၊ ဒိုးတန်း၊ မိဇ္ဈိမ ရှုပ စသောရွာများ ပေါ်ပေါက်လာပြီး လာရောက်နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် လက်လုပ်လက်စားဦးရေ ပိုမိုများပြားလာလေတော့သည်။

စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာသည်။ မြို့တောင်ဘက်မှာတော့ လူဦးရေသိပ်မများပဲ ငွေကြေးချမ်းသာသူတို့သာ သီးခြားနေထိုင်ကြခြင်းဖြစ်၏။

စစ်ဘေးစစ်ဒါဏ်များ ပြီးသွားသောအခါ စစ်တွေမြို့တွင် လာရောက်နေထိုင်သူများ ရှိနေပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

စစ်တွေမြို့ တောင်ဘက်ပိုင်းတကြောမှာတော့ နေထိုင်သူ သိပ်မများသေးပေ။

ထိုအချိန်ကာလကပင် တောင်ကုန်းတစ်ခုပေါ်တွင် ထီးထီးမားမားတည်ဆောက်ထားသော နရဏီသခ်ံစံအိမ်တော်ကြီးက တည်ရှိနေခဲ့သည်။

ရှေးနှစ်ပေါင်းများစွာကတည်းက တည်ဆောက်ထားခဲ့ခြင်းဖြစ်ပြီး စစ်ကာလအတွင်းမှာတော့ မူလပိုင်ရှင်များက ဘင်္ဂလားဘက်သို့ ပြန်သွားခဲ့သောကြောင့် နေထိုင်မည့်သူမရှိပဲ နောက်ပိုင်း အင်္ဂလိပ်စစ်ဗိုလ်နှင့် အရာရှိများ လာရောက်နေထိုင်ကြသည့် ဗိုလ်တဲရိပ်သာ ဖြစ်ခဲ့လေသည်။

အင်္ဂလိပ်များ ပြေးရပြီး ဂျပန်ခေတ်ရောက်သောအခါမှာတော့ ဂျပန်ကင်ပေတိုင်ရုံးအဖြစ် အသုံးပြုခဲ့ကြသည်။ စစ်သုံ့ပန်းများနှင့် အကျဉ်းသား အတော်များများတို့ကို စစ်ဆေးသုတ်သင်သော နေရာလည်း ဖြစ်ခဲ့သည်။





မြန်မာနိုင်ငံ လွတ်လပ်ရေး ရကာစအချိန်ကာလအထိ ထိုအိမ်ကြီးမှာ လာရောက်နေထိုင်ဝံ့သူမရှိပဲ ဒီအတိုင်းပင် ရှိခဲ့လေသည်။

ထိုအိမ်ကြီးမှာ တောင်ကုန်းအမြင့်ပေါ်၌တည်ဆောက်ထားသောကြောင့် ပင်လယ်ထဲတွင်ခရီးသွားလာနေသူများက အဝေးမှပင် လှမ်းမြင်ကြရသည်။

နရဏီသခ်ံစံအိမ်တော်ကြီးရှိသောနေရာမှာ စစ်တွေမြို့တောင်ဘက်စွန်းဘက်၌ရှိသော "ဗုဒ္ဓါမော်"(ဗုဒ္ဓမော်)နှင့်လည်း မဝေးလှပေ။

ညဘက် ပင်လယ်ကမ်းခြေတစ်ဝိုက်တွင် သားငါးရှာဖွေနေကြသူများမှာ ထိုနေရာသို့ရောက်လျှင် လူမနေသော အိမ်ကြီးမှ မီးရောင်များ မြင်ရခြင်း၊ ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ဟစ်အကူအညီတောင်းနေသော အသံများကို ကြားကြရသည်။

တွေ့စကြားစကတော့ ကြောက်လန့်ကြသည်။

နောက်တော့လည်းသူတို့အတွက် မထူးဆန်းတော့ပဲ တွေ့နေကျ ကြားနေကျကဲ့သို့ ရိုးသွားကြတော့သည်။

၁၉၅၀-ခုနှစ်လောက်ရောက်တော့ နရဏီသခ်ံစံအိမ်ကြီးသို့ မိသားစုတစ်စု ပြောင်းရွှေ့လာပြီးနေထိုင်ကြသည်။ ဘယ်လိုအဆက်အသွယ်မျိုးဖြင့် ရောက်လာပြီး နေထိုင်ကြသည်ကိုတော့ ပတ်ဝန်းကျင်က စိတ်မဝင်စားကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးသို့ ပြောင်းရွှေ့လာသော မိသားစုများမှာ ရခိုင်သွေးပါသူများဖြစ်ပြီး မိသားစုကမ်းများသည်။

ထိုအိမ်ကြီး၏ အရှင်သခင်မှာ ဦးမောင်လွင်ဆိုသူဖြစ်သည်။ ၎င်းသည် အသက်-၆၃ကျော်ဝန်းကျင် အရွယ်ခန့်ရှိပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။

၎င်းသည် ဆန်စပါးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများဖြင့် ချမ်းသာကြွယ်ဝနေသူဖြစ်သည်။

ရန်ကုန်မြို့၌ရှိသော 'ဂရင်းဒလေဘဏ်'ကြီးတွင် ငွေအမြောက်အမြား အပ်နှံထားသည်။ ထို့ပြင် စုဆောင်းထားသော ရွှေတုံးများကိုလည်း ထိုဘဏ်မှာ သမီးဖြစ်သူ ခင်မျိုးနွယ်နာမည်ဖြင့် ထားသည်။

စာချုပ်စာတမ်းများကို ရှေ့နေဖြစ်သူထံ၌ပင့်ထားသည်။ စာချုပ်တွင်ရေးသားထားသော အချက်များကိုတော့ မည်သူကိုမှ အသိမပေးဘဲ လျှို့ဝှက်ထားလေသည်။

ဦးမောင်လွင်သည် ဘင်္ဂလားဒေ့ရှ်ဘက်မှလာသော ရခိုင်လူမျိုးတစ်ဦး ဖြစ်သောကြောင့် စီးပွားရေးလုပ်ရာတွင် လာဘ်မြင်ရုံမကပဲ စေ့စပ်သေချာသူတစ်ဦးလည်းဖြစ်သည်။

ဦးမောင်လွင်တွင် ဇနီးဖြစ်သူ ဒေါ်ခိုင်ဦးနှင့် သမီးဖြစ်သူ ခင်မျိုးနွယ်တို့ ရှိသည်။ ခင်မျိုးနွယ်က အသက် ၂၅-နှစ် အရွယ်ခန့်ရှိပြီး မျက်လုံးမျက်ခုံးကောင်းကောင်းဖြင့် လှပချောမောသူဖြစ်သည်။





သူမသည်ဖခင်ဖြစ်သူ ဦးမောင်လွင်၏ စာရင်းဇယားတို့နှင့် ငွေစာရင်းတို့ကို ကိုင်တွယ်ထိန်းသိမ်းရသူဖြစ်သည်။

ဦးမောင်လွင်၏ အမွေများကို ဆက်ခံခွင့်ရမည့် တစ်ဦးတည်းသော သမီးဖြစ်သလို ဖခင်ဖြစ်သူလုပ်ငန်းများအတွက် အတွင်းရေးမှူးတစ်ယောက် ဆိုပါကလည်း မမှားပေ။

ဦးမောင်လွင်၏ ဇနီးဖြစ်သူ ဒေါ်ခိုင်ခိုင်ဦးမှာ အသက် ၅၀ကျော်အရွယ်သာ ရှိသေးသော်လည်း ကျန်းမာရေး သိပ်မကောင်းလှပေ။

ဦးမောင်လွင်အနေဖြင့် နရဏီသခ်ိစံအိမ်ကို နှစ်သက်သဘောကျသဖြင့် သက်ဆိုင်သူများထံမှ သင့်တော်သောဈေးဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က စစ်ဘေးစစ်ဒဏ်များ နှိပ်စက်မှုကြောင့် စီးပွားရေး ကျဆင်းမှုများ၊ ငွေကြေးကပ်ဘေးများနှင့် ကြုံတွေ့နေရသော အချိန်ဖြစ်ပေသည်။

ထိုအချိန်က စစ်တွေမြို့လိုနေရာမျိုးတွင် ငွေကြေးသင့်တော်သလောက် ပေးရုံဖြင့် ကြိုက်နှစ်သက်သောနေရာကို ရနိုင်သော အခြေအနေမျိုး ဖြစ်၏။

ဦးမောင်လွင်က အခြားနေရာများကို မရွေးပဲ နရဏီသခ်ိစံအိမ်ကိုရွေးရခြင်းမှာ အကြောင်းအမျိုးမျိုး ရှိသည်။

ပထမအချက်က ပင်လယ်ကမ်းခြေနှင့် နီးသောကြောင့်ဖြစ်သည်။ နောက်တစ်ချက်ကတော့ ကျယ်ဝန်းပြီး မိသားစုများနေနိုင်သောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မိသားစုမှာ သုံးယောက်သာ ရှိသော်လည်း ၎င်းနှင့်အတူနေထိုင်ကြသော ဆွေမျိုးသားချင်း မိသားစုများ ရှိကြသည်။ ၎င်းတို့သည် နရဏီသခ်ိစံအိမ်ကြီး၏ တရားဝင်မိသားစုများ ဖြစ်ကြသည်။

ရှေ့တွင်ကြုံတွေ့ကြရမည့် ကြောက်စရာကောင်းသော အဖြစ်အပျက်တို့ကို မရေးသားမီ နရဏီသခ်ိစံအိမ်၌နေကြသူများအကြောင်းကို ဖော်ပြပေးပါမည်။

ဦးစွာဖော်ပြပေးရမည့်သူမှာ ဦးမင်းဒင်ဖြစ်၏။ ဦးမင်းဒင်က အသက်-၅၀ကျော်အရွယ်ခန့်ရှိပြီး ဦးမောင်လွင်နှင့် ညီအစ်ကိုတော်သူဖြစ်၏။ ဦးမင်းဒင်က ဦးမောင်လွင်၏ စီးပွားရေးလုပ်ငန်းများကို ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပြီး ရှေးအခါကပင် ဦးမောင်လွင်တို့ မိသားစုနှင့် အတူတကွပူးပေါင်းနေထိုင်သူဖြစ်၏။

ဦးမောင်လွင်က မိမိတို့ အရပ်ဒေသ၌မဟုတ်ပဲ အခြားအရပ်ဒေသ၌ လာရောက်နေထိုင်ရသောအခါ အစစအရာရာ ညီဖြစ်သူ ဦးမင်းဒင်ကိုပင် အားကိုးအားထားပြုကာ နေထိုင်လေသည်။

ဦးမင်းဒင်မှာ တစ်ဦးတည်းမဟုတ်ပဲ မိသားစုရှိသည်။ ဇနီးဖြစ်သူ သေဆုံးသွားခဲ့ပြီးနောက် သားတစ်ယောက် သမီးတစ်ယောက် ကျန်ခဲ့သည်။

သမီးဖြစ်သူက ခင်မျိုးသွယ်ဖြစ်ပြီး အသက်-၃၀ ဝန်း





ကျင်ရှိနေလေသည်။ ၎င်း၏ယောက်ျားမှာ ဦးကျော့ဝေဆိုသော ငွေကြေးချမ်းသာသူ ဖြစ်၏။

ဦးကျော့ဝေမှာ အရပ်တကာလှည့်ပြီး စီးပွားရေး လုပ်နေသူဖြစ်သည်။ မိသားစုများက နယ်မြို့တစ်မြို့တွင်နေထိုင်ပြီး ငွေကြေးချမ်းသာကြသူများ ဖြစ်သည်။

တကယ်တော့ ဦးကျော့ဝေမှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သောကြောင့်သာ 'ဦး'တပ်ခေါ်နေရသော်လည်း အသက်-၃၀ကျော်အရွယ်ခန့်သာ ရှိသည်။

ဦးကျော့ဝေမှာ မိသားစုများများမရှိပဲ မောင်နှမနှစ်ဦးသာ ရှိသည်။ နောက်တော့ ဦးကျော့ဝေ မိဘများမှာ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားခဲ့ကြသည်။

ထိုသို့သေဆုံးသွားပြီးနောက် မိဘများ၏ကျန်ခဲ့သော ပစ္စည်းများကို ထုခွဲရောင်းချပြီး မောင်နှမနှစ်ယောက် အမွေခွဲယူကြရာ အတော်ပင်ရလိုက်သည်။

မိဘများမရှိတော့သောအခါ ဦးကျော့ဝေက ခင်မျိုးသွယ်နှင့်ပင် လာရောက်နေထိုင်လေသည်။ ဒါက ခင်မျိုးသွယ်နှင့် သက်ဆိုင်သည့် မိသားစုအကြောင်းဖြစ်သည်။

ဦးမင်းဒင်မှာ ဇနီးဖြစ်သူ သေဆုံးသွားပြီးနောက်တွင် ခင်မျိုးသွယ်အပြင် သားတစ်ယောက် ရှိသေးသည်။

ထွန်းအောင်ခိုင်ဖြစ်ပြီး အသက်-၂၅နှစ် ဝန်းကျင်ခန့်သာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်ခိုင်က ငွေကြေးပြည့်စုံသော မိသားစုအသိုင်းအဝန်းတွင် နေရသူဖြစ်သဖြင့် မည်သည့်အလုပ်မှ မယ်မယ်ရရ မလုပ်ပေ။ နရဏီသခ်စံအိမ်ကြီး ရောက်လာပြီးနောက်ပိုင်းတွင် စစ်တွေတစ်မြို့လုံးက သူဌေးသားတစ်ယောက်ကို စိတ်ဝင်စားကြသည်။

အမျိုးသမီး အဲတော်များများကလည်း ရုပ်ရည်ချောမောပြီး ငွေကြေးသုံးစွဲနိုင်သော ထွန်းအောင်ခိုင်ကို စိတ်ဝင်စားကြသည်။

ထိုမိန်းကလေးများထဲမှ မြို့ပေါ်တွင် အချမ်းသာဆုံးစာရင်းဝင်ဖြစ်သော ဆန်စက်သူဌေးတစ်ဦး၏ သမီးဖြစ်သူမေရီကျော်ကို ရအောင်ယူခဲ့လေသည်။

၎င်းတို့မင်္ဂလာဆောင်တော့ မေရီကျော်မိဘများက သူမအတွက်တန်ဖိုးကြီးလှသော စိန်တစ်ဆင်စာ လက်ဖွဲ့ပေးလိုက်သည်။ ထိုစိန်တစ်ဆင်စာကိုတော့ မိဘများ အမွေဖြစ်သောကြောင့် မေရီကျော်က ကောင်းမွန်စွာ သိမ်းထားလေသည်။

ဒါက ဦးမင်းဒင်နှင့် သက်ဆိုင်သော မိသားစုများ အကြောင်းပင်ဖြစ်၏။ ခင်မျိုးသွယ်နှင့် ထွန်းအောင်ခိုင်တို့မှာလည်း အိမ်ထောင်ကျခဲ့ကြပြီးနောက်မှာပင် အခြားသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်းမပြုပဲ နရဏီသခ်စံအိမ်ကြီး၌ပင် ပူးပေါင်းနေထိုင်ကြသည်။

အိမ်ကြီးမှာ နှစ်ထပ်ဖြစ်ပြီး ကျယ်ဝန်းလှသောကြောင့်





မိမိတို့အခန်းများဖြင့် သီးခြားနေထိုင်ကြသည်။

ဦးမောင်လွင်၊ ဒေါ်ခိုင်ဦးနှင့် သမီးဖြစ်သူ ခင်မျိုးနွယ်တို့က အပေါ်ထပ်၌ နေကြသည်။

ယခင်ကတည်းက ကျန်းမာရေး သိပ်မကောင်းလှသော ဒေါ်ခိုင်ဦးမှာ နရဏီသခ်စံအိမ်ကြီးသို့ ရွှေ့ပြောင်းလာပြီးနောက် အခြေအနေက တစ်နေ့တစ်ခြား ပိုမိုဆိုးဝါးလာလေတော့သည်။

စစ်တွေမြို့မှာလည်း ဆရာဝန်က များများမရှိပေ။ ထို့ကြောင့် ရှိသည့်ဆရာဝန်များနှင့်သာ ခေါ်ယူကုသနေရလေသည်။ တစ်နေ့တော့ ဦးမောင်လွင်က အလုပ်မှပြန်လာသည်။

သူသည်အလုပ်ကိစ္စဖြင့် ခရီးထွက်သွားလျှင် တစ်ရက်နှစ်ရက် ကြာလေ့ရှိရာ ယခုလည်း ပြန်ရောက်လာလျှင်လာချင်း အခန်းတွင်းဝင်ပြီး ဇနီးဖြစ်သူ အခြေအနေကို ကြည့်တော့ အားရဖွယ်ရာ မတွေ့ရပေ။

ထို့ကြောင့် ကုတင်နံဘေးမှာ ဝင်ထိုင်ပြီး အခြေအနေကိုမေးမြန်းရသည်။

"မင်းကျမ်းမာရေး အခြေအနေက သိပ်မကောင်းဘူးလား"

ဒေါ်ခိုင်ဦးက ဘာမှမပြောပဲ ထထိုင်ရာ ဦးမောင်လွင်က မေးမပေးလိုက်ရသည်။

"ဒီမှာကုလို့ အဆင်မပြေရင် ရန်ကုန်မှာရှိတဲ့ ဆရာဝန်ကောင်းကောင်းတွေနဲ့ ကုရမလား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါပြသည်။ ပြီးမှ အားနည်းနေသော လေသံဖြင့် ပြောသည်။

"ရှင် ပြန်လာပြီလား၊ အလုပ်အကိုင် အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ငါ့အလုပ်က ဒီလောက်အရေးမကြီးပါဘူး၊ မင်း ကျန်းမာရေးက အရေးကြီးပါတယ်၊ မင်းဘယ်လိုလုပ်ချင်သလဲ"

"ကျွန်မ ပြောစရာရှိတယ်"

"ပြောလေ ဘာပြောမှာလဲ"

"ညဘက်ရောက်လာရင် ဒီအိမ်ကြီး အောက်ထပ်က စူးစူးဝါးဝါးအော်သံတွေ ကြားရတယ်"

"ဟင် ဘယ်သူ့အသံတွေလဲ"

"မသိဘူး၊ ယောက်ျားသံ မိန်းမသံတွေပါ ကြားရတယ်"

"အောက်ထပ်မှာနေကြတဲ့သူတွေ အသံတွေများလား"

"မဟုတ်ဘူး၊ ကယ်ပါယူပါနဲ့ . အော်ဟစ်အကူအညီတောင်းနေတဲ့ အသံမျိုးတွေ ကြားရတာ"

"မင်းစိတ်စွဲနေလို့များလား"

"မဟုတ်ပါဘူး၊ အဲဒီအသံတွေကြားရင် ကျွန်မအိပ်မရတော့ဘူး၊ နောက်ပြီး အပြင်ဘက်က လျှောက်သွားနေတဲ့ ခြေသံတွေလည်းကြားရတယ်၊ တစ်ညကတော့ မှန်တံခါးအပြင်ဘက်က လာချောင်းကြည့်နေတဲ့ ကြောက်စရာကောင်းတဲ့ မျက်နှာကြီး တစ်ခုကို တွေ့လိုက်ရတယ်"





ဦးမောင်လွင်က ကုတင်နှင့် မနီးမဝေးမှာရှိသော ပြတင်းပေါက်မှန်တံခါးကို တစ်ချက်လှည့်ကြည့်လိုက်သည်။

"သူက သူ့ဆီလာဖို့ အတင်းလာခေါ်နေတယ်"

"မင်းစိတ်စွဲနေလို့ ဒါမှမဟုတ် စိတ်ဂယောင်ချောက်ချားဖြစ်ပြီး မြင်မိမြင်ရာတွေ မြင်နေတာဖြစ်ပါလိမ့်မယ်၊ ငါခရီးသွားတဲ့ရက်တွေမှာ သမီးကိုပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အိမ်ဖော်မလေးတွေကိုပဲဖြစ် အဖော်ခေါ်ထားပါလား"

ဒေါ်ခိုင်ဦးကတော့ ဘာမှပြန်မပြောတော့ပေ။

ဦးမောင်လွင်ကတော့ ခရီးဝေးမသွားရသော အချိန်များတွင် ထိုအခန်းထဲမှာပင်နေကာ ဇနီးဖြစ်သူကို စောင့်ရှောက်ပေးသည်။ သမီးဖြစ်သူ ခင်မျိုးနွယ်ကလည်း နေ့ညမပြတ် ပြုစုပေးသည်။

သို့သော်လည်း ဒေါ်ခိုင်ဦး၏ ကျန်းမာရေး အခြေအနေကတော့ သိပ်မကောင်းလှပေ။

တစ်ညမှာတော့ ဒေါ်ခိုင်ဦးအိပ်နေစဉ် ဦးမောင်လွင်က ကုတင်နံဘေးနားတွင် ကုလားထိုင်ချပြီး စာရင်းဇယားများကို ကြည့်ရှုနေလေသည်။

အချိန်က တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်ကျော်လာပြီးနောက် သန်းခေါင်ယံအချိန်သို့ ရောက်လာလေသည်။

ထိုအချိန်ရောက်တော့မှ ဒေါ်ခိုင်ဦးထံမှ လေသံတိုးတိုး ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသွားရတော့မယ့်အချိန် ရောက်ပြီထင်တယ်"

ဦးမောင်လွင်က စာရင်းဇယားများကို ချထားလိုက်ပြီး လှည့်ကြည့်လိုက်သည်။ ကုတင်ပေါ်မှာ ပက်လက်အနေအထား ဖြင့် အိပ်နေသော ဒေါ်ခိုင်ဦးမှာ မျက်စိမဖွင့်ပေ။

အသံကတော့ ကြားနေရသည်။

"ကျွန်မ မရှိတော့ရင် ကျွန်မသမီးလေးကို ဂရုစိုက်ပေးပါ။ သူ့မှာ အန္တရာယ်တွေ ဝိုင်းနေတယ်၊ နောက်ပြီး ရှင့်ကိုယ်ရှင် လည်း ဂရုစိုက်ပါ"

"မင်း ဘာတွေပြောနေတာလဲ၊ တခြားအကြောင်းတွေ ဘာမှ မတွေးပါနဲ့၊ ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ"

ထိုသို့ပြောနေစဉ်မှာပင် စေ့ထားသော တံခါးအပြင် ဘက်မှ ခြေသံလိုလိုကြားလိုက်ရသဖြင့် နားစွင့်လိုက်သည်။

ကြမ်းပြင်ပေါ်မှ ခြေထောက်ကို ရှပ်တိုက်လျှောက်သွား သော ခြေသံကို အတိုင်းသားကြားလိုက်ရသည်။

သို့ကြောင့် စားပွဲပေါ်တွင်ချထားသော လက်နှိပ်မီးကိုယူ ပြီး နားစွင့်နေလိုက်သည်။ အိမ်ကြီးအပေါ်ထပ်တွင် သူတို့လင် မယားနေသောအခန်းနှင့် ခင်မျိုးနွယ်နေသော အခန်းသာရှိပြီး ကျန်မိသားစုများက အောက်ထပ်တွင်နေကြခြင်းဖြစ်၏။

နောက်တစ်ကြိမ် အပြင်ဘက်မှ ခြေသံကြားရသောအ ခါ တံခါးကိုဖွင့်ပြီး အပြင်ဘက်သို့ ထွက်ကြည့်သည်။

သူထွက်ကြည့်သောအချိန်တွင် အဝတ်နက်ကြီး ခြုံထား





သော လူတစ်ယောက်မှာ လှေခါးရှိရာဘက်သို့ လျှောက်သွား သည်ကို လှမ်းမြင်လိုက်ရသည်။

"ဘယ်သူလဲ"

ပြောပြောဆိုဆိုနှင့် လက်နှိပ်မီးနှင့် လှမ်းထိုးကြည့်လိုက် သည်။

ထိုအခါ လှေခါးထိပ်တွင် ရောက်နေသူက နောက်သို့ လှည့်ကြည့်ပြီး သွားဖြဲပြသည်။

"ဟင်. ."

သူ့တစ်သက်တွင် ထိုမျှလောက်ကြောက်စရာကောင်း သော မျက်နှာမျိုးကို မတွေ့ဖူးသေးသောကြောင့် လန့်ဖျတ်သွား ကာ လက်နှိပ်မီးရောင်ကို ပြန်ပိတ်လိုက်သည်။

မီးမှိတ်လိုက်သောအချိန်မှာပင် လှေခါးထိပ်တွင် ရပ် နေသော မည်းမည်းသဏ္ဍာန်ကြီးက ဖျပ်ခနဲ ပျောက်သွားလေ တော့သည်။

ထိုအခါမှ ဇဝေဇဝါဖြင့် အခန်းတွင်းပြန်ဝင်လာသည်။ သူပြန်ဝင်လာသောအချိန်တွင် ကုတင်နံဘေး၌ရှိသော မှန်တံခါး က ပွင့်နေကာ လှုပ်ယမ်းနေလေသည်။

ကုတင်ပေါ်ကြည့်လိုက်တော့လည်း ဒေါ်ခိုင်ဦးက မလှုပ် မယှက် ငြိမ်သက်နေလေသည်။

သို့ကြောင့် ကုတင်နံဘေးသို့သွားကာ အခြေအနေ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မခိုင်ဦး. . မခိုင်ဦး"

ခေါ်မရတော့ပေ။

ဒေါ်ခိုင်ဦးတစ်ယောက် အသက်မရှိတော့ပေ။

ဦးမောင်လွင်က ပွင့်နေသော တံခါးရှိရာသို့ ကြည့်လိုက်သောအခါ ထိုနေရာဘက်မှ ပင်လယ်ဘက်သို့ ပျံထွက်သွားသော ငှက်မည်းကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။

နရဏီသင်္ချိုင်းအိမ်ကြီးသို့ ရောက်လာပြီးမှ ဦးစွာသေဆုံးသွားသူမှာ ဒေါ်ခိုင်ဦးပင် ဖြစ်ပေတော့သည်။







# အခန်း[၃]

# ဒေါက်တာမင်းထင်ကျော်နှင့် ညှိုင်းမျက်နှာပြင်လေး

ခိုင်ဦး သေဆုံးသွားခဲ့ပြီးနောက်တွင် ဦးမောင်လွင်က ရင်းပိုင်ဆိုင်သော အမွေပစ္စည်းများ အားလုံးကို တစ်ဦးတည်းသော သမီးဖြစ်သူ ခင်မျိုးနွယ်နာမည်ဖြင့် လွှဲအပ်ထားလေသည်။

ထိုကိစ္စများကို ရှေ့နေကြီး ဦးအုန်းကျော်က ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး အတွင်းပစ္စည်းများဖြစ်သော ရွှေ၊ ငွေနှင့် အဖိုးတန် လက်ဝတ်ရတနာတို့ကို ရန်ကုန်မြို့၌ရှိသော ဂရင်းဒလေးဘဏ်တွင် အပ်နှံထားခဲ့လေသည်။

ထိုသို့အပ်နှံထားသည်ကို ဦးမင်းဒင်တို့ မိသားစုများက တော့ ဘဝင်မကျကြပေ။

ခင်မျိုးနွယ်ကလည်း လိမ္မာရေးခြားရှိသည်။ သူမအ နေဖြင့် ရရှိသော အမွေပစ္စည်းများကို စိတ်ဝင်စားခြင်းမရှိပဲ ဖခင် ကြီးဖြစ်သူ စိတ်ချမ်းသာစေရန် နေထိုင်လေသည်။

ဦးမင်းဒင်တို့ မိသားစုများကတော့ အစ်ကိုကြီးဖြစ်သော ဦးမောင်လွင်ကို ကြောက်ရွံ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မိသားစုများမှာ ဦးမောင်လွင်အရိပ်အောက်တွင် မှီခိုနေ ကြရသောကြောင့် ဖြစ်သည်။

ထို့ပြင် လုပ်ငန်းများကိုဦးစီးလုပ်ကိုင်နေသော ဦးမင်းဒင် ကိုယ်တိုင်က အသုံးအဖြုန်းကြီးသူ ဖြစ်သောကြောင့် မကြာခဏ ဆိုသလို ငွေစာရင်းများက ကွာနေတတ်သည်။

ထိုအကြောင်းကို ဦးမောင်လွင်က သိသော်လည်း ညီ ဖြစ်သူကို တင်းတင်းမာမာပြောဆိုခြင်းတော့ မရှိပေ။

ဦးမင်းဒင်က အသုံးအဖြုန်းများသလို သားနှင့် သမီး တို့ကလည်း မည်သည့်အလုပ်မှမလုပ်ပဲ ရှိသမျှ ထိုင်ဖြုန်းနေကြ သူများ ရှိကြသည်။

သမီးဖြစ်သူ ခင်မျိုးသွယ်မှာ ကိုကျော်ဝေနှင့် လက်ထပ်





ခဲ့ပြီး ကိုကျော်ဝေမိဘများ သေဆုံးသွားကြသောအခါ အမွေအ တော်များများ ရခဲ့သည်။ ထိုပစ္စည်းကို ထိုင်သုံးနေသူဖြစ်သည်။ ကိုကျော်ဝေမှာ မိဘများရှိစဉ်က မိဘအရှိန်ကြောင့် အလုပ်အ ကိုင်များ ကောင်းသော်လည်း မိဘနှစ်ဦးစလုံး ရှေ့ဆင့်နောက် ဆင့် သေဆုံးသွားခဲ့ကြပြီးနောက်တွင် ယခင်ကလောက် မ ကောင်းတော့ပေ။

လုပ်သမျှ အရှုံးနှင့်သာ ကြုံတွေ့နေရပေရာ အမွေရ ထားသော ပစ္စည်းများလည်း တစ်နေ့တစ်ခြား လုံးပါးပါးလာလေ တော့သည်။ ထိုအခြေအနေကြောင့် ခင်မျိုးသွယ်က ယခင်က လောက် မကြည်ဖြူတော့ပေ။

ထိုကဲ့သို့ပင် သားဖြစ်သူ ထွန်းအောင်ခိုင်မှာလည်း မေရီ ကျော်နှင့် လက်ထပ်ပြီးနောက်တွင် မည်သည့်အလုပ်မှမလုပ်ပဲ သူဝါသနာပါသော ဖဲဝိုင်း၌သာ အချိန်ကုန်နေလေသည်။

ငွေမရှိတော့လျှင် မိန်းမဆီက တောင်းသည်။ မေရီ ကျော်ကလည်း ရှိလျှင်ပေးသည်။ မရှိလျှင်မပေးပေ။ မေရီကျော် ဆီက မပေးလျှင် အစ်မဖြစ်သူ ခင်မျိုးသွယ်ဆီက တောင်းသည်။

“ဟဲ့ . . ငါ့မှာလည်း ဘယ်မှာရှိတော့လို့လဲ၊ နင့်ယောက် ဖက ဝင်ငွေမရှိပဲ ထိုင်စားနေတာ ဘယ်လောက်ကြာနေပြီလဲ”

“အလုပ်မရှိပဲ အိမ်ပေါ်တက်သားနေရင် တန်းချပစ် လိုက်ပေါ့ဗျာ”

“ဟဲ့ . . ဒီလိုလုပ်လို့ ဘယ်ဖြစ်ဦးမလဲ၊ သူ့ဆီက အမွေ



www.burmeseclassic.com

www.burmeseclassic.com



လာတုန်းကတော့ အားလုံးဝိုင်းသုံးကြတာပဲ မဟုတ်လား။ နင့်မှာ ငွေမရှိရင် နင်မိန်းမဆီက မတောင်းဘူးလား"

"တောင်းတာပဲ သူ့ဆီမှာ မရှိတော့ဘူး"

"သူ့ဆီမှာ သူ့မိဘတွေအမွေပေးလိုက်တဲ့ စိန်တစ်ဆင်စာ ရှိတယ်မဟုတ်လား၊ အဲဒါကို ရအောင်တောင်းပေါ့၊ အဲဒီစိန်တွေသာ ရောင်းလိုက်ရင် မနည်းရမှာ"

ဟု အကြံပေးသဖြင့် ထွန်းအောင်ခိုင်က မေရီကျော်ထံမှ စိန်တစ်ဆင်စာကို ချော့မော့တောင်းယူလေသည်။

"မင်းဆီမှာရှိတဲ့ စိန်တစ်ဆင်စာကို ခဏပေးပါကွာ၊ ငါ အဆင်ပြေရင် ဒါထက်ကောင်းတဲ့ လက်ဝတ်ရတနာတွေကို ငါ လုပ်ပေးပါ့မယ်"

"အို . . ဒါကတော့ ဘယ်နည်းနဲ့မှမဖြစ်ပါဘူး၊ မောင်က အလုပ်လုပ်ဖို့ တောင်းတာမှမဟုတ်ပဲ၊ ဖဲချဖို့တောင်းတာဆိုတော့ မပေးပါဘူး"

"မင်းက ငါ့ကိုအထင်သေးနေတာလား၊ တစ်နေ့ကျရင် ဒီအိမ်ကြီးရော ငါ့ဘကြီးပိုင်တဲ့ အမွေပစ္စည်းတွေကို ငါတို့ရမယ်ဆိုတာရော သိရဲ့လား"

"ကျွန်မလည်းအစကတော့ အဲဒီလိုပဲ ထင်ခဲ့တာပဲ၊ ဒါပေမယ့် ဒီရောက်လာတော့မှ ဒီပစ္စည်းတွေအားလုံးကို ခင်မျိုးနွယ်နာမည်နဲ့ အားလုံး လွှဲပေးထားပြီးပြီဆိုတာ သိရတော့တယ်"

"ဟင် . . မင်း ဒါတွေ ဘယ်လိုသိနေတာလဲ"





"ဒါတော့ ကျွန်မလည်း မောင်နဲ့ပတ်သက်ပြီး သက်ဆိုင်သူတစ်ယောက်ဖြစ်နေတော့ စိတ်ဝင်စားလို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြည့်ရတာပေါ့၊ မောင်တို့ မောင်နှမနှစ်ယောက်က ခင်မျိုးနွယ်ရှိနေသမျှတော့ တစ်ပြားမှရမှာမဟုတ်ဘူး၊ ဒီတော့ ကျွန်မဆီက စိန်တွေကို တောင်းရင်လည်း ရမှာမဟုတ်ဘူး"

ဟု မေရီကျော်က သူမသဘောထားကို ပွင့်ပွင့်လင်းလင်းပြောရာ ဘာမှမတတ်နိုင်တော့ပေ။

ဦးမောင်လွင်အိမ်မှ အခြေအနေများကို သိတန်သလောက် သိထားသဖြင့် လုပ်ငန်းအတော်များများကို ဦးမင်းဒင်ကိုပင် သိပ်မခိုင်းပဲ အခြားကိုယ်စားလှယ်များနှင့်သာ စေခိုင်းလေသည်။

နောက်ထပ်ယုံကြည်စိတ်ချရသော အခြားလူယုံများ၊ ကိုယ်စားလှယ်များနှင့် မန်နေဂျာများနှင့်သာ စေခိုင်းလေသည်။

နရဂီစံအိမ်ကြီးအပေါ်ထပ်တွင် ဦးမောင်လွင်ကတစ်ခန်း၊ ခင်မျိုးနွယ်ကတစ်ခန်း နေကြသည်။

ဒေါ်ခိုင်ဦးမရှိတော့သည့်နောက်တွင် ခင်မျိုးနွယ်က သူမတစ်ယောက်တည်းမနေပဲ အဖော်မိန်းကလေးတစ်ယောက်ကိုပင် ခေါ်ထားလေသည်။

ထို့ပြင် ဦးမောင်လွင်က သူမအတွက် ပစ္စတိုသေနတ်တစ်လက်ကိုပါ ပေးထားလေသည်။ သူကိုယ်တိုင်လည်း ရက်ကြာကြာ ခရီးမသွားတော့ပဲ အကယ်၍ သွားစရာရှိလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အခြားကိုယ်စားလှယ်များသာ လွှတ်လေသည်။

တစ်ညမှာတော့ ခင်မျိုးနွယ်က ဖခင်ဖြစ်သူကိုပြောပြသည်။

"ဖေဖေ ကျွန်မ မေမေ့ကိုမကြာခဏ တွေ့ရတယ်"

ဦးမောင်လွင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူက သမီးအပေါ်မှာ သိပ်ပြီး သံယောဇဉ်ကြီးရှာတယ်"

ခင်မျိုးနွယ်က ရစ်ဝဲလာသော မျက်ရည်များကို တို့သုပ်လိုက်သည်။

"သမီး ဒီမှာ နေရတာအဆင်ပြေရဲ့လား၊ စိတ်ချလုံခြုံမှုရော ရှိရဲ့လား"

"ရှိပါတယ်ဖေဖေ၊ ဖေဖေမရှိရင် အောက်ကိုတောင်မဆင်းပဲ တံခါးပိတ်ပြီးနေတာပါ။ သမီးမကြောက်ပါဘူး"

"တကယ်လို့ အဆင်မပြေရင် သမီးကို ရန်ကုန်မှာ တိုက်တစ်လုံးဝယ်ပြီး သွားထားဖို့တောင် စဉ်းစားနေတာ"

"သမီးမသွားပါဘူး၊ ဖေဖေနဲ့ သမီးနှစ်ယောက်တည်းရှိတာ၊ ဖေဖေမပါပဲနဲ့ သမီးတစ်ယောက်တည်း ဘယ်တော့မှ မနေပါဘူး၊ နောက်ပြီး မေမေနဲ့ခွဲပြီးတော့ အဝေးမှာ သွားမနေချင်ပါဘူး"

"ဟင်. ."

ဦးမောင်လွင် အံ့ဩသောအမူအယာဖြင့် သမီးဖြစ်သူကို





ကြည့်လိုက်လေသည်။

"ဟုတ်တယ်ဖေဖေ၊ မေမေက ကျွန်မဆီကို ညတိုင်းလာတယ်၊ သူက သမီးမှာ အန္တရာယ်တွေ ရှိနေလို့ ဝေးဝေးမသွားပဲ ဒီမှာပဲနေတယ်လို့ ပြောတယ်"

ထိုစကားကြားတော့ ဦးမောင်လွင်ကပါ စိတ်ဝင်စားသွားရလေသည်။

"သူက ဘယ်လိုအန္တရာယ်မျိုးတွေ ရှိတယ်လို့ ပြောသလဲ"

"ဖေဖေ့အလုပ်တွေမှာလဲ သစ္စာမရှိတဲ့လူတွေ ရှိတယ်၊ တစ်နေ့ကျရင် ဖေဖေ့ကိုအန္တရာယ်ပေးကြလိမ့်မယ်လို့ ပြောသွားတယ်"

ဦးမောင်လွင်က လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။

"ဒါကြောင့် ဖေဖေ့အတွက် စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက် လိုတယ်လို့ပြောတယ်"

ဦးမောင်လွင်က သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ ပြန်ပြောသည်။

"သမီးအမေမခိုင်ဦးက မိသားစုအပေါ်မှာ အတော်ကလေး သံယောဇဉ်ကြီးတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ၊ သူပြောတာတွေ မှန်ပါတယ်၊ ဒီအိမ်ကြီးပေါ်မှာ ဆွေမျိုးသားချင်းတွေ ရှိကြတယ်ဆိုပေမယ့် ဖေဖေတို့အတွက် အားကိုးရတဲ့သူ သိပ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး”

*ခင်မျိုးနွယ်က ခေါင်းတစ်ချက်ညိတ်ပြသည်။*

“ဒါကြောင့် သမီးအတွက်ရော ဖေဖေ့အတွက်ပါ ယုံကြည်အားကိုးရတဲ့ လူတစ်ယောက်တော့ လိုတယ်”

“ဖေဖေပြောတာ သမီးကိုအိမ်ထောင်ချပေးဖို့ပြောနေတာလားဟင်၊ လောလောဆယ်တော့ သမီးအိမ်ထောင်မပြုချင်သေးဘူး”

“ဖေဖေပြောတာ ဒီသဘောမျိုး မဟုတ်ပါဘူး၊ အကြောင်းရှိရင် အားကိုးရမယ့် လူမျိုးတစ်ယောက်လိုတယ်လို့ ပြောတာပါ၊ ဒီတစ်ပတ် ဖေဖေရန်ကုန်သွားရင် သမီးပါလိုက်ခဲ့ပါ၊ ရှေ့နေကြီး ဦးအုန်းကျော်နဲ့တွေ့ပြီး တိုင်ပင်စရာတွေရှိတယ်”

ဟု ပြောဆိုတိုင်ပင်ပြီး နောက်တစ်ပတ် ရန်ကုန်သို့ အလုပ်ကိစ္စဖြင့် သွားသောအခါ သမီးဖြစ်သူ ခင်မျိုးနွယ်ကိုပါ ခေါ်သွားလေသည်။

ဦးအုန်းကျော်နေသောနေရာမှာ ပန်းဆိုးတန်း၌ဖြစ်သည်။ ဦးအုန်းကျော်က အသက်-၆၀နီးပါး ရှိနေပြီဖြစ်သော်လည်း ဖျတ်လတ်သွက်လက်နေဆဲ ဖြစ်သည်။

လုပ်ငန်းလုပ်ကိုင်ရာမှလည်း စေ့စပ်သေချာသူ ဖြစ်သည်။

“ဦးမောင်လွင်တို့ သားအဖနှစ်ယောက်စလုံး လာကြပါလား၊ အလည်သက်သက်ပဲလား၊ တခြားအလုပ်ကိစ္စများ ရှိနေ





လို့လားဗျာ”

“တခြားတော့ မဟုတ်ပါဘူး၊ အရင်တစ်ခေါက်လာတုန်းကတည်းက ဦးအုန်းကျော်ဆီမှာ အကူအညီတောင်းထားတဲ့ ကိစ္စများ အဆင်ပြေပြီလား သိချင်လို့ လာခဲ့ကြတာပါ”

“ခင်ဗျားအတွက် ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက် ရှာပေးဖို့ ကိစ္စပဲ ထင်ပါရဲ့”

“ဟုတ်ပါတယ်”

“ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကိုတော့ အကူအညီတောင်းထားပါတယ်၊ သူကလည်း စိတ်ဝင်စားပါတယ်၊ အခု ခင်ဗျားတို့ရောက်လာပြီဆိုတော့ သူနဲ့တွေ့ပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ဗျာ”

“ဒါထက် ဦးမောင်လွင်တို့ ခါတိုင်းတည်းနေကျ စထရင်းဟော်တယ်မှာပဲ တည်းကြတယ်မဟုတ်လား”

“မှန်ပါတယ်”

“ဒီလိုလုပ်လေ၊ ညနေ ၆-နာရီလောက်မှာ ကျွန်တော် သူ့ကိုပါခေါ်ပြီး လာခဲ့ပါမယ်”

“ကောင်းပါပြီ စောင့်နေပါ့မယ်၊ အခုလိုတကူးတက အကူအညီပေးတာလည်း ကျေးဇူးတင်ပါတယ်ဗျာ”

“မလိုပါဘူးဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့က ဒီလိုပြောရမယ့် လူတွေလည်း မဟုတ်ပါဘူး၊ အကြောင်းရှိလာရင် ဒါပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် အကူအညီပေးရမှာပေါ့"

ထို့နောက်မှာတော့ ဦးအုန်းကျော်ကိုနှုတ်ဆက်ပြီး ပြန်ထွက်လာကြသည်။ နေ့လည်ဘက်ရောက်တော့ ပန်းဆိုးတန်းလမ်းမကြီး အောက်ဆုံးဘလောက်တွင်ရှိသော ဂရင်းဒလေဘဏ်ကြီးသို့ဝင်ကာ ငွေစာရင်းထဲသို့ ငွေများ ထပ်မံအပ်နှံလေသည်။ ညနေပိုင်းရောက်တော့မှ စထရင်းဟော်တယ်သို့ ပြန်ကာနားကြသည်။

ညနေ ၆-နာရီထိုးကာနီးတော့မှ သီးခြားမှာထားသော အခန်းမှ စောင့်ကြသည်။

စထရင်း(Strand)ဟော်တယ်မှာ ကိုလိုနီခေတ်က ရန်ကုန်မြို့၌ အထင်ရှားဆုံး ဟော်တယ်တစ်ခု ဖြစ်သည်။

၁၉၀၁-ခုနှစ်ကတည်းက တည်ဆောက်ခဲ့သော ထိုဟော်တယ်မှာ ကမ်းနားလမ်းမပေါ်၌ တည်ရှိသည်။ နိုင်ငံခြားစံချိန်မှီသော ဟော်တယ်ကြီးဖြစ်သောကြောင့် ကိုလိုနီများ အုပ်စိုးစဉ်က ရန်ကုန်မြို့သို့ရောက်လာသော မျက်နှာဖြူ နိုင်ငံခြားသားတို့မှာ စထရင်းဟော်တယ်၌ မတည်းဖူးသူ မရှိသလောက် နာမည်ထင်ရှားခဲ့သည်။

ကိုလိုနီခေတ်က ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာသော ရန်ကုန်ဆိပ်ကမ်းနှင့် နီးခြင်း၊ အချက်အချာကျသောနေရာ၌ ရှိသောကြောင့် စထရင်းဟော်တယ်ဟု အမည်ပေးထားခဲ့ကြခြင်းဖြစ်၏။





ဟော်တယ်တစ်ခုလုံး လှပသော မီးဆိုင်းကြီးများ ကျွန်းသစ်များဖြင့် လှပအောင်တန်ဆာဆင်ထားပြီး အပန်းဖြေမှုအားလုံး တစ်နေရာတည်း၌ရနိုင်အောင် စီစဉ်ထားသောကြောင့် နှစ်သက်သဘောကျကြခြင်းဖြစ်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ နောက်ပိုင်းကာလမှာတော့ ရပ်ဝေးရပ်နီးမှလာကြသော စီးပွားရေး လုပ်ငန်းရှင်များ သူဌေးကုန်သည်များနှင့် စီးပွားရေးကောင်းသူ ငွေကြေးပြည့်စုံသူတို့ ရန်ကုန်မြို့ရောက်လျှင် ဝင်ရောက်တည်းခိုကြလေ့ရှိသော ဟော်တယ်လည်းဖြစ်သည်။

ညနေပိုင်းရောက်တော့ ဟော်တယ်တစ်ခုလုံး မီးများထွန်းထားပြီး သာယာသော တေးဂီတသံများက ပြန့်လွင့်လာလေသည်။ ပြင်ပမှ ဧည့်သည်များလည်း တဖွဲဖွဲ ရောက်လာကြလေသည်။

၆-နာရီထိုးတော့ ဦးမောင်လွင်တို့ စောင့်ဆိုင်းနေသော သီးသန့်အခန်းတွင်းသို့ ဧည့်သည်နှစ်ယောက်ရောက်လာသည်။ ဦးမောင်လွင်က မှာထားသဖြင့် ဟော်တယ်ဝန်ထမ်းတစ်ဦးက လိုက်လံပို့ပေးခြင်းဖြစ်သည်။

အတွင်းရောက်တော့ ဦးအုန်းကျော်က မိတ်ဆက်ပေးသည်။

"ဒါ ကျွန်တော့မိတ်ဆွေ ဒေါက်တာမင်းထင်ကျော် ဖြစ်ပါတယ်၊ သူတို့က ဦးမောင်လွင်နဲ့ ဒါက သမီး ခင်မျိုးနွယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်"

ဒေါက်တာမင်းထင်ကျော်မှာ အသက်-၃၀ဝန်းကျင်လောက်သာ ရှိသေးပြီး ရုပ်ရည်က တည်ကြည်ခန့်ညားသည်။ ရှုပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီကိုသေသပ်စွာ ဝတ်ဆင်ထားပြီး ဟန်ပန်အမူအယာက တက်ကြွဖျတ်လပ်မှုရှိသည်။

ဦးအုန်းကျော်က အကြောင်းစုံ ပြောပြထားပြီးဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်းသိနေပြီးဖြစ်သည်။

ခင်မျိုးနွယ်စိတ်ထဲမှာတော့ သူမတွေ့ဖူးသမျှထဲတွင် ရှေ့တွင်ထိုင်နေသော ဒေါက်တာမင်းထင်ကျော်လို ဥပမိရုပ်ခန့်ညားသူ မရှိသေးဟု ထင်မိလေသည်။

စကားပြောဆိုရင်းနှင့် စားသောက်လိုသော အစားအသောက်များကို မှာကြားရာ အတန်ကြာတော့ ရောက်လာသဖြင့် စားသောက်ရင်းနှင့်ပင် စကားဆက်ပြောကြသည်။

"ဦးအုန်းကျော် ပြောပြထားလို့ ကျုပ်တို့ အကူအညီတောင်းထားတဲ့ ကိစ္စကို မောင်မင်းထင်ကျော် သိသင့်သလောက်တော့ သိထားပြီး ဖြစ်ပါလိမ့်မယ်၊ ဘယ်လိုသဘောထားသလဲဆိုတာသိပါရစေ"

"ကျွန်တော်သိသင့်သလောက် သိပြီးပါပြီ၊ စိတ်ဝင်စားမှုလည်းရှိပါတယ်၊ ဒါပေမယ့် ဝန်ထမ်းသဘောမျိုးတော့ မလုပ်ပါ





ရစေနဲ့"

"ဒါဖြင့် ဘယ်လိုသဘောမျိုး ရှိတယ်ဆိုတာ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"အခက်အခဲ ရှိနေတဲ့အချိန်မှာ နံဘေးကနေ မိတ်ဆွေတစ်ယောက်အနေနဲ့ပဲ အကူအညီပေးချင်ပါတယ်"

"ဒါပေမယ့် အကူအညီပေးရမှာက ဘယ်လောက်အထိ အချိန်ကြာမယ်မှန်း မသိလေတော့"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော့်မှာ နောက်ဆုံတင်းစရာ ပူပန်စရာ ဘာမှမရှိပါဘူး၊ ကျွန်တော်ဆောင်ရွက်ပေးစရာမှန်သမျှ ပြီးအောင် အကူအညီပေးသွားပါ့မယ်"

ဦးမောင်လွင်မှာ ထိုစကား ကြားတော့မှ စိတ်သက်သာရာ ရသွားလေသည်။ အတန်ကြာတော့ ခင်မျိုးနွယ်က ဝင်မေးသည်။

"ဒါဖြင့် ကျွန်မတို့ပြန်ရင် တပါတည်းလိုက်ခဲ့မှာလားတင်"

"ကျွန်တော်လိုက်နိုင်အောင် ကြိုးစားပါ့မယ်"

"ဟိုရောက်ရင်ကော ကျွန်မတို့ အိမ်မှာပဲ နေမှာလား"

"မနေပါဘူး၊ ဒီလိုအတူတူနေရင် သူတို့ ရိပ်မိသွားမှာပေါ့၊ ဖြစ်နိုင်ရင်တော့ မနီးမဝေးမှာပဲ သီးခြားနေချင်ပါတယ်"

ထိုအခါဦးမောင်လွင်က. . .

"ဒီလိုဆိုရင်တော့ ကျုပ်တို့နေတဲ့ တောင်ကုန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်မှာ ဘန်ဂလိုပုံစံဆောက်ထားတဲ့ အိမ်တစ်လုံးရှိတယ်၊ မောင်မင်းထင်ကျော် သဘောကျရင် အဲဒီမှာ လွတ်လွတ်လပ်လပ်နေလို့ ရပါတယ်"

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်လေသည်။

နောက်ထပ်သုံးရက်ခန့်ကြာတော့ ဦးမောင်လွင်တို့သားအဖနှစ်ယောက် စစ်တွေသို့ပြန်ရာ ဒေါက်တာမင်းထင်ကျော်ပါ တစ်ပါထည်းလိုက်သွားလေသည်။

ထိုအချိန်က ကမ်းရိုးတန်းသွား သင်္ဘောများဖြင့် သွားလာကြရသဖြင့် ဦးမောင်လွင်တို့ကတစ်ခန်း၊ ဒေါက်တာမင်းထင်ကျော်က တစ်ခန်းယူ၍ လိုက်သွားကြလေသည်။

ညဦးပိုင်းရောက်တော့ အစားအစာသောက်များကို မိမိတို့နှစ်သက်ရာအခန်းတွင်းသို့ မှာယူစားသောက်ကြသည်။

စားသောက်ပြီးတော့ ဒေါက်တာမင်းထင်ကျော်က လန်ဒန်ဂိုးဖလိပ် စီးကရက်တစ်လိပ်ကိုမီးညှိဖွာရင်း သင်္ဘောလက်ရမ်းသို့ ထွက်ရပ်နေလေသည်။

ညနေပိုင်းကမှ ရန်ကုန်ကမ်းမှ စတင်ထွက်လာသော ကမ်းရိုးတန်းသွား သင်္ဘောကြီးမှာ ညဦးပိုင်းအချိန် ရောက်သည့်အထိ ရန်ကုန်နယ်နိမိတ်မှ မကျော်သေးပေ။

ပင်လယ်ဝရောက်တော့မှ ရန်ကုန်မြို့ဘက်သို့ ကြည့်လိုက်လျှင် ကောင်းကင်သို့ လျှံတက်လာသော မီးရောင်များ၊





ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပါယ်လှသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးတွေ့ရသေးသည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်ဖွာရင်းနှင့် ရှေ့နေကြီး ဦးအုန်းကျော်ပြောပြလိုက်သော ဦးမောင်လွင်တို့မိသားစုများအကြောင်းနှင့် စိတ်ဝင်စားဖွယ်ကောင်းသော နရဏီသခ်စံအိမ်ကြီးအကြောင်းကို တွေးတောနေလေသည်။

တကယ်တော့ နရဏီသခ်စံအိမ်ကြီးမှာ သပွတ်အူကဲ့သို့ ရှုတ်ထွေးနေသော နေရာတစ်ခုဖြစ်ကြောင်း သူ့အနေဖြင့် ကြိုတင်သိထားပြီးလေပြီ။

ထိုအချိန်မှာပင် သူ့နံဘေးသို့ လူတစ်ယောက်ရောက်လာလေသည်။ ခင်မျိုးနွယ်ပင် ဖြစ်လေသည်။

သူမသည် ရခိုင်သွေး ပါသူတစ်ဦး ဖြစ်သဖြင့် အရပ်အမောင်းကောင်းသည်သာမကပဲ မဂိုအမျိုးသမီးတစ်ယောက်ကဲ့သို့ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ချောမောလှပသူဖြစ်ကြောင်း ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှ မှတ်ချက်ချလိုက်လေသည်။

"ဟော်တယ်မှာတုန်းက မပြောလိုက်ရလို့ ကိုမင်းထင်ကျော်ကို ကျေးဇူးတင်တဲ့အကြောင်း လာပြောတာပါ"

ဒေါက်တာမင်းထင်ကျော်က ပြုံးပြီး သောက်လက်စ စီးကရက်ကို ရေထဲပစ်ချလိုက်သည်။

"ကိုမင်းထင်ကျော်နဲ့ ပတ်သက်တဲ့အကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီး ဦးအုန်းကျော်က ဖေဖေ့ကို ပြောပြလိုက်ပါတယ်၊ ကျွန်မတို့နေရာအထိလိုက်ပြီး အကူအညီပေးတာကိုကျေးဇူးတင်ရမှာပါပဲ"

"ဘာပဲဖြစ်ဖြစ် သူပြောပြတဲ့ အကြောင်းတွေကို ကျွန်တော်စိတ်ဝင်စားပါတယ်၊ ကျွန်တော်တတ်နိုင်သမျှ အကူအညီပေးသွားမှာပါ"

"သူ ပြောပြလိုက်တာကတော့ ကိုမင်းထင်ကျော်က တမ္ဘာ့နေရာ အတော်များများကို လှည့်လည်သွားလာဖူးပြီး အမှုကြီးတွေ အတော်များများကို ဖော်ထုတ်ပေးခဲ့တယ်လို့ပြောတယ်၊ ရှင်က အလွတ်စုံထောက်တစ်ယောက်လားဟင်"

"မဟုတ်ပါဘူး၊ ဝါသနာပါလို့ စေတနာနဲ့ ဝင်ပြီးအကူအညီပေးတာပါ၊ ကျွန်တော်က စွန့်စွန့်စားစား သွားလာရတဲ့ ခရီးမျိုးတွေကို စိတ်ဝင်စားသလို ဒုစရိုက်သမားတွေရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ရတာကိုလည်း ဝါသနာပါပါတယ်"

"ဒါကြောင့် ဖေဖေ အကူအညီတောင်းတာကိုလက်ခံပြီး လိုက်လာခဲ့တာ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ကိုမင်းထင်ကျော်ပါလာတဲ့အတွက်တော့ ကျွန်မစိတ်ထဲမှာ အတော်ကလေး အားရှိနေသလိုပါပဲ"

"ဘာမှအားမငယ်ပါနဲ့ မခင်မျိုးနွယ်၊ ကျွန်တော်တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

"ကျွန်မကို ရင်းရင်းနှီးနှီးခင်မျိုးနွယ်လို့ပဲ ခေါ်ချင်ခေါ်ပါ၊





ဒါထက် ကိုမင်းထင်ကျော်က ကျွန်မတို့ဆီမှာ ဘယ်လောက်ကြာကြာ နေမှာလည်းဟင်"

"ကျွန်တော့်မှာ နောက်ဆံတင်းစရာ ဘာမှမရှိပါဘူး၊ ခင်မျိုးနွယ်တို့ သားအဖနှစ်ယောက် စိတ်ချလုံခြုံတဲ့ အခြေအနေရောက်တဲ့အထိတော့ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုမင်းထင်ကျော်ရယ်၊ ဟိုရောက်တော့ ကိုမင်းထင်ကျော်က ဘယ်လိုပုံစံမျိုးနဲ့ နေမှာလည်းဟင်"

"ခင်မျိုးနွယ်ကို ဦးလည်း ပြောပြထားပြီးသား ဖြစ်မှာပါ၊ ကျွန်တော်က ခင်မျိုးနွယ်နဲ့ လူကြီးချင်းသဘောတူလို့ စေ့စပ်ထားတဲ့ လူတစ်ယောက်အနေနဲ့ နေမှာပါ"

ခင်မျိုးနွယ်က ရှက်သွေးဖြာသောမျက်နှာကို ပင်လယ်ပြင်ဘက်သို့ လွှဲသွားလေသည်။

"ဒါကိုလည်း တစ်မျိုးမထင်ပါနဲ့၊ ဒါမှ အိမ်ကို ဝင်ထွက်သွားလာလို့ ကောင်းမှာပါ၊ နောက်တစ်ခုက ဦးရဲ့ လုပ်ငန်းတွေအတွက် လူယုံတော် ကိုယ်စားလှယ်အဖြစ်နဲ့ နေသွားမှာပါ"

"ကျွန်မ သဘောပေါက်ပါတယ်၊ အပြင်မှာ အေးလာပြီ ကိုမင်းထင်ကျော် ကျွန်မ သွားတော့မယ်"

ဟုပြောကာ အတွင်းသို့ ပြန်ဝင်သွားလေသည်။

ကောင်းကင်မှာ လရောင်ကြယ်ရောင်များ တောက်ပလာပြီဖြစ်သောကြောင့် ပင်လယ်ရေပြင်ပေါ်မှာ ငွေရောင်ကွန်ယက်များ တောက်ပနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းရိုးတန်းသွား သင်္ဘောက ကမ်းရိုးတန်းအတိုင်း မြောက်ဖက်သို့ ဦးတည်ခုတ်မောင်းနေရလေသည်။ မြောက်ဖက်မှ တိုက်ခတ်နေသောလေကြောင့် လှိုင်းလုံးများက ထနေသည်။

လှိုင်းများနှင့် မျက်နှာခြင်းဆိုင် ခုတ်မောင်းနေရသဖြင့် တဝုန်းဝုန်းနှင့် အသံများ ပေါ်ထွက်နေသလို သင်္ဘောတစ်စင်းလုံးမှာလည်း တုန်ခါလှုပ်ယမ်းနေသည်။

သင်္ဘောဦး ရှေ့တည့်တည့်ကိုတော့ ဝေဝါးနေသောကြောင့် ဘာမှမမြင်ရပေ။ ဆလိုက်မီးရောင်တလျှောက် ပျံသန်းသော ညဥ့်ငှက်များလောက်သာ တစ်ခါတစ်ရံ လှမ်းမြင်ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာပင် ဆက်ရပ်နေပြီး ခင်မျိုးနွယ်နှင့် ပတ်သက်သည့်အကြောင်းများကို တွေးတောစဉ်းစားနေမိလေသည်။







## အခန်း[၄]

# အသက်ပြင်း

# လောင်းကြွေးငယ်သောအိမ်

ရဏီသခ်စံအိမ်သို့ ဒေါက်တာမင်းထင်ကျော် ရောက်လာသောအခါ အိမ်မှာရှိကြသော မိသားစုများက များစွာ စိတ်ဝင်စားကြသည်။ အထူးသဖြင့် ခင်မျိုးနွယ်နှင့် လူကြီးချင်း စေ့စပ်ထားသော လူတစ်ယောက်အဖြစ် စိတ်ဝင်စားကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်လွင်က ရန်ကုန်မှ ပြန်ရောက်လာပြီးကတည်းက ဒေါက်တာမင်းထင်ကျော်ကို အိမ်သို့ခေါ်ပြီး မိသားစုများနှင့် မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် နရဏီသခ်စံအိမ်ကြီးနှင့် ခြံချင်းကပ်လျက် နေရာ၌ရှိသော ဘန်ဂလိုအဟောင်းတစ်ခုတွင် ဒေါက်တာမင်းထင်ကျော်အား နေရာချပေးလေသည်။

အကြောင်းကိစ္စရှိလျှင်သွားလာရန် ဂျစ်ကားတစ်စင်းပေးထားပြီး စေခိုင်းရန် အလုပ်သမားတစ်ယောက်လည်းထားပေးသည်။ အလုပ်သမား ထွန်းခဆိုသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် မရောက်ခင်ကတည်းက ထိုအိမ်ကို သန့်ရှင်းရေးလုပ်ထားပြီးဖြစ်သဖြင့် အဆင်သင့် တက်နေရုံသာရှိသည်။

ဘန်ဂလိုပုံစံ ဆောက်ထားသော်လည်း အပေါ်တွင် ထပ်ခိုးသဖွယ်တပ်ဆင်ထားသော အထပ်တစ်ထပ်ပါသေးသည်။

ဒေါက်တာမင်းထင်ကျော်က အောက်ထပ်အခန်းတစ်ခန်း၌သာ နေသည်။ သူ့ထံတွင် အရေးအကြောင်းရှိလျှင် အသုံးပြုနိုင်ရန် သေနတ်တစ်လက်လည်းပါလာသည်။

ထိုအိမ်ရောက်တော့ အခန်းတွင်းမှာ နားနေရင်းနှင့် နရဏီသိခ်စံအိမ်ကြီးမှာ နေကြသည့် မိသားစုများနှင့် ပတ်သက်သော အကြောင်းများကို စဉ်းစားနေမိသည်။

ညနေပိုင်းအချိန်ရောက်တော့ ဒေါက်တာမင်းထင်





ကျော်နေသော ဘန်ဂလိုဘက်သို့ လူတစ်ယောက် ရောက်လာလေသည်။ ကိုကျော့ဝေဆိုသူဖြစ်၏။ ကိုကျော့ဝေသည် ခင်မျိုးသွယ်ယောကျ်ားဖြစ်သည်။ ၎င်းသည် ယခင်က သူဌေးပေါက်စတစ်ယောက်ဖြစ်သော်လည်း ခင်မျိုးသွယ်နှင့် အိမ်ထောင်ကျခဲ့ပြီးနောက်ပိုင်း မိန်းမဘက်မှ ဆွေမျိုး အသိုင်းအဝန်းများ ဝိုင်းဝန်းနှိပ်စက်မှုကြောင့် ယခုတော့ အရင်းအနှီးပင်မရှိတော့ပဲ အိမ်မှာထိုင်စားနေရသော ဘဝသို့ ရောက်နေရသူဖြစ်သည်။

သူရောက်လာတော့ ဒေါက်တာမင်းထင်ကျော်က အောက်ထပ်မှာပင် ဧည့်ခံစကားပြောသည်။

"ကျွန်တော့်နာမည် ကိုကျော့ဝေလို့ခေါ်ပါတယ်"

"ကျွန်တော်က ဒေါက်တာမင်းထင်ကျော်ပါ"

"ခင်ဗျားကြည့်ရတာ ပညာတတ်ပြီး ပစ္စည်းဥစ္စာလည်း ပြည့်စုံပုံ ရပါတယ်၊ ကျွန်တော်လည်း သူတို့မိသားစုနဲ့ မတွေ့ခင်တုန်းကတော့ ခင်ဗျားလို အခြေအနေမျိုးပေါ့ဗျာ၊ အခုတော့ မိဘဘက်က ရတဲ့အမွေတွေ ဘာမှမကျန်တော့ပဲ ထိုင်နေရတဲ့ ဘဝမျိုး ရောက်နေရတော့တာပဲ"

ဒေါက်တာမင်းထင်ကျော်က လန်ဒန်ဂိုးဖလိပ်စီးကရက်တစ်လိပ်ယူ၍ မီးညှိဖွာပြီးစီးကရက်ဗူးကို ကိုကျော့ဝေဘက်သို့ တိုးပေးလိုက်သည်။

"ခင်ဗျားအကြောင်းကြားရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော်လည်း မကြာခင် ဒီမိသားစုဝင် ဖြစ်လာနိုင်တာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီကအကြောင်းတွေကိုသိထားရင် ကောင်းမယ်ထင်တယ်၊ ခင်ဗျားကြုံတွေ့ရတဲ့ အကြောင်းလေးတွေလည်း သိထားချင်ပါတယ်"

ထိုသို့လမ်းဖွင့်ပေးလိုက်သောအခါ ကိုကျော့ဝေမှာ ငိုချင်လျက်ခက်တို့ ဆိုသကဲ့သို့ ရင်းနှင့်ပတ်သက်သော အကြောင်းအရာအချို့ကို ပြောပြလေသည်။

ထိုသို့ပြောပြရာမှာ မိဘများလက်ထက်က ငွေကိုရေလိုသုံးနိုင်ခဲ့သော စီးပွားရေးသမားဘဝဖြင့် အရပ်တကာ လှည့်လည်သွားလာခဲ့ရာ နောက်တွင်ခင်မျိုးသွယ်နှင့်[illegible]ပြီး လက်ထပ်ခဲ့ရကြောင်း. . .

"တကယ်တော့ သူက ကျွန်တော့်ကိုသူဌေးသားတစ်ယောက်ဆိုပြီး လက်ထပ်ခဲ့တာပါပဲ၊ အမှန်ပြောရရင်တော့ ကျွန်တော်ကလည်း သူ့ကိုငွေကြေးချမ်းသာတဲ့ အိမ်ကြီးရှင်တစ်ယောက်အနေနဲ့ လက်ထပ်ခဲ့တာပါပဲ"

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သော အမူအယာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ကိုကျော့ဝေက ဒေါက်တာမင်းထင်ကျော်ပေးသော အကောင်းစား စီးကရက်တစ်လိပ်ကို တွင်တွင်ဖွာရင်းနှင့် ဆက်ပြောသည်။

"တကယ်ပြောရရင် ခင်မျိုးသွယ်တို့မောင်နှမက ဘာမှပိုင်ဆိုင်မှု ရှိကြတာမဟုတ်ဘူးဗျ၊ သူ့အဖေ ဦးမင်းဒင်က သူဌေး ဦးမောင်လွင်ရဲ့ ညီဆိုတော့ ဘကြီးအရှိန်နဲ့ ဟန်လုပ်နေကြတယ်





ဆိုပါတော့ဗျာ၊ ဒီအိမ်ကြီးမှာ ကျွန်တော့်လိုပဲ ကံဆိုးနေတဲ့သူတစ်ယောက်ရှိသေးတယ်"

"ဘယ်သူလဲ"

"မေရီကျော်လို့ခေါ်တယ်၊ မိတ်ဆက်ပေးတုန်းက တွေ့မှာပေါ့၊ သူလည်း ဒီမြို့မှာ သူဌေးစာရင်းဝင် ဆန်စက်ပိုင်ရှင်တွေရဲ့ သမီးတစ်ယောက်ပဲ၊ ထွန်းအောင်ခိုင်ကို ချမ်းသာတဲ့ သူဌေးတစ်ယောက်လို့ထင်ပြီး လက်ထပ်ယူခဲ့တာပဲ၊ အိမ်ပေါ်ရောက်မှသာ အထင်နဲ့အမြင်နဲ့ တခြားစီဖြစ်နေတော့တာပေါ့"

"ဒါဖြင့် ခင်ဗျားတို့နှစ်ယောက်က ဘဝတူတွေဖြစ်ပြီးတော့ ဒီအိမ်ကြီးပေါ်မှာလာပြီး ရေစက်ဆုံနေကြတယ်ထင်ပါရဲ့"

"အမှန်ပါပဲ၊ အခုတော့ သူတို့ပေးတာယူပြီး ကျွေးတာစားရတဲ့ ဘဝအခြေအနေမျိုး ရောက်နေရပါပြီ၊ ကျွန်တော့်မိဘတွေပေးခဲ့တဲ့ အမွေတွေလည်း သူတို့ဖြုန်းတီးလို့ ဘာမှမကျန်တော့ပါဘူးဗျာ"

"ခင်ဗျားရဲ့ အကြောင်းတွေကိုကြားရတာ ကျွန်တော်စိတ်မကောင်းပါဘူးဗျာ"

ကိုကျော့ဝေဆိုသူကတော့. . . သူပြောချင်သော အကြောင်းများကို ရင်ဖွင့်ပြောလိုက်ရသဖြင့် အတော်ပင်နေသာထိုင်သာ ဖြစ်သွားဟန်ရှိသည်။ ထိုအခါမှ သူရောက်လာပြီး ပြောလိုသောအကြောင်းကို ပြောဆိုသတိပေးလေသည်။

"ကျွန်တော်လာတာ တခြားမဟုတ်ဘူး၊ ခင်ဗျားကိုသတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးစရာရှိလို့ လာခဲ့တာပါ"

"ဘာများလဲဗျ"

"ခင်ဗျား ခင်မျိုးနွယ်နဲ့ နားလည်မှု ရပြီးနေပြီဆိုရင်တော့ ဒီသပွတ်အူလိုရှုတ်ထွေးနေတဲ့ အိမ်ကြီးမှာ ကြာကြာဆက်မထားသင့်ဘူးဗျ"

"ဘယ်လိုပြဿနာရှိနေလို့လဲ"

ထိုအခါ ကိုကျော့ဝေက ရှေ့သို့တိုးပြီး လေသံတိုးတိုးဖြင့် ပြောသည်။

ခင်မျိုးနွယ်ရဲ့ ပတ်ဝန်းကျင်မှာ အန္တရာယ်တွေ ဝိုင်းနေတယ်ဆိုတာတော့ ခင်ဗျားသိထားသင့်တယ်၊ ဦးမောင်လွင်ကလည်း ဒီအခြေအနေတွေကို သိသင့်သလောက်သိပုံရတယ်၊ ဒါကြောင့် သူ့သမီးအတွက် အစာအကွယ်ပေးနိုင်အောင် ခင်ဗျားကို ဒီခေါ်လာတာ ဖြစ်ပုံရပါတယ်"

"လူကြီးချင်း သဘောတူထားပေမယ့် ကျွန်တော်တို့ချင်းက သိပ်မရင်းနှီးသေးဘူးဗျ၊ လက်ထပ်ဖို့တော့ အချိန်ယူရမယ်ထင်ပါတယ်၊ အခုလိုလာပြီး သတိပေးတာ ခင်ဗျားကိုကျေးဇူးတင်ပါတယ် ကိုကျော့ဝေ"

ဒေါက်တာမင်းထင်ကျော်စိတ်ထဲတွင် ကိုကျော့ဝေတစ်ယောက် တကယ့်စေတနာဖြင့် လာရောက်ပြောဆိုနေမှန်း သိသဖြင့် ထိုသို့ပြောလိုက်ခြင်းဖြစ်၏။ ကိုကျော့ဝေက စီးကရက်တို့ကို ပြာခံခွက်ထဲသို့ ထိုးချေထည့်လိုက်ပြီးမှ စကားပြန်ဆက်သည်။





"ခင်ဗျားကို ပြောစရာရှိပါသေးတယ်၊ ဒီအိမ်နဲ့ပတ်သက်တဲ့ အကြောင်းပါပဲ"

"ဘယ်လိုထူးခြားလို့များလဲ"

"ဒီအိမ်က သရဲကြမ်းတယ်၊ နေတဲ့သူတိုင်း သေကြတာများတယ်၊ ဒါကြောင့် ဘယ်သူမှမနေဝံ့ကြဘူး၊ ခင်ဗျားယောက္ခမလောင်းက ဒါကိုသိရက်နဲ့ ခင်ဗျားကို ဘာကြောင့်ဒီမှာထားသလဲဆိုတာတော့ ကျွန်တော်မစဉ်းစားတတ်တော့ဘူး"

"သူက ထားတာမဟုတ်ပါဘူး၊ ကျွန်တော်က သီးခြားနေချင်လို့ ဒီမှာထားတာဖြစ်ပါလိမ့်မယ်၊ ဒါထက် ဒီမှာဘယ်လိုကြောက်စရာကောင်းတာတွေ ရှိနေလို့လည်းဗျ၊ ခင်ဗျားသိရင် ပြောပြပါဦး"

"ခင်ဗျားသိချင်ရင် ထွန်းခကိုသာ မေးကြည့်တော့ဗျာ၊ သူက ဒီမှာ တစ်သက်လုံး နေလာခဲ့တဲ့သူဆိုတော့ ဒီအကြောင်းတွေ အစအဆုံးသိတယ်"

ထိုသို့ပြောဆိုပြီး ကိုကျော့ဝေတစ်ယောက် ပြန်ထွက်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်နေသော အိမ်ဘက်မှ ကိုကျော့ဝေတစ်ယောက် ပြန်လာသည်ကို အိမ်ကြီးပေါ်မှ မကျေမနပ်ဖြင့် လှမ်းကြည့်နေသူတစ်ဦး ရှိနေလေသည်။

ဒါကိုကိုကျော့ဝေ မသိရှာခဲ့ပေ။

ညဦးပိုင်းအချိန်ရောက်တော့ ဒေါက်တာမင်းထင်ကျော်က ထွန်းခကိုခေါ်ပြီး အကျိုးအကြောင်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခမှာ ရခိုင်လူမျိုးဖြစ်ပြီး ထိုဒေသခံလည်းဖြစ်သည်။ သဘောကောင်းပုံရပြီး သတ္တိကောင်းပုံလည်းရလေသည်။ အသက်ကလည်း ၃၀-ဝန်းကျင်သာ ရှိပေသေးသည်။

"ဒီအိမ်က သရဲကြမ်းတယ်လို့ ပြောသွားတယ်၊ ဘယ်လိုကြမ်းတာလည်း ပြောပြပါဦး"

"ဂျပန်ခေတ်ကတော့ ဂျပန်တွေနေကြတယ်၊ အဲဒီမတိုင်ခင်ကတော့ အင်္ဂလိပ်လူမျိုး အရာရှိတွေ နေကြတယ်၊ အင်္ဂလိပ်တွေ နေတဲ့အချိန်ကတော့ ထွေထွေထူးထူး ဘာမှမဖြစ်ခဲ့ပါဘူး"

"ပြောပါဦး"

"ဂျပန်ခေတ်ကတော့ ထူးခြားမှုတစ်ခု ဖြစ်ခဲ့တယ်"

ထွန်းခက အောက်ပါအဖြစ်အပျက်တို့ကို အတိုချုပ်ကာ ပြောပြလေသည်။

တစ်ချိန်က ထိုအဆောက်အဦးဆောက်ထားသော နေရာတစ်ဝိုက်မှာ အခြားသူများ ဝင်ထွက်သွားလာခွင့် မရသော နေရာတစ်ခုလည်း ဖြစ်ပေသည်။ မျက်နှာဖြူ အရာရှိများနှင့် ဂျပန်စစ်ဗိုလ်များ နေထိုင်ခဲ့သော နေရာတစ်ခုသာဖြစ်ပေတော့သည်။

တစ်နေ့တော့ ဘယ်လိုအကြောင်းကြောင့် ဖြစ်သည်မသိပေ။ ထိုအိမ်ကို မီးလောင်လေသည်။ ရှိသည့်လူများနှင့် ငြိမ်းသတ်၍ မနိုင်သဖြင့် ပတ်ဝန်းကျင်မှ လူအချို့လာရောက်ငြိမ်းသတ်ကြရလေသည်။

ထိုအခါမှ အိမ်အတွင်းပိုင်းတစ်နေရာတွင် သံကြိုးခတ်ပြီးဖမ်းထားသော လူအချို့ကိုတွေ့ရလေသည်။

အချို့ အသက်မရှိတော့ပေ။ အချို့မှာ အသက်ရှိနေသေးသော်လည်း ကိုယ်အင်္ဂါ အစိတ်အပိုင်းများ မပြည့်စုံတော့ပေ။ ခြေနှင့်လက်များ ဖြတ်တောက်ထားခြင်း မျက်လုံးဖောက်ထားခြင်း၊ လျှာဖြတ်ထားခြင်း အရှင်လတ်လတ်ကိုယ်တွင်းမှ ကလီစာအစိတ်အပိုင်းအချို့ ထုတ်ယူထားသော သူများကို တွေ့ရသည်။

"ဘယ်သူက ဘာကြောင့် ဒီလိုရက်စက်တဲ့အလုပ်မျိုးတွေ လုပ်တာတဲ့လဲ"

"လူကြီးတွေဆီက သိရတာကတော့ အဲဒီမှာ နောက်ဆုံးနေသွားခဲ့တဲ့ ဂျပန်က ဆရာဝန်လို့ ပြောတယ်၊ သူက အကျဉ်းသားတွေ သုံ့ပန်းတွေကို ဒီအိမ်ရဲ့ တစ်နေရာမှာ ပိတ်လှောင်ထားတယ်၊ သံကြိုးတွေနဲ့ တုပ်နှောင်ထားတယ်"

"တကယ်တော့ . . ကင်ပေတိုင်ရုံးက ဟိုအိမ်ကြီးရဲ့ အောက်ထပ်မှာ ရှိတာမဟုတ်ဘူးလား"

"ဟင် . . . ဆရာက ဘယ်လိုသိနေတာလဲ"

"သေသေချာချာတော့ မသိပါဘူး၊ သတင်းကြားလို့မေးကြည့်တာပါ"

ထွန်းခက စကားပြန်ဆက်သည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကင်ပေတိုင်ရုံးမှာ ဖမ်းမိထားတဲ့ လူတွေထဲက တချို့ကို ဂျပန်ဆရာဝန်  အဲဒီမှာခေါ်ပြီး တိရိစ္ဆာန်တွေလို ပိတ်လှောင်ထားတယ်"

"ဘာအတွက်လဲ"

"ဂျပန်စစ်သားတွေ ဒဏ်ရာရလာတာပဲဖြစ်ဖြစ် မျက်လုံးနဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ တစ်ခုခုချို့ယွင်းပျက်စီးလာရင် အဲဒီဖမ်းထားတဲ့ လူတွေရဲ့ ကိုယ်ခန္ဓာက အစိတ်အပိုင်းတွေကိုလှီးဖြတ်ပြီတော့ လဲလှယ်ပေးတယ်"

"ရက်စက်ယုတ်မာတာပဲ"

"ဒါကြောင့် တစ်ယောက်ယောက်က အသက်သေချင်သေပစေ ဘဝဆိုးက ကျွတ်အောင်ဆိုပြီး အိမ်ကိုမီးနဲ့ ရှို့လိုက်တာလို့ ပြောတယ်"

"မီးလောင်တော့ ဘယ်လိုဖြစ်သွားကြသတဲ့လဲ"

"တော်တော်များများက မီးလောင်လို့ သေသွားကြတယ်၊ အသက်မသေပဲ ကျန်ခဲ့တဲ့သူတွေလည်း နောက်မကြာခင်မှာ သေသွားကြတယ်ထင်ပါရဲ့"

"ဆက်ပြောပါဦး"

"နောက်တော့ အဲဒီအိမ်ကို အသစ်ပြန်ဆောက်လိုက်တယ်၊ ဆောက်ပြီးတော့ ဂျပန်ဆရာဝန်ကြီးက အဲဒီမှာ ပြန်နေတယ်၊ ဒါပေမယ့် သိပ်မကြာပါဘူး၊ ညဘက်စူးစူးဝါးဝါး အော်ဟစ်သံတွေကြားလို့ ဂျပန်စစ်သားတွေ သွားကြည့်တော့ အသက်





မမီတော့ဘူး၊ ရုပ်ပျက်ဆင်းပျက်နဲ့ သေနေပြီ"

"ဘယ်လိုဖြစ်ပြီးသေတာလဲ"

"အဲဒါတော့ ဘယ်သူမှမသိလိုက်ကြဘူး၊ သူတို့ရောက်သွားတော့ မျက်လုံးနှစ်လုံးရော မရှိတော့ဘူး၊ လျှာကိုလည်း အရင်းက ဖြတ်ယူသွားတယ်၊ ဗိုက်ထဲက ကလီစာတွေကိုလည်း ဆွဲထုတ်ယူသွားတာ အပိုင်းအပြတ်တွေပဲ ကျန်ခဲ့တော့တယ်"

"တယ်ရန်ညှိုးကြီးတာပဲကိုး"

"လူကြီးတွေပြောတာကတော့ မကျွတ်မလွတ်တဲ့ဝိညာဉ်တွေ သရဲတစ္ဆေတွေက ပြန်သတ်သွားတာလို့ ပြောကြတယ်၊ ဒီလိုအဖြစ်မျိုးတွေက တကယ်ဖြစ်နိုင်သလားဟင်"

"ဖြစ်နိုင်ပါတယ်၊ လူတွေလည်း သူတို့ကိုနှိပ်စက်ထားရင် ရန်ငြိုးဖွဲ့တတ်ကြသလို ပရလောကသားတွေကလည်း ရန်ငြိုးဖွဲ့ပြီး ကလဲ့စားချေတတ်ကြပါတယ်၊ ပြောရရင်တော့ လူတွေရဲ့ရန်ငြိုးက လွတ်အောင် ပုန်းရှောင်လို့ ရချင်ရပေမယ့် ပရလောကသားတွေ ရန်ငြိုးဖွဲ့လာရင် ဘယ်နေရာပြေးပြေး မလွတ်တော့ပါဘူး"

"ကြောက်စရာပဲ"

ထွန်းခက ခပ်တိုးတိုးရေရွတ်လိုက်သည်။

အချိန်က တဖြည်းဖြည်းနှင့် ညနေပိုင်းကျော်လာခဲ့ပြီမို့ အမှောင်ရိပ်များက သမ်းစပြုလာပြီဖြစ်၏။

ထွန်းခက နေရာမှထသွားပြီး ချိတ်ဆွဲထားသော ရေနံ



www.burmeseclassic.com

www.burmeseclassic.com



ဆီမီးအိမ်ကို မီးမြှင့်လိုက်သဖြင့် အလင်းရောင်ရလာလေသည်။

ဒေါက်တာမင်းထင်ကျော်က ဝရံတာတွင် ချထားသော ကုလားထိုင်တွင်ထိုင်၍ စီးကရက်သောက်ရင်း တဝက်တပျက် လှမ်းမြင်နေရသော နရသိမ်စံအိမ်ကြီးအပေါ်ပိုင်းကို လှမ်းကြည့်နေသည်။

အမှောင်ရိပ်များ သမ်းလာသော အချိန်တွင် အိမ်ကြီးရှိရာဘက်မှ မီးရောင်အချို့ မြင်နေရသည်။ အမှောင်ရိပ်ဖုံးလွှမ်းစ အချိန်တွင် မကောင်းဆိုးဝါးကြီးတစ်ကောင်လိုလို ရဲတိုက်ဟောင်းကြီးတစ်လုံးကဲ့သို့ သဏ္ဍာန်တူလေသည်။

ဝေယျာဝစ္စများ ပြုလုပ်ပြီးတော့ ထွန်းခက လက်ဘက်ခြောက်များများခပ်ထားသော လက်ဖက်ရည်နှင့် ပန်းကန်ကိုယူလာပြီး စားပွဲပေါ် ချပေးသည်။

"ကိုကျော့ဝေပြောသွားတဲ့အတိုင်းဆိုရင် ဒီမှာလာနေတဲ့သူတိုင်း သေကြတယ်လို့ ပြောတယ်၊ မင်းသိသမျှ ပြောပြပါဦး"

"လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ဒီနေရာက နေရာကောင်းတော့ ဝယ်ပြီးလာနေကြသေးတယ်၊ ဒါပေမယ့် ဘယ်သူမှ ကြာကြာမနေနိုင်ကြဘူး၊ ထွက်ပြေးရတာချည်းပဲ၊ ဒုတိယ လာနေတဲ့ မိသားစုဆိုရင် သုံးယောက်စလုံး သေသွားကြတယ်"

"ဘယ်လိုကြောင့် သေတာတဲ့လဲ"

"သရဲသတ်လို့ သေတာပဲဖြစ်မှာပေါ့ ဆရာရယ်၊ မျက်လုံးတွေပေါက်၊ လျှာတွေပြတ်၊ ကလီစာတွေ အထုတ်ခံရပြီး သေ





သွားကြတာပဲ၊ နောက်တော့ ဘယ်သူမှ လာမနေဝံ့တော့ပါဘူး၊ ဒါပေမယ့် သူရဲကြမ်းတာကို မယုံတဲ့သူတွေက တစ်ယောက်နဲ့ တစ်ယောက်အလောင်းအစားလုပ်ပြီး တစ်ခါလာနေကြည့်ကြသေးတယ်"

"သူတို့ရော ဘာဖြစ်သွားသေးသလဲ"

ထွန်းခက အောက်ပါအဖြစ်အပျက်အချို့ကို ထပ်မံပြောပြပြန်လေသည်။

တစ်နေ့သ၌ စစ်တွေမြို့၌နေထိုင်သော လူနှစ်ယောက်နှင့် အခြားအရပ်ဒေသမှလာသော လူတစ်ယောက်တို့ အရက်သောက်ရင်း စကားပြောနေကြသည်။

ရပ်ဝေးမှ လာသောလူက. . .

"ငါလာတာမှာ ကြောက်တတ်ရင်လွဲ၊ ရဲရင်မင်းဖြစ်ဆိုတဲ့ စကားအတိုင်း ဘယ်အလုပ်မဆို သတ္တိရှိရှိနဲ့ စွန့်စွန့်စားစား လုပ်နိုင်ရင် အကျိုးကျေးဇူး ရနိုင်ပါတယ်"

ဟု ပြောသည်။

"ကိုဘဇံကြည့်ရတာ နေရာအနှံ့ကို တစ်ယောက်တည်း သွားလာနေတာဆိုတော့ အတော်ကလေး သတ္တိကောင်းပုံရတယ်"

ဒေသခံလူရွယ်ကပြောတော့ ကိုဘဇံဆိုသောလူက. . 'တဟဲဟဲ'နှင့် ရယ်နေလေသည်။ ထိုအခါ တစ်ယောက်က ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာကို လက်ခံပေမယ့် တချို့နေရာတွေမှာတော့ မမှန်နိုင်ဘူးဗျ"

"ဘယ်လိုကြောင့်လဲ"

"တချို့ကိစ္စတွေမှာ သတ္တိရှိတိုင်းလည်း လုပ်မရတာမျိုးတွေ ရှိတယ်ဗျ"

"ဘယ်လိုကိစ္စမျိုးတွေလဲ"

"ဥပမာပြောရရင် ကျုပ်တို့မြို့မှာရှိတဲ့ နေရာတစ်နေရာဆိုရင် သရဲခြောက်လွန်းလို့ ဘယ်သူမှ ညမအိပ်ဝံ့လူး၊ အိပ်ရင်လည်း သေတာများတယ်၊ ဒီလိုနေရာမျိုးကို သတ္တိကောင်းတယ်ဆိုတိုင်း သွားနေလို့ ဖြစ်ပါ့မလား"

"ဘာကြောင့်မဖြစ်ရမှာလဲ၊ လူကြမ်းရင် နတ်ကြမ်းတောင် မခံနိုင်ဘူးဆိုတဲ့စကား ရှိသားပဲ၊ ဒီသရဲတစ္ဆေတွေလောက်တော့ ဘာများမှုစရာရှိလို့လဲ"

"ကိုဘဇံက ကိုယ့်ကိုယ်ကို တယ်လဲအထင်ကြီးတာပဲကိုး၊ ဒီလောက် သတ္တိကောင်းနေပြီဆိုမှဖြင့် အခု ကျုံကြိုက်တုန်း အဲဒီအိမ်ကြီးမှာ တစ်ညလောက်သွားနေကြည့်ပါလား"

"ခင်ဗျားတို့က ကျုပ်ကိုစိန်ခေါ်နေကြတာထင်ပါရဲ့၊ ဘဇံကလည်း ဒါမျိုးဆိုရင် တယ်ပြီးလက်မရှောင်ချင်ဘူးဗျ၊ ဒါပေမယ့် ဒီအတိုင်းတော့ မဖြစ်ဘူး၊ လောင်းကြေးလေး ဘာလေးနဲ့ဆိုရင်တော့ ပိုပြီးကောင်းမယ် ထင်ပါတယ်"

ထိုသို့ အရက်သောက်ရင်းနှင့် ပြောကြရာ တစ်ညသွား





နေပြီးပြန်လာလျှင် ငွေနှစ်ရာနှင့် အရက်ဝအောင် တိုက်ပါမည်ဟု ကတိပေးလိုက်ရာ ဘဇံဆိုသူက လက်ခံလိုက်သည်။

ညဦးပိုင်းအချိန်ရောက်တော့ သုံးယောက်သား ပင်လယ်ကမ်းခြေဘက်သို့ သွားကြလေသည်။

ထိုအချိန်က နရဏ်သိခ်စံအိမ်ကြီးမှာပင် နေထိုင်သူ မရှိသေးပေ။ ဘန်ဂလိုပုံစံမျိုးနှင့်တူအောင် ဆောက်ထားသော အိမ်မှာလည်း လူမရှိပေ။

"ကျုပ်က ဘယ်အိမ်မှာ အိပ်ရမှာလဲ"

"ဒီဘက်အိမ်က ဘေးမှာသွားနေရမှာ"

"ကောင်းပြီ ခင်ဗျားတို့က ဘယ်နေရာက စောင့်မှာလဲ"

"တစ်နေရာကပေါ့ဗျာ၊ ကျွန်တော်တို့ကတော့ အိမ်ထဲရောက်တဲ့အထိ လိုက်မနေဝံ့ပါဘူး"

ညဦးပိုင်းအချိန်ရောက်တော့ ဘဇံမှာ အရက်တစ်ပုလင်း၊ မီးအိမ်တစ်လုံး၊ ဓားမြှောင်တစ်လက်တို့ကို ယူဆောင်ကာ ထိုအိမ်အတွင်းသို့ ဝင်သွားလေသည်။

ဘဇံကို အသက်ရှင်လျှက်နှင့် တွေ့လိုက်ရခြင်းမှာ နောက်ဆုံးဖြစ်လေသည်။ သန်းခေါင်ယံကျော်တော့ ထိုအိမ်အတွင်းမှ စူးစူးဝါးဝါး အော်သံများကြားရသည်။

နောက်တစ်နေ့ မိုးလင်းသည်အထိ အိမ်တွင်းမှ ပြန်ထွက်လာတာ မတွေ့ရသဖြင့် အတွင်းသို့ ဝင်ကြည့်သောအခါ ကြမ်းပြင်ပေါ်တွင် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေသော



www.burmeseclassic.com

www.burmeseclassic.com



ဘဝအလောင်းကိုသာ စိတ်မကောင်းဖွယ်ရာ တွေ့ကြရလေတော့သည်။

အထက်ပါ အကြောင်းအရာများမှာ ဒေါက်တာမင်းထင်ကျော်အား ထွန်းခက ပြန်ပြောပြသော အဖြစ်အပျက်အချို့ပင် ဖြစ်ပေသည်။







# အခန်း[၅]

# ဝိညာဉ်များနှင့် စကားပြောခြင်း

တာမင်းထင်ကျော်မှာ ညဉ့်နက်ပိုင်းအချိန် ရောက်သည်အထိ အိပ်မပျော်သေးပဲ ထိုအိမ်နှင့် ပတ်သက်သည့် အကြောင်းများကို စဉ်းစားနေလေသည်။

သူ့အနေဖြင့် ထိုကဲ့သို့အိမ်မျိုးမှာ နေရသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်းမဖြစ်မိပေ။



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပေးနိုင်သည့် လူများနှင့် တွေ့ပါက သေနတ်ဖြင့် ရှင်းလင်းမည်ဖြစ်ပြီး ပရလောကသားများနှင့် တွေ့လျှင်တော့ ဆရာကြီး သူရဋ္ဌနှင့် ဦးဇန်ကောင်းတို့ စီရင်ပေးထားသော အစီအရင်ဆေးများ၊ အင်းများ၊ ရုပ်တုများဖြင့် ဖြေရှင်းနိုင်သောကြောင့် ဖြစ်သည်။

ယခုကဲ့သို့သော ပရလောကသားများနှင့် ပတ်သက်သော နေရာမျိုးသို့ ဦးဇန်ကောင်းပါလာလျှင် ပိုကောင်းမည်ဟု စိတ်ထဲမှတွေးနေမိသည်။

ညဉ့်နက်ပိုင်းရောက်တော့ ထွန်းခက သူ့အတွက် ပေးထားသော နောက်ဘက်မှ အဆောင်၌ သွားအိပ်သည်။ ဒီလိုနေရာမျိုးတွင် တစ်ယောက်တည်းနေထိုင်ဝံ့သော ထွန်းခ၏ သတ္တိကိုလည်း စိတ်ထဲမှချီးကျူးမိသည်။

သန်းခေါင်ယံကျော်တော့ အိမ်တွင်းမှသော်လည်းကောင်း၊ အပေါ်ထပ်မှသော်လည်းကောင်း ခြေသံများ ကြားလာရသည်။ အော်သံလိုလို ညီးညူသံလိုလို အသံများ ကြားလာရသည်။ သူ့အိတ်ထဲမှာတော့ ဦးဇန်ကောင်း စီရင်ထုလုပ်ပေးထားသော ဂမုန်းဖြူရုပ်တုတစ်ခုပါသည်။ ခါးကြားမှာတော့ သေနတ်တစ်လက်ရှိသည်။ လက်ထဲမှာ လက်နှိပ်မီးတစ်လက်ကိုင်ကာ အသံများကို နားစွင့်ကြည့်သည်။

ကြားနေရသောအသံများ အခြားနေရာမှမဟုတ်ပဲ ထိုအိမ်အတွင်းမှ ဖြစ်သည်။ ထို့ကြောင့် လက်နှိပ်မီးကိုကိုင်ပြီး အပြင်





သို့ ထွက်ကြည့်သည်။

အိမ်ထဲတွင် မီးအိမ်တစ်လုံး ထွန်းထားသဖြင့် အလင်းရောင်အချို့ ရှိနေရာ အတန်အသင့် မြင်ရသည်။ အတွင်းမှာတော့ ဘာမှမတွေ့ရပေ။ ကြားနေရသော အသံများမှာ အိမ်အတွင်းပိုင်းမှ ဖြစ်သော်လည်း မည်သည့်နေရာမှ ဖြစ်သည်ကိုတော့ သေသေချာချာမသိရသေးပေ။

ဒေါက်တာမင်းထင်ကျော်က တစ်အိမ်လုံး လိုက်ကြည့်ရာ အပေါ်ထပ်တက်သော လှေခါးနားရောက်တော့ အပေါ်ထပ်သို့ တက်သွားသော ပုံရိပ်သဏ္ဍာန်တစ်ခုကို ဝိုးတဝါး လှမ်းမြင်လိုက်ရသဖြင့် ထိုနေရာဘက်သို့ လျှောက်သွားလေသည်။

လှေခါးထိပ်ရောက်တော့ အပေါ်သို့မော့ကြည့်လိုက်သည်။ အပေါ်ထပ် မီးရောင်မရှိသဖြင့် မှောင်နေသည်။

သို့သော် တစ်စုံတစ်ယောက်က မိမိကိုငုံ့ကြည့်နေသည်ဟု စိတ်ထဲမှထင်မိသဖြင့် လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။ မျက်လုံးနှစ်လုံးမရှိတော့ မျက်တွင်းဟောက်ပက်ဖြစ်နေသော မျက်နှာတစ်ခုကို ဖျပ်ခနဲ တွေ့လိုက်ရသည်။

မီးရောင်နှင့်တွေ့သည်နှင့် အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ပထမတော့ အပေါ်ထပ်သို့ တက်ကြည့်ရန် စိတ်ကူးမိသေးသည်။ နောက်တော့ နံနက်လင်းတော့မှ အေးအေးဆေးဆေး အခြေအနေတက်ကြည့်တော့မည်ဟု စိတ်ကူးပေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းရှိသော နေရာဘက်သို့ ပြန်လာလေသည်။

ထိုညအဖို့ နောက်ထပ်တော့ မည်သည့်ထူးခြားမှုမျိုးမှ ထပ်မတွေ့ရတော့ပေ။

နောက်တစ်နေ့မှာတော့ ထွန်းခမရှိသော အချိန်တွင် အပေါ်ထပ်သို့ တက်ကြည့်လေသည်။

အပေါ်ထပ်မှာ အဝတ်ပင်ကျယ်ဝန်းပြီး တံခါးပိတ်ထားသော အခန်းမျိုး တွေ့ရသည်။ ဘန်ဂလိုပုံသဏ္ဍာန် ဆောက်ထားခြင်း ဖြစ်သော်လည်း တကယ်တော့ နှစ်ထပ်အိမ်တစ်လုံးပင်ဖြစ်သည်။

ပထမဆောက်သော အိမ်ဟောင်းကို ဂျပန်ခေတ်၌ မီးလောင်သွားခဲ့သဖြင့် ယခုဆောက်ထားသောအိမ်မှာ နောက်ထပ်ဆောက်ထားသော အိမ်ပင်ဖြစ်သည်။

သို့သော်လည်းနှစ်ကာလအားဖြင့်-၁၅-နှစ်ဝန်းကျင်ခန့်ကြာခဲ့သည်ကတစ်ကြောင်း၊ ပင်လယ်ကမ်းခြေ၌ ဆောက်ထားသောကြောင့် လေဒဏ်မိုးဒဏ်များ ခံရသည်ကတစ်ကြောင်းကြောင့် အတော်ပင်ဟောင်းနွမ်းနေပေပြီ။

နရဏီသခ်ိစံအိမ်ကဲ့သို့ပင် အဝေးမှလှမ်းကြည့်လျှင် အမည်းရောင်အိမ်များ အဖြစ်နှင့်သာ လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က အပေါ်ထပ်တက်ကာနီးတော့ လှေခါးထစ်များကိုမီးရောင်ဖြင့် ထိုးကြည့်သေးသည်။ လှေခါးထစ်များပေါ်မှာ အတက်အဆင်းပြုလုပ်သောခြေရာ





မတွေ့ရပဲ ဖုံများသာ တွေ့ရတော့မှ အပေါ်ထပ်တက်သွားခြင်းဖြစ်သည်။

အပေါ်ထပ်ရောက်တော့ ကြမ်းပြင်ပေါ်သို့ မီးရောင်ဖြင့်ထိုးကြည့်လိုက်သည်။ အပေါ်ထပ်မှာ မှောင်နေသဖြင့် ထုတက်နေသော ဖုံများကိုအရင်တွေ့ရသည်။

ထိုကြမ်းပြင်ပေါ်မှာတော့ မည်သည့်ခြေရာမှ မရှိပေ။

သို့သော်လည်း မီးရောင်ဖြင့် ထိုးကြည့်သော အချိန်မှာပင် ကြမ်းပြင်ပေါ်မှ ဖြတ်လျှောက်သွားသော ခြေရာတစ်ခုက ထင်ထင်ရှားရှား ပေါ်လာသည်။ ရှေ့က ခြေရာတစ်ခု ပေါ်လာသည်နှင့် နောက်ကခြေရာက ပျောက်သွားခြင်းမျိုး ဖြစ်လေသည်။ ကြည့်နေရင်းမှာပင် ခြေရာက ပိတ်ထားသော အခန်းတစ်ခန်းအတွင်းသို့ ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က အပေါ်ထပ်သို့ တက်သွားပြီး အခြေအနေကြည့်ကာ ပိတ်ထားသော အခန်းများကိုဖွင့်ကြည့်သည်။ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

ထိုအခန်းများထဲတွင် အသုံးအဆောင်ပရိဘောဂများ မရှိသလို အခြားဘာမှလည်းမတွေ့ရပေ။

အပေါ်ထပ်မှာ အခန်းသုံးခန်းရှိသည်။ နှစ်ခန်းဖွင့်ကြည့်ပြီး နောက်တစ်ခန်းဖွင့်ကြည့်သောအခါ မရပေ။ တစ်စုံတစ်ယောက်က အတွင်းမှဆွဲထားသကဲ့သို့ ရှိသည်။

"မဖွင့်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ အခန်းတွင်းမှ တောင်းပန်သော အသံမျိုးဖြင့်ပြောသော လေသံသဲ့သဲ့ ကြားရသည်။

စကားသံတော့ စကားသံဖြစ်သည်။ သို့သော် လေတိုးသံကဲ့သို့ သဲ့သဲ့ကလေးမျှသာ ကြားလိုက်ရသော အသံမျိုး ဖြစ်သည်။

"တံခါးမဖွင့်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"အလင်းရောင်ကြောက်လို့ပါ"

"ဒါဖြင့် ဘယ်အချိန်ဖွင့်ရမလဲ"

"တွေ့ချင်ရင် ညမှတက်လာပါ"

ထို့ကြောင့် ထွေထွေထူးထူး ထပ်မမေးတော့ပဲ အောက်ထပ်သို့ ပြန်ဆင်းလာသည်။

နေ့လည်ဘက်ရောက်တော့ ဦးမောင်လွင်က အခေါ်လွှတ်သဖြင့် နရဏီသန် စံအိမ်ဘက်သို့ သွားရသည်။

ဦးမောင်လွင်က သူနေသော အပေါ်ထပ်အခန်းမှာပင် ခေါ်တွေ့လေသည်။

"နေရတာ အဆင်ပြေရဲ့လားမောင်မင်းထင်ကျော်"

"ဟုတ်ကဲ့. . ပြေပါတယ်"

"တကယ်လို့ ဟိုမှာနေရတာ အဆင်မပြေရင် ဒီအိမ်ကြီးပေါ်မှာ လာနေရင်လည်း ရပါတယ်"

"ကျွန်တော် ဟိုဘက်မှာပဲ နေပါ့မယ်၊ ဟိုဘက်အိမ်မှာ စိတ်ဝင်စားစရာတွေ ရှိနေလို့ပါ"





ဦးမောင်လွင်က ခေါင်းတစ်ချက်ညိတ်ပြသည်။

"အခု တစ်ရက်နှစ်ရက်မှာ ကျုပ်ခရီးထွက်စရာ ကိစ္စတစ်ခု ရှိနေတယ်၊ ကျုပ်မရှိတဲ့အချိန်မှာ သမီးကိုစောင့်ရှောက်ပေးပါ"

"ကောင်းပါပြီ"

ထို့နောက် အခြားကိစ္စများ ပြောဆိုကြပြီး ဒေါက်တာမင်းထင်ကျော်က တစ်ဖက်သို့ ပြန်ကူးလာလေသည်။

ညအချိန်ရောက်တော့ ထွန်းခအိပ်ယာဝင်သွားသောအချိန်ရောက်မှ လက်နှိပ်မီးနှင့် သေနတ်ကိုယူ၍ တစ်ယောက်တည်း အပေါ်ထပ်တက်ခဲ့သည်။ သူတက်သွားသော အချိန်တွင် အပေါ်ထပ်၌ရှိသော အခန်းတစ်ခန်းမှ စကားပြောသံလိုလို အသံအချို့ ကြားရသည်။

ဒေါက်တာမင်းထင်ကျော်က စကားသံကြားရသော အခန်းရှိရာရှေ့သို့ လျှောက်သွားသည်။ သူရောက်သွားသောအခါ အတွင်းမှစကားသံများ ရပ်တန့်သွားပြီး အသံတစ်သံ ထွက်လာလေသည်။

"ရောက်လာပြီလား"

"ဟုတ်တယ်တံခါးဖွင့်ကြည့်လို့ ရမလား"

"မဖွင့်ပါနဲ့ ကျုပ်တို့ ဖွင့်ပေးပါ့မယ်၊ ဒါပေမယ့် အတွင်းထဲ မဝင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ကျုပ်တို့နဲ့ မသက်ဆိုင်တာတွေ ခင်ဗျားဆီမှာရှိတယ်၊ ဒါတွေရှိရင်မနေနိုင်ဘူး"

ထိုသို့ပြောတော့မှ သဘောပေါက်သွားလေသည်။

"ကောင်းပြီ အထဲမှာခင်နဲ့ဆိုရင် မဝင်ပါဘူး တံခါးသာဖွင့်ပေးပါ"

"တဆိတ်လောက် မီးရောင်လေးမှိတ်ထားပေးပါ"

ဟု ပြောသဖြင့် လက်နှိပ်မီးရောင်ပိတ်ပေးလိုက်သည်။

ထိုအခါ အပေါ်ထပ်တစ်ခုလုံး မည်းမှောင်သွားတော့သည်။

မီးရောင်မှိတ်သွားတော့ ကြည့်နေရင်းမှာပင် ပိတ်ထားသောတံခါးက တဖြည်းဖြည်း ပွင့်လာသည်။

ထိုသို့တံခါးပွင့်သွားမှတော့ အခန်းထဲမှာရှိသော ပုံရိပ်သဏ္ဌာန်များကို ဝိုးတဝါး မြင်ရသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ကျုပ်တို့ကဒီနေရာမှာ နှစ်ပေါင်းအတော်ကြာအောင်ရှိနေကြတဲ့ မကျွတ်မလွတ်သေးတဲ့လူတွေပါ"

ထိုသို့အသံကြားတော့ ဒေါက်တာမင်းထင်ကျော်က ပြန်မေးလိုက်သည်။

"ခင်ဗျားတို့အတွက် ဘာလုပ်ပေးစေချင်သလဲ"

"ကျုပ်တို့မှာ တခြားနေစရာ မရှိပါဘူး၊ နှင်မထုတ်ပါနဲ့"





"မိတ်ဆွေလိုနေရင် နှင်မထုတ်ပါဘူး"

"နေပါ့မယ်"

"ခင်ဗျားတို့ မျက်နှာတွေကို ကြည့်ချင်ပါတယ်"

ထိုသို့ပြောတော့ တစ်ယောက်ချင်း မနီးမဝေးနေရာမှ လာပြီးမျက်နှာပြကြသည်။

စိတ်မကောင်းစရာကောင်းသော မြင်ကွင်းဖြစ်သည်။

မျက်စိဖောက်ခံရသူက မျက်စိကိုဖြဲပြသည်။ နှာခေါင်းမရှိသူ နားရွက်မရှိသူတို့က ထိုနေရာကို ပြသည်။

ကိုယ်တွင်းမှ ကလီစာများ အထုတ်ခံထားသူများက ဗိုက်ကိုဖွင့်ပြသည်။

ခြေလက်တို့ကို ဖြတ်တောက်ခံထားသူတို့ကလည်း သူတို့၏ ဆုံးရှုံးသွားသော ခြေနှင့်လက်တို့ကို မြင်သာအောင်ပြကြလေသည်။

သူတို့ကိုမြင်တော့ ဗွန်းခပြောပြသော အကြောင်းများတို့ ပြန်သတိရလာလေသည်။

နောက်ဆုံးတော့ မျက်စိနှစ်လုံး မရှိတော့သည့် လူတစ်ယောက်သာ မနီးမဝေးနေရာမှာ ရပ်နေတော့သည်။

"မိတ်ဆွေတွေလိုနေမယ်ဆိုရင် ကျုပ်အတွက်အကူအညီလိုရင်ပေးပါ"

"မကြာခင် ဗိညာဉ်အသစ်တွေ တိုးလာကြလိမ့်မယ်"

ထိုသို့ပြောပြီး တဖြည်းဖြည်းပျောက်သွားသည်။ ဟထား



www.burmeseclassic.com

www.burmeseclassic.com



သော တံခါးချပ်လည်း တဖြည်းဖြည်းနှင့် သူ့အလိုလိုပြန်ပိတ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်ကာ အောက်ထပ်သို့ ပြန်ဆင်းလာလေသည်။ လှေခါးထိပ်ရောက်တော့ မီးအိမ်တစ်လုံးကိုင်ပြီး ရပ်နေသော ထွန်းခကိုတွေ့ရသည်။

"ဆရာ မှောင်ကြီးထဲမှာ ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဟု မေးသည်။

"အပေါ်ထပ်က လူတွေနဲ့ ပြောနေတာပါ"

"ဟင်. ."

ထွန်းခမျက်နှာမှာ များစွာအံ့ဩသွားဟန် ရှိလေသည်။

"ဆရာက တကယ့်ကို လူတစ်မျိုးပါလား"

ဟု ရေရွတ်နေစဉ်မှာပင် နရဏီသိန်ခ်စံအိမ်ရှိသောဘက်မှ သေနတ်သံတစ်ချက် ကြားလိုက်ရသည်။

"လာ. . သွားရအောင်"

ဒေါက်တာမင်းထင်ကျော်က သေနတ်နှင့် လက်နှိပ်မီးကိုရှေ့မှကိုင်ပြီး ရှေ့မှခတ်သုတ်သုတ်ထွက်လာရာ ထွန်းခလည်း နောက်မှလိုက်လာလေသည်။

တံခါးပေါက်ရောက်တော့ အစောင့်ကိုမေးလိုက်သည်။

"ဘာဖြစ်တာလဲ"





"မသိသေးဘူးဆရာ အောက်ထပ်က သေနတ်သံတစ်ချက် ကြားလိုက်ရတယ်"

ထိုသို့ပြောသဖြင့် အိမ်ထဲဝင်လာလေသည်။ အိမ်ထဲမှာ ဦးမင်းဒင်၊ ခင်မျိုးသွယ်၊ ထွန်းအောင်ခိုင်၊ မေရီကျော်တို့လေးယောက်ကို တွေ့ရသည်။ အပေါ်ထပ် လှေခါးထိပ်တွင် ရပ်နေသော ခင်မျိုးနွယ်နှင့် အိမ်ဖော်မိန်းကလေးကိုလည်း လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်ဝင်လာတော့ အားလုံးက လှမ်းကြည့်နေကြသည်။ သူ့လက်ထဲတွင် သေနတ်တစ်လက်ပါလာတာမြင်တော့ အံ့ဩနေကြဟန်ရှိသည်။

"ဘာဖြစ်တာလဲ"

"မသိသေးဘူး၊ ကိုကျော်ဝေအခန်းထဲက သေနတ်သံကြားတာပဲ"

ခင်မျိုးသွယ်က ပြောသဖြင့် ထိုအခန်းရှိရာဘက်သို့ လျှောက်လာသည်။ ကိုကျော်ဝေနေသောအခန်းမှာ ခင်မျိုးသွယ်နေသောအခန်းနှင့် မျက်နှာချင်းဆိုင်၌ ရှိသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှလျှောက်သွားတော့ ကျန်လူများက နောက်မှလိုက်လာကြသည်။

ခင်မျိုးသွယ်ကလည်း အဖော်မိန်းကလေးကိုခေါ်ပြီးမှရဲ တခဲဖြင့် အောက်ထပ်သို့ဆင်းလာလေသည်။

ထိုအခန်းရှေ့ရောက်တော့ ခင်မျိုးသွယ်က ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သူနေတဲ့အခန်းပဲ"

ဒေါက်တာမင်းထင်ကျော်က တံခါးခေါက်လိုက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

သို့သော် မထူးခြားပေ။

ဒေါက်တာမင်းထင်ကျော်က နာမည်ခေါ်ကြည့်လိုက်ပြန်သည်။ အသံမကြားရသဖြင့် တံခါးကိုဆွဲဖွင့်ကြည့်သည်။ သို့သော် အတွင်းမှ ဂျက်ထိုးထားသဖြင့် ဖွင့်မရပေ။

"တံခါးဂျက်ထိုးထားတယ်"

"သူ တစ်ခုခုဖြစ်နေပြီလားမသိဘူး၊ တံခါးဖျက်ဝင်ကြည့်မှဖြစ်မယ်"

ခင်မျိုးသွယ်က နောက်မှလှမ်းပြောသဖြင့် တံခါးကိုခြေထောက်နှင့် ဆောင့်ကန်လိုက်ရာ 'ဝုန်း'ခနဲ ဂျက်ပြုတ်သွားကာ တံခါးပွင့်သွားလေတော့သည်။

အခန်းတွင်းမှာ မီးအိမ်တစ်လုံး ထွန်းထားသောကြောင့် အလင်းရောင်အချို့ ရှိနေသည်။

အိပ်ယာပေါ်မှာတော့ ကိုကျော့ဝေရှိသည်။ ပက်လက်အနေအထားဖြင့် ငြိမ်သက်နေခြင်း ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်က ရှေ့ဆုံးမှ ဝင်သွားပြီး အခြေအနေကိုကြည့်သည်။

ပက်လက်အနေအထားဖြင့် ဦးခေါင်းက ဘေးစောင်းလျက်သား ဖြစ်နေသောကြောင့် ကျည်ဆံဝင်သွားသောလမ်းကြောင်းကို တွေ့ရသည်။ ကျည်ဆံထိပ်ဖူးသည် သူ၏ ညာဘက်





မျက်လုံးမှ ဝင်သွားခြင်းဖြစ်သည်။ အနီးကပ်ဝင်သွားခြင်းဖြစ်သောကြောင့် မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေသည်။ သူ့အသက်ကို ဇီဝိန်ခြွေသွားသော သေနတ်က သူ၏ ညာဘက်လက်ထဲ၌ပင် ရှိနေသေးသည်။

လောလောဆယ်အခြေအနေကတော့ ထွေထွေထူးထူး စဉ်းစားစရာ သိပ်မရှိလှပေ။

ဘဝအတွက် ထွက်ပေါက်ပိတ်နေပြီး အကျဉ်းအကျပ်ထဲ ရောက်နေရရှာသည့် ကိုကျော့ဝေတစ်ယောက် ထွက်ပေါက်ရှာသွားခြင်းပင် ဖြစ်ပေလိမ့်မည်။

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်ပြီး နေရာမှထကာ အခန်းအခြေအနေကိုကြည့်သည်။ အခန်းတွင်းမှာရှိသည့် ပစ္စည်းများမှာ ခြေရာလက်ရာမပျက် ရှိနေကြသည်။ ပြတင်းတံခါးများမှာလည်း ဂျက်ချလျက်သားဖြင့် ပိတ်လျက်သား ရှိနေကြသည်။

အိပ်ယာနံဘေး၌ရှိသော စားပွဲပေါ်မှာတော့ ပါဆယ်ထုပ်ဖောက်ထားသော ပစ္စည်းအချို့ကို တွေ့ရလေသည်။ ပါဆယ်ထုပ်ကို အလောတကြီးဖွင့်ထားသောကြောင့် ကြိုးစနှင့် စက္ကူများက စားပွဲပေါ်သို့ ကျနေသည်။ ပါဆယ်ထုပ်အတွင်းမှာတော့ မည်သည့်ပစ္စည်းမှမတွေ့ရပေ။

"ဘာဖြစ်တာလဲ"

ဦးမင်းဒင်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကတော့ သူ့ဖာသာသတ်သေသွားတဲ့ ပုံမျိုးပါပဲ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"လောလောဆယ်တော့ အလောင်းကို ဒီအတိုင်းထားပြီး ပုလိပ်တွေကို အကြောင်းကြားရပါမယ်"

"ပုလိပ်တွေ မခေါ်လို့ မရဘူးလား၊ တော်ကြာ ဒီအိမ်မှာ အဝင်အထွက်တွေ ရှုတ်လာလိမ့်မယ်"

"ဒီအမှုမျိုးက ပုလိပ်နဲ့ သက်ဆိုင်တဲ့ အမှုမျိုး ဖြစ်ပါတယ်၊ တကယ်လို့ သူတို့ကိုအကြောင်းမကြားပဲ အလောင်းကိုတစ်ခုခုလုပ်ရင် ခင်ဗျားတို့အပေါ် အမှုပတ်လာလိမ့်မယ်"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က အပြင်သို့ ပြန်ထွက်တော့ နောက်မှရောက်နေကြသူများမှာလည်း တစ်ယောက်ပြီးတစ်ယောက် ပြန်ထွက်လေသည်။

အားလုံးအပြင်ရောက်တော့ တံခါးကိုပြန်စေ့ထားလိုက်သည်။ ထို့နောက် အပြင်သို့ ပြန်ထွက်လာတော့ အပေါက်ဝမှ ခင်မျိုးနွယ်နှင့် တွေ့ရသည်။

"ဘယ်လိုဖြစ်တာလည်း ကိုမင်းထင်ကျော်"

"သေသေချာချာတော့ မပြောနိုင်သေးပါဘူး၊ ပုလိပ်တွေအကြောင်းကြားပြီး သူတို့ရောက်လာမှသာ အဖြေသိရမယ်ထင်ပါရဲ့"

"အခုဘယ်သွားမှာလဲဟင်"





"စစ်တွေဂါတ်တဲကို သွားမလို့ပါ"

"အချိန်မတော်ကြီး မနက်မှသွားလို့ မရဘူးလား"

"ခင်မျိုးနွယ်ကြောက်နေသလား"

"ကြောက်တယ်၊ ဒါမျိုးလည်း တစ်ခါမှမကြုံဘူးသေးဘူး"

"ကောင်းပြီလေ၊ ဒါဖြင့် မနက်စောစောမှပဲ သွားပါတော့မယ်၊ စိတ်ချလက်ချသာ အပေါ်ထပ်တက်နေပါ"

ဟုပြောတော့မှ အပေါ်ထပ် တက်သွားလေသည်။

နောက်တစ်နေ့ နံနက်စောစော အချိန်ရောက်တော့ ဂျစ်ကားကိုမောင်းပြီး စစ်တွေဂါတ်တဲသို့ သွားလေသည်။ ထိုဂါတ်တဲမှရာဇဝတ်အုပ် ဦးမင်းဟာန်မှာ ဒေါက်တာမင်းထင်ကျော်နှင့် ခင်မင်သိကျွမ်းသူ ဖြစ်သည်။

ရောက်သည်နှင့် ဦးမင်းဟာန်အား အကျိုးအကြောင်း အတိုချုပ်ပြီး ပြောပြလိုက်သည်။

"ဆရာပါလာပြီဆိုမှတော့ တကယ်လို့ ကြံစည်ပြီး သတ်တဲ့အမှုဆိုရင်လည်း အနေးနဲ့အမြန် ပေါ်မှာပါပဲ"

ဟုပြောဆိုကာ ပုလိပ်အချို့ကိုပါ ခေါ်ပြီး ၎င်းတို့ဂါတ်တဲမှ ဂျစ်ကားဖြင့် လိုက်လာလေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း [၆]

# လူသတ်မှု နှင့် သဲလွန်စကွင်းဆက်များ

ဆုံးနေသူ ကိုကျော့ဝေအခန်းထဲသို့ ဒုတိယအကြိမ် ပြန်ရောက်လာသောအခါ ဦးမင်းဟန်က အလောင်း အခြေအနေကို အသေးစိတ် စစ်ဆေးကြည့်ရှုနေစဉ် ဒေါက်တာမင်းထင်ကျော်က ညကတွေ့မြင်ခဲ့ရသော အခြေအနေကို ပြန်ပြောပြသည်။

"အခန်းတံခါးတွေ အလုံပိတ်ထားတဲ့ အခန်းထဲမှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ရှိနေတယ်၊ ပစ်တဲ့သေနတ်ကလည်း လက်ထဲမှာ ဆုပ်ကိုင်ထားတယ်၊ ပက်လက်အနေအထားကနေ မျက်စိကနေ ဖောက်ဝင်သွားတဲ့ ကျည်ဆံက မွေ့ယာထဲမှာ တွေ့ရတယ်"

"ဒီအခြေအနေတွေအရဆိုရင်တော့ သူ့ဘာသာသတ်သေသွားတာပဲ ဖြစ်မှာပါ"

ဟုဦးမင်းဟန်က မှတ်ချက်ချသည်။

ထို့နောက်အလောင်းကို အသေးစိတ်စစ်ဆေးကြည့်ရှုမှုများ ပြုလုပ်လေသည်။ ပြီးမှ ဦးမင်းဟန်က မေးသည်။

"ဒါထက်ဆရာက ဒီအိမ်ကြီးကိုဘယ်လိုရောက်နေတာလဲ"

ဒေါက်တာမင်းထင်ကျော်က သူရောက်လာရပုံကို အတိုချုပ်ပြီး ပြောပြလိုက်သည်။

"ကျုပ်ရဲ့မိတ်ဆွေ ရွှေနေကြီးဦးအုန်းကျော်က ဆရာ့ကို သပွတ်အူစံအိမ်ထဲကို ပို့ပေးလိုက်တယ်ထင်ပါရဲ့၊ နရဏီသိဒ်စံအိမ်ဆိုတာ အတွင်းမှာ ရှုပ်ထွေးနေတဲ့ သပွတ်အူစံအိမ်ဆိုပြီး ဒီအရပ်မှာတော့ အတော်ကလေးလူသိများပါတယ်"

ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှပြန်မပြောပဲ ပြုံးနေသည်။

"ဒါထက် အလောင်းကိုစစ်ဆေးကြည့်ပြီးပြီ မဟုတ်လား"

"ပြီးပါပြီ"





"ဘယ်လိုယူဆသလဲ"

"ကျွန်တော်သိရသလောက်တော့ သူ့မှာ စိတ်ညစ်စရာ စိတ်ဓါတ်ကျနေတာတွေ ရှိနေတာမှန်ပါတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို သတ်သေလောက်တဲ့အထိတော့ မရှိသေးဘူးလို့ ယူဆရတာပဲ"

"ပြောပါဦး"

"တစ်ချက်က သေနတ်ကျည်ဆံ သွားတဲ့လမ်းကြောင်းပဲ၊ ကျည်ဆံက ရှေ့မျက်စိကဖောက်ဝင်ပြီး နောက်ကိုထွက်သွားတယ်၊ ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့လူတိုင်း သေနတ်ပြောင်းဝကို တည့်တည့်ကြည့်ပြီး သေတာမျိုး မရှိသလောက်ပါပဲ၊ သေချင်ရင် မျက်စိမှိတ်ပြီး နားထင်ကိုတေ့ဖြုတ်တာမျိုးပဲ များပါတယ်"

ဦးမင်းဟန်က ဆေးတံကိုမီးညှိဖွာရင်း ပြန်မေးလိုက်သည်။

"ဆရာ့ယူဆချက်က သဘာဝကျပါတယ်၊ ဒါဖြင့် ပက်လက်အနေအထားနဲ့ ရှိနေပြီး တစ်ယောက်က အနားရောက်လာပြီး တေ့ဖြုတ်မယ်၊ ပြီးမှသေနတ်ကိုလက်ထဲထည့်ပေးထားခဲ့ပြီး ပြန်ထွက်သွားတယ်လို့ ယူဆတယ်မဟုတ်လား၊ ဒါဖြင့် တံခါးတွေအားလုံး အတွင်းက ဂျက်ထိုးပြီး ပိတ်ထားတဲ့ အခန်းထဲက လူသတ်သမားက ဘယ်နေရာက ပြန်ထွက်သွားတယ်လို့ထင်သလဲ တဆိတ်လောက် ပြောပြပါဦး"

"လူသတ်သမားက ဒီနေရာအထိရောက်လာမယ်မထင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သေနတ်ပဲ ပို့လိုက်တာ ဖြစ်ပုံရပါတယ်”

“ဗျာ. . သေနတ်ရောက်လာရုံနဲ့ သူက ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ”

“ဒါကတော့ လျှို့ဝှက်ချက်ရှိလို့ ဖြစ်မှာပါ၊ ဒါပေမယ့် စုံစမ်းလိုက်ရင်တော့ သိရနိုင်ပါတယ်”

ထိုသို့ပြောဆိုပြီးနောက်. ဟိုကျော့ဝေအလောင်းကို ဆေးရုံသို့ သယ်ယူသွားကြလေသည်။ ဦးမင်းဟန်တို့အဖွဲ့ကလည်း နရဏီသခ်စံအိမ်ကြီးမှာ နေထိုင်ကြသူများ အားလုံးကို တစ်ယောက်ချင်းစီခေါ်၍ စစ်ဆေးမေးမြန်းကာ စစ်ချက်များယူပြီးမှ ပြန်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း တဖက်နေအိမ်သို့ ပြန်ကူးလာခဲ့လေသည်။

ထိုအခါ နရဏီသိခ်စံအိမ်ကြီးထဲမှာ ကျန်နေခဲ့သော ဦးမင်းဒင်တို့ မိသားစုသုံးယောက်မှာ အခန်းတံခါးပိတ်ပြီး တိုးတိုးတိတ်တိတ် တိုင်ပင်ပြောဆိုနေကြသည်။

မေရီကျော်ကတော့ သူ့မိဘများနေအိမ်သို့ ခေတ္တပြန်သွားလေသည်။ အခန်းတွင်းမှာတော့ ဦးမင်းဒင်၊ ခင်မျိုးသွယ်နှင့် ထွန်းအောင်ခိုင်တို့ သုံးယောက်သာ ရှိသည်။

“အစ်ကိုကြီးခေါ်လာတဲ့သူက သာမန်လူတစ်ယောက်တော့ ဟုတ်ပုံမရဘူး၊ သူ့မှာ သေနတ်လည်းပါတယ်၊ နောက်ပြီး ရာဇဝတ်အုပ်ဦးမင်းဟန်တို့နဲ့လည်း သိကျွမ်းပုံရတယ်၊ တစ်မြို့





လုံးက ကြောက်နေရတဲ့ ရာဇဝတ်အုပ်ကတောင် သူနဲ့တွေ့တော့ တလေးတစား ဆက်ဆံနေတာတွေ့ရတယ်”

ဦးမင်းဒင် စကားကြားတော့ ခင်မျိုးသွယ်နှင့် ထွန်းအောင်ခိုင်တို့ကပါ ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ်၊ ဘကြီးက ကျွန်မတို့ အကြံအစည်တွေကို ရိပ်မိလို့များ စုံထောက်ကို ဒီမှာခေါ်ထားသလားမသိဘူး”

“ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ”

ထွန်းအောင်ခိုင်က မေးလိုက်သည်။

“နောက်ပိုင်း ပေါ့ပေါ့တန်တန် မနေကြနဲ့၊ ဘာကိစ္စမဆို သတိထားပြီးလုပ်ကြဖို့ အရေးကြီးတယ်၊ နောက်ပြီး ငါတို့အကြောင်းတွေကို သိတန်သလောက်သိနေတဲ့ မင်းမိန်းမကိုလည်း စိတ်ချယုံကြည်မထားနဲ့”

“မထားပါဘူး၊ ဖြစ်နိုင်ရင် သူ့ကို အိမ်ပြန်ပို့ပေးလိုက်ချင်နေတာ”

“မင်း တယ်မိုက်ပါလား၊ သူ့ဆီက ဘာမှမရလိုက်ပဲနဲ့ သူ့ကိုပြန်ပို့ပေးလိုက်လို့ ဖြစ်ပါ့မလား၊ သူ့မိဘတွေ လက်ဖွဲ့ပေးလိုက်တဲ့ စိန်ဘစ်ဆင်စာကို အခုထိမင်းမရသေးဘူး မဟုတ်လား”

ထွန်းအောင်ခိုင်က စိတ်ပျက်လက်ပျက်အမူအယာဖြင့် ခေါင်းခါပြလိုက်လေသည်။

“မင်းအတော်ညံ့တာပဲ၊ ကိုယ့်အိမ်ပေါ် ရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကိုတောင် ကိုယ့်လက်ထဲရောက်အောင် မကြိုးစားနိုင်ဘူး"

ထိုသို့အပြစ်ပြောသဖြင့် ထွန်းအောင်ခိုင်လည်း ခေါင်းငုံ့ထားရလေသည်။

ထို့နောက်မှာတော့ သားအဖ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်နေကြလေသည်။

နောက်တစ်ရက်မှာတော့ ဦးမောင်လွင် ပြန်ရောက်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်းပြောပြလိုက်သည်။

"ကျွန်တော် တစ်ရက်နှစ်ရက်လောက် ခရီးထွက်ရမယ်၊ ဒါထက် ကိုကျော့ဝေရဲ့မိဘဆွေမျိုးတွေက ဘယ်မှာနေကြသလဲ"

"မောင်ကျော့ဝေမှာ မိဘတွေ မရှိကြတော့ဘူး၊ သိပ်မကြာခင်မှာပဲ ရှေ့ဆင့်နောက်ဆင့်ပဲ သေသွားခဲ့ကြတယ်၊ သူ့မှာ ညီမတစ်ယောက်ရှိတယ်၊ မောင်းတောမှာ နေတယ်"

ဟု ပြောပြသည်။

နောက်တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် ခရီးထွက်လေသည်။ စစ်တွေမှ မောင်းတောသို့ ပြေးဆွဲပေးနေသော ကမ်းရိုးတန်းသွား ကုန်တင်သင်္ဘောဖြင့် လိုက်သွားရာ နောက်တစ်နေ့တွင် မောင်းတောသို့ ရောက်လေသည်။

မောင်းတောမှာ ပင်လယ်ကမ်းခြေနှင့်နီးသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး အတန်အသင့် စည်ကားလေသည်။

နေထိုင်ကြသူများမှာ ရခိုင်လူမျိုးနှင့် ကုလားလူမျိုးတို့





သာ များကြလေသည်။

ကိုကျော့ဝေတို့ မိသားစုအကြောင်း စုံစမ်းကြည့်သောအခါ အခြားသူများမရှိတော့ပဲ အိမ်ထောင်ကျနေသော ညီမတစ်ယောက်သာ ရှိတော့ကြောင်း ပြောပြပြီး နေထိုင်သောနေရာကိုပါ ပြောပြလိုက်ကြသည်။

သို့ကြောင့် ထိုနေရာသို့ အလွယ်တကူပင် ရှာဖွေတွေ့လေသည်။ ထိုအိမ်ရောက်သွားတော့ အသက်-၃၀လောက်သာရှိသေးသော အမျိုးသမီးတစ်ယောက်နှင့် တွေ့ရသည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါဘဲရှင်"

"ကျွန်တော်က ကိုကျော့ဝေရဲ့ မိတ်ဆွေပါ"

"အော်. . အစ်ကို့ရဲ့ မိတ်ဆွေကိုး၊ အိမ်ထဲကို ဝင်ပါရှင်"

ဟု ဖိတ်ခေါ်သဖြင့် အိမ်ထဲသို့ ဝင်သည်။

အိမ်မှာ ရှေးကပင်ဆောက်လုပ်ထားသော ငွေကြေးပြည့်စုံသူတို့ နေထိုင်သော အိမ်မျိုးဖြစ်ပြီး ကောင်းမွန်လှသည်။ အိမ်ထဲရောက်တော့ ကစ္စားစရာသေနတ်ဖြင့် ကစားနေသော မှစ်နှစ်၊ ကိုးနှစ်အရွယ်ခန့်သာရှိသေးသော ယောကျ်ားကလေးတစ်ယောက်ကိုလည်း တွေ့ရသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ခေါ်ပါတယ်၊ စစ်တွေက လာခဲ့တာပါ"

"အစ်ကိုနဲ့ ဘယ်မှာတွေ့တာလဲဟင်"

"နရဏီသိခ် စံအိမ်မှာပဲ တွေ့တာပါ၊ ဒါထက်ခင်ဗျားက"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ကိုကျော့ဝေရဲ့ ညီမပါ၊ ခင်မေသီလို့ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် ဒီကလေးကရော"

"ကျွန်မသားလေးပါ၊ ကျွန်မအစ်ကိုက အိမ်ထောင်ကျပြီး ကလေးမရတော့ သူ့တူကို သားတစ်ယောက်လိုပဲ ချစ်တယ်၊ ဒါကြောင့် တစ်လတစ်ခေါက် နှစ်လတစ်ခေါက်ဆိုသလို ဒီကို လာလေ့ရှိတယ်"

ဒေါက်တာမင်းထင်ကျော်က ကလေးကစားစရာများ ထည့်ထားသော ဗီရိုကိုတစ်ချက်လှမ်းကြည့်ပြီး. . .

"သားလေးက သေနတ်နဲ့ ကစားရတာသဘောကျတယ်ထင်ပါရဲ့"

ဟု မေးလိုက်သည်။

"ဟုတ်တယ်၊ ဟိုတစ်လောက အစ်ကိုလာတော့ ပြောသွားသေးတယ်၊ ဒီတစ်ခေါက်လာရင် သူ့တူအတွက် ထူးထူးဆန်းဆန်း သေနတ်တစ်လက် ဝယ်လာမယ်လို့ ပြောသွားသေးတယ်"

"ဘယ်လိုသေနတ်မျိုးလဲ"

"သေနတ်က တကယ့်သေနတ်ပုံစံမျိုးပဲ၊ သေနတ်ပြောင်းဝကကြည့်ပြီး ခလုတ်နှိပ်လိုက်ရင် အထဲမှာ ရုပ်ရှင်ပြသလို အရုပ်မျိုးစုံ ပြေးလွှားနေတာကို မြင်ရတယ်လို့တော့ ပြောသွား





တာပါပဲ"

"ဒါထက်သေနတ်က ဘယ်မှာတဲ့လဲ"

"ရန်ကုန်မှာတုန်းက တွေ့ခဲ့တာလို့ ပြောတယ်၊ သူသွားတော့ ပစ္စည်းမရှိတော့လို့ ဆိုင်က နောက်မှ ပါဆယ်နဲ့တင်ပို့ပေးမယ်တဲ့၊ တကယ်လို့ ရောက်လာရင် ဒီတစ်ခေါက်လာတာနဲ့ ယူလာပေးမယ်လို့ ပြောသွားတယ်"

"ဒါထက်မေးပါရစေ၊ သူလာတုန်းက ဘယ်ဆိုင်မှာ မှာထားတယ်လို့ ပြောသွားသေးလဲဟင်"

"အဲဒါတော့ မပြောသွားဘူး၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး၊ သိချင်လို့မေးကြည့်တာပါ"

"ဒါထက်ဆရာက ဒီကိုဘာအတွက် ရောက်လာတာလည်းဟင်"

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းသော အမူအယာဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ ကိုကျော့ဝေအကြောင်းကို ပြောပြလိုက်သည်။

"ဖြစ်မှဖြစ်ရလေ၊ သူဘယ်လိုဖြစ်ပြီး သေတာလဲဟင်"

"အသေအချာတော့ မသိသေးပါဘူး၊ ကျွန်တော်လည်း အခုလိုလာပြောရတာ စိတ်မကောင်းပါဘူး"

ထိုသို့ပြောဆိုပြီး ခင်မေသီဆိုသော အမျိုးသမီးကို နှုတ်ဆက်ကာ ပြန်ခဲ့လေသည်။

စစ်တွေမှ ငှင်းနေသောအိမ်သို့ ပြန်ရောက်သောအခါ

www.burmeseclassic.com



နရဏီသခ်ိဳင္းအိမ္သို႔သြားၿပီး ကိုေက်ာ္ဝေနေသာ အခန္းသို႔ သြားကာ စစ္ေဆးၾကည့္သည္။

အိပ္ယာေဘးရွိ စားပြဲေပၚတြင္ ပါဆယ္ထုတ္ေဖာက္ထားေသာ စာရြက္အၿပဲအစုတ္မ်ားက ရွိေနဆဲပင္။

ေဒါက္တာမင္းထင္ေက်ာ္က စုတ္ၿပဲေနေသာ ပါကင္စကၠဴမ်ားကို တစ္စမက်န္ေကာက္ယူၿပီး ဆက္စပ္ၾကည့္ေနေလသည္။

စာရြက္မ်ားကို တစ္စခ်င္းစီဆက္စပ္ၾကည့္ေသာအခါ ပို႔ေပးသူလိပ္စာႏွင့္ ပို႔ေပးေသာ စာတိုက္တံဆိပ္တုံးကို ေတြ႕ရသည္။

သို႔ေသာ္ ရက္စြဲမွာ (. . .)ေမလ၊ ၁၉၅၀-ခုႏွစ္ဟု ေတြ႕ရသည္။ ေဒါက္တာမင္းထင္ေက်ာ္က ပါဆယ္ထုပ္ေသာ စကၠဴအပိုင္းအစမ်ားကို တစ္စမက်န္သိမ္းဆည္းလိုက္သည္။

ထိုအခန္းတြင္းမွ ျပန္ထြက္လာေသာအခါ ေအာက္ထပ္မွာ ရွိေနသူမ်ားက အကဲခတ္ေသာ အၾကည့္မ်ိဳးျဖင့္ ၾကည့္ေနၾကသည္။

ေဒါက္တာမင္းထင္ေက်ာ္က ေအာက္ထပ္၌ စစ္ေဆးၾကည့္ရႈမႈမ်ား ၿပီးေသာအခါ အေပၚထပ္သို႔တက္သြားေလသည္။

ဦးေမာင္လြင္ကေတာ့ အလုပ္ကိစၥႏွင့္ အျပင္သြားေနေသာေၾကာင့္ မရွိေပ။ ခင္မ်ိဳးႏြယ္ကေတာ့ အေပၚထပ္အခန္းမွာ ရွိသည္။ သူေရာက္သြားေတာ့ အျပင္ဘက္ဧည့္ခန္းမွာ ထြက္





ေတြ႕ၿပီး စကားေျပာသည္။

"ကိုမင္းထင္ေက်ာ္ ေမာင္းေတာက ျပန္ေရာက္လာၿပီလား"

"ျပန္ေရာက္လာၿပီ၊ အခုရက္ထြက္မယ့္ သေဘၤာပတ္နဲ႔ ကၽြန္ေတာ္ရန္ကုန္ခဏသြားရမယ္"

"အလုပ္ကိစၥအတြက္လား"

"ဟုတ္ပါတယ္၊ ၿပီးတာနဲ႔ ခ်က္ခ်င္းျပန္လာခဲ့ပါ့မယ္၊ ကၽြန္ေတာ္မရွိတဲ့ရက္ေတြမွာ သတိထားၿပီးေနပါ"

"ဘာပဲျဖစ္ျဖစ္ေဖေဖမရွိတဲ့ အခ်ိန္ေတြမွာ ကိုမင္းထင္ေက်ာ္ရွိေနေတာ့ အားရွိေသးတာေပါ့၊ ကၽြန္မေတာ့ ဒီအိမ္ႀကီးမွာေနရတာ အေတာ္ေၾကာက္လာတယ္၊ ကိုေက်ာ္ဝေသၿပီးတဲ့ေနာက္ပိုင္း ညဘက္ေတြမွာ အခန္းအျပင္ဘက္က သြားလာေနတဲ့အသံေတြ ၾကားရတယ္၊ ထြက္ၾကည့္ေတာ့လည္းဘာမွ မေတြ႕ရဘူး"

ေဒါက္တာမင္းထင္ေက်ာ္ကေတာ့ ခင္မ်ိဳးႏြယ္အား မွာစရာရွိတာ မွာၾကားၿပီး ျပန္လာေလသည္။

ညအခ်ိန္ေရာက္ေတာ့ စုေဆာင္းထားေသာ အခ်က္အလက္မ်ားကို ျပန္လည္ၾကည့္ေနေသာေၾကာင့္ ညဥ့္နက္ပိုင္းေရာက္ေတာ့မွ အိပ္ခန္းတြင္းသို႔ ဝင္ေလသည္။

အိပ္ယာေပၚေရာက္ၿပီး ေတာ္ေတာ္ႏွင့္ အိပ္မေပ်ာ္ပဲ ရွိေနစဥ္ အျပင္ဘက္မွတံခါးေခါက္သံ ၾကားရသျဖင့္ ဖြင့္ၾကည့္



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အခန်းအပြင်ဘက်တွင် ဘယ်သူမှမရှိပေ။

သို့သော် တစ်ကိုယ်လုံး ရေခဲနှင့် ကပ်လိုက်သကဲ့သို့ ဖြစ်ကာ စိမ့်ခနဲ ဖြစ်သွားသဖြင့် သဘောပေါက်သွားသည်။

ထို့ကြောင့် အခန်းတွင်းမှာ ထွန်းထားသော မီးအိမ်ကို မီးစာလျှော့ချလိုက်ရာ မှောင်သွားလေသည်။

ထိုအခါမှ အခန်းပေါက်ဝနှင့် မနီးမဝေး အမှောင်ရိပ်ထဲတွင် ရပ်နေသော ပုံရိပ်သဏ္ဍာန် တစ်ခုကို တွေ့လာရသည်။ ပထမတော့ ပီပီပြင်ပြင်မမြင်ရပေ။

မှောင်သွားတော့မှ တဖြည်းဖြည်းပေါ်လာခြင်းဖြစ်သည်။

"ကိုကျော့ဝေမဟုတ်လား"

"ဟုတ်ပါတယ်"

လေတိုးသော အသံမျိုးကဲ့သို့ ခပ်တိုးတိုး ကြားရခြင်းဖြစ်သည်။

"ခင်ဗျားအတွက် စိတ်မကောင်းပါဘူး၊ ခင်ဗျား အသတ်ခံရတာလား"

အသံမထွက်တော့ပေ။ သို့ကြောင့် ဆက်မမေးတော့ပဲ တခြားအကြောင်းကိုသာ မေးလိုက်သည်။

"ခင်ဗျားအတွက် ဘာလုပ်ပေးစေချင်သလဲ"

"ကျုပ်တူလေးအတွက် သေနတ်ပို့ပေးပါ"

"ပို့ပေးပါ့မယ်၊ ကလေးအတွက် သေနတ်က ဘယ်မှာ





လဲ"

ထိုသို့မေးတော့ အသံမထွက်တော့ပေ။ အတော်ကြာတော့မှ လေသံပြန်ထွက်လာသည်။

"နောက်ထပ် သေကြလမ့်ဦးမယ်၊ ခင်ဗျား ကူညီပေးပါ"

ထိုသို့ ဗလုံးဗထွေးပြောပြီး မြင်နေရသော ပုံရိပ်သဏ္ဍာန်မှာ တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

နောက်ရက်မှာတော့ ဦးမောင်လွင်ပြန်ရောက်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်းပြောပြီး ရန်ကုန်သို့ထွက်သော သင်္ဘောပတ်ဖြင့် လိုက်ခဲ့လေသည်။

ရန်ကုန်ပြန်ရောက်တော့ ပစ္စည်းပို့သော ကလေးကစားစရာ အရုပ်များ ရောင်းသောဆိုင်ကို သွားရှာလေသည်။

၎င်းဆိုင်မှာ မဂိုလမ်း(ယခင်က ချစ်တီးလမ်းဟုခေါ်ပြီး ယခုမျက်မှောက်ကာလမှာတော့ ရွှေဘုံသာလမ်းဟု ပြောင်းလဲခေါ်ဝေါ်ကြသည်။) အထက်ဘလောက်အလယ်နေရာလောက်တွင်ရှိသော ဆိုင်ကြီးတစ်ဆိုင်ပင်ဖြစ်၏။) ထိုဆိုင်သို့ သွားသောအခါ ဗဟန်းဂါတ်တဲမှ စုံထောက်ကျော်စွာကိုပါ အဖော်အဖြစ်ခေါ်သွားလေသည်။

ထိုအရုပ်ဆိုင်မှာ ကုလားလူမျိုးတစ်ယောက်ပိုင်သော ဆိုင်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့ ဝင်လာတာမြင်တော့ ဆိုင်ရှင်ဖြစ်သူက အပြင်ထွက်လာပြီးမေးသည်။

"ဘာလိုချင်လို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေလထဲမှာ နယ်ကိုပစ္စည်းပို့တဲ့စာရင်း ကြည့်ချင်လို့ပါ"

ဆိုင်ရှင်ကုလားက မျက်မှောင်ကျုံ့လျက် တစ်ချက်စဉ်းစားလိုက်ပြီး သဘောပေါက်သွားဟန်ဖြင့်. . .

"ဘယ်မြို့လဲ"

ဟုပြန်မေးသည်။

"စစ်တွေမြို့ပါ"

ဟုပြောတော့ ပစ္စည်းပို့သောစာရင်းစာအုပ်ကိုပြသည်။ ထိုစာရင်းတွင် နရဏီသိမ်စံအိမ်လိပ်စာကို တွေ့ရသည်။

"ဘယ်လိုပစ္စည်းမျိုး ပို့ပေးတာလဲ"

"ကစားစရာ သေနတ်တစ်လက်ပါ"

"နမူနာရှိရင် ကြည့်ပါရစေ"

ဟုပြောတော့ တကယ့်သေနတ်အစစ်နှင့်မခြား တူလှသော သေနတ်တစ်လက်ကို ထုတ်ပေးသည်။ ထိုသေနတ်မှာ သေဆုံးသွားသော ကိုကျော့ဝေလက်ထဲတွင် တွေ့ရသော သေနတ်နှင့် တစ်ပုံစံတည်းတူလှပေသည်။

"ဒီသေနတ်ရဲ့ ထူးခြားချက်က ဘယ်လိုလဲ"

"သေနတ်ပြောင်းဝကကြည့်ပြီး ခလုတ်နှိပ်လိုက်ရင် အထဲမှာ ရုပ်ရှင်ပြသလို ပြေးလွှားနေတဲ့ တိရိစ္ဆာန်လေးတွေကို မြင်ရပါမယ်"

"စမ်းပြီး လုပ်ပြပေးပါ"

ထို့ကြောင့် ဆိုင်ရှင်ကုလားက ပါကင်ကိုဖောက်၍ သေ





နတ်ထုတ်ကာ ခလုတ်နှိပ်ပြသည်။ တစ်ချက်နှစ်ချက် နှိပ်ပြပြီးတော့မှ ဒေါက်တာမင်းထင်ကျော်က စစ်ဆေးကြည့်ပြီး သေနတ်ပြောင်းဝကို မျက်စိဖြင့်ကြည့်ကာ ခလုတ်နှိပ်ကြည့်လိုက်သည်။

"ချောက်. . ."

မော်င်းရိုက်သံနှင့် မရှေးမနှောင်းမှာပင် သေနတ်ပြောင်းအတွင်းမှ ပြေးလွှားနေသော တိရိစ္ဆာန်ကလေးများကို တွေ့ရသည်။ ဒေါက်တာမင်းထင်ကျော်က သေနတ်ကို ကျေနပ်လောက်အောင် စမ်းသပ်ပြီးမှ ဝယ်ယူလာသည်။

လမ်းရောက်တော့ စုံထောက်ကျော်စွာက မေးသည်။

"ဆရာဝယ်လာတဲ့သေနတ်က တကယ့်သေနတ်အစစ်ပုံစံအတိုင်းပါလား"

"ဟုတ်တယ် နိုင်ငံခြားကထုတ်တဲ့ ကလေးကစားစရာပစ္စည်းတွေက ဒီအတိုင်းပဲ"

"တောနယ်တွေမှာ ဒီသေနတ်ပြပြီး ဓားပြတိုက်ရင် ရနိုင်တယ်"

"ဒါထက်ဆိုးတာတွေ ရှိသေးတာပေါ့။ ကလေးကစားစရာ သေနတ်ကိုပြပြီး သေနတ်အစစ်နဲ့ လဲပေးလိုက်ရင် ကြည့်တဲ့သူ သေမှာပေါ့"

ဟုပြောကာ လူချင်းခွဲလိုက်သည်။

ထို့နောက် စစ်တွေသို့ပြန်ခဲ့ပြီး ရောက်သည်နှင့် စာတိုက်ရှိရာသို့သွားကာ ပါဆယ်ထုပ်ပို့ပေးသူနှင့် နရဏီသိမ်စံအိမ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပါဆယ်ထုပ်လက်ခံသူ၏ လက်မှတ်နှင့်အမည်ကို စစ်ဆေးကြည့်သည်။

အားလုံးပြီးတော့မှ စစ်တွေဂါတ်တဲမှ ဦးမင်းဟန်ရုံးခန်းသို့ သွားလေသည်။ ဦးမင်းဟန်က ဂျူတီချိန်ဖြစ်သောကြောင့် ၎င်းရုံးခန်း၌ပင် ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားတော့ ပုလိပ်တစ်ယောက်ကို ကော်ဖီဖျော်ခိုင်းပြီး ကော်ဖီနဲ့ဧည့်ခံသည်။

"ဆရာ ဟိုရက်က မောင်းတောသွားနေတာ မဟုတ်လား"

"ဟုတ်တယ်၊ မောင်းတောမှာ သေသွားတဲ့ ကိုကျော့ဝေရဲ့ နှမတစ်ယောက်ရှိတယ်၊ သွားတွေ့တာပါ၊ အဲဒီက ပြန်လာပြီး ရန်ကုန်သွားသေးတယ်"

"မြန်လှချည်လား၊ ဘာတွေ့ထူးသလဲ"

ဒေါက်တာမင်းထင်ကျော်က အသင့်ယူဆောင်လာသော သေနတ်ကိုထုတ်ပြီး စားပွဲပေါ် တင်ပေးလိုက်သည်။

"ဟင်. . ဒီသေနတ်က"

"ဦးမင်းဟန်ဆီမှာ သက်သေခံအဖြစ်နဲ့ သိမ်းထားတဲ့ သေနတ်နဲ့ တရွယ်တည်းတစ်ပုံစံတည်း အတူတူပါပဲ၊ အစစ်နဲ့အတုပဲ ကွာခြားပါတယ်၊ ဒီသေနတ်က ကစားစရာသေနတ်ပါ. ."

ထိုသို့ပြောပြီး စားပွဲပေါ်မှ သေနတ်ကိုကောက်ယူ၍ မျက်လုံးနှင့် ပြောင်းဝကိုကြည့်ကာ မောင်းဖြုတ်ချလိုက်လေ





သည်။

ပြီးမှ ဦးမင်းဟန်ကို စုံစမ်းရသော အခြေအနေများကို ဆက်စပ်ပြီး တစ်ခုချင်းပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း [၅]

# လင်းနို့မိစ္ဆာ နှင့် လူသတ်သမား

ခင်ကပင် ကြောက်စရာကောင်းသည်ဟု နာမည်ကြီးခဲ့သော တစ္ဆေသရဲတို့ ခြောက်လှန့်မှုရှိသည်ဟု လူသိများခဲ့သည့် နရဏီသိခ်စံအိမ်ကြီးမှာ ကိုကျော့ဝေတစ်ယောက် သေဆုံးသွားခဲ့ပြီးနောက်ပိုင်းတွင် အခြေအနေပိုမိုဆိုးဝါးလာလေတော့သည်။

ညအချိန်ရောက်လာလျှင်သွားလာနေသော ဝိညာဉ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်များကို မြင်တွေ့ကြရသည်။ တစ်ခါတစ်လေလည်း ဂျင်း၏ အခန်းတွင်းကို ဝင်ထွက်သွားလာနေသော ကိုကျော့ဝေ၏ ပုံရိပ် သဏ္ဌာန်ကို တွေ့ရသည်။

အိမ်ကြီးပေါ်မှာ ရှိကြသူများကလည်း ဂျင်းအတွက်တကူးတက ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း အမျှအတန်း ပေးဝေခြင်းများလည်းမပြုလုပ်ကြပေ။ ကိုကျော့ဝေမှာ အခြားအရပ်ဒေသမှ ဖြစ်သဖြင့် စစ်တွေ၌ ဆွေမျိုးသားချင်းမရှိပေ။

ထို့ကြောင့် သူ့အတွက် ရည်ရွယ်ပြီး တကူးတက ကုသိုလ်ကောင်းမှု ပြုလုပ်ပေးမည့်သူလည်း မရှိပေ။

ထို့ကြောင့် မကျွတ်မလွတ်သော ဘဝဖြင့် ထိုအိမ်ကြီးမှာ ပင်ရှိနေဟန်တူ၏။

နရဏီသိန်စံအိမ်ကြီး၌ နေကြသူများမှာလည်း ညအချိန်ရောက်လာလျှင် ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်နေကြရပေသည်။ အချိန်က ညဦးပိုင်းအချိန် ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။အပြင်ဘက်တွင်လရောင်မရှိသောကြောင့် အမှောင်ထုများက ဖုံးလွှမ်းထားလေသည်။

မြို့နှင့် အနည်းငယ်ဝေးပြီး ပတ်ဝန်းကျင်တွင် လူနေအိမ်များလည်းမရှိသော နရဏီသိန်စံအိမ်ကြီး ပတ်ဝန်းကျင်မှာတော့ မှောင်မည်းနေပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

အိမ်ကြီးအတွင်းမှာတော့ အပေါ်ထပ်တွင် ဦးမောင်လွင်ကတစ်ခန်း၊ ခင်မျိုးနွယ်က အဖော်မိန်းကလေးတစ်ဦးနှင့်





တစ်ခန်းနေသည်။ အောက်ထပ်မှာတော့ အမန်းတော်တော်များများရှိသည်။

ထွန်းအောင်ခိုင်နှင့် မေရီကျော်တို့က တစ်ခန်းနေကြလေသည်။

သို့သော် ထွန်းအောင်ခိုင်က အိမ်၌မရှိသော အချိန်ကများလေသည်။ ထွန်းအောင်ခိုင်မှာ လောင်းကစား ဝါသနာပါသူဖြစ်သောကြောင့် ညအချိန်ရောက်လာလျှင် မြို့ထဲတွင်ရှိသော လောင်းကစားဝိုင်းသို့ သွားရောက်လေ့ရှိသည်။ ဂျင်းကို သူဌေးသားတစ်ယောက်ဟု သိထားကြသဖြင့် အခြားသူများထံမှ ငွေကြေးကို အလွယ်တကူချေးငှား၍ ရပေရာ ကြွေးပတ်လည် ဝိုင်းနေသူလည်းဖြစ်သည်။

မေရီကျော်နှင့် လက်ထပ်ပြီး လပိုင်းသာ်သာ အိမ်မှာအမြဲနေပြီး နောက်ပိုင်းတော့ ထုံးစံအတိုင်း လောင်းကစားဝိုင်းများသို့သာ သွားလေသည်။

ညအချိန်အတော်များများတွင် ထွန်းအောင်ခိုင်မရှိပဲ မိုးလင်း၍ ဖဲဝိုင်းသိမ်းမှသာ ပြန်လာလေ့ရှိသည်။

အိမ်ရောက်သည်နှင့် ရေချိုးထမင်းစားသောက်ပြီးသည်နှင့် တစ်နေကုန်အိပ်သည်။

ညနေစောင်းတော့ ရေချိုး အဝတ်အစားလဲပြီးသည်နှင့် ရှိသည့်ပိုက်ဆံကို ရှာဖွေယူပြီး ဂျစ်ကားမောင်းကာ မြို့ထဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကပင် ထွန်းအောင်ခိုင်၏ နေ့စဉ်ဝတ္တရားတစ်ခုကဲ့သို့ ဖြစ်နေတော့သည်။

ယခုညမှာလည်း ထုံးစံအတိုင်း အခန်းတစ်ခန်းထဲတွင် မေရီကျော်တစ်ယောက်တည်း ရှိနေသည်။

ခါတိုင်းက ထွန်းအောင်ခိုင်မရှိလျှင် အခန်းထဲမှာ တစ်ယောက်တည်းနေရသော်လည်း ပြဿနာမရှိပေ။

ကိုကျော့ဝေတစ်ယောက် သေဆုံးသွားခဲ့ပြီးနောက်မှာတော့ နေရတာ ကြောက်ရွံ့လာသည်။ ထို့ကြောင့် အိပ်မပျော်သောညများတွင် ဆေးသောက်ပြီးမှ အိပ်ပျော်လေသည်။

ယခုညလည်း ဆေးသောက်ပြီးအိပ်ပျော်နေစဉ်မှာ တစ်စုံတစ်ယောက်က အနားကပ်လာပြီး နှိုးသောကြောင့် လန့်နိုးလာသည်။

ကြည့်လိုက်တော့ မနီးမဝေးမှာ ရပ်နေသော လူတစ်ယောက်ကိုတွေ့ရသည်။ ဦးခေါင်းပေါ်မှာ အဝတ်တစ်ဆည် ခြုံထားသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

"ဘယ်သူလဲ"

"ငါ့ကိုမသိတော့ဘူးလား"

ထိုသို့ပြောပြီး အုပ်ထားသော အဝတ်ကိုဖယ်ပြသည်။

မေရီကျော်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မျက်နှာကို ရုတ်တရက်တွေ့လိုက်ရသောအခါ သတိမေ့သွားလုမတတ် ကြောက်ရွံ့သွားလေသည်။





"ငါ့ကိုမကြောက်ပါနဲ့ နင့်ကိုဘာမှမလုပ်ပါဘူး၊ ဒီအိမ်ကလူတွေလက်ချက်ကြောင့် ငါတော့ သေခဲ့ရပြီ၊ ဒီတစ်ခါ နင့်ရဲ့အလှည့် ရောက်လာတော့မယ်"

ထိုသို့ပြောသော်လည်း မေရီကျော်မှာ ကြောက်ရွံ့စိတ်များနေသောကြောင့် အသံမထွက်နိုင်ပေ။

"နင်အသက်မသေချင်ရင် ဒီအိမ်ကြီးက အမြန်ထွက်သွားပါ၊ မသွားရင် ဒီတစ်ခါနင်သေရတော့မယ်"

ဟုပြောပြီး ထိုနေရာမှ ပြန်ထွက်သွားလေသည်။

လှမ်းကြည့်နေရင်းမှပင် ပိတ်ထားသောတံခါးမှ အပြင်ဘက်သို့ ထွက်သွားလေတော့သည်။ မေရီကျော်မှာ ကြောက်ရွံ့ထိတ်လန့်နေသောကြောင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

စားပွဲတင်နာရီကို လှမ်းကြည့်လိုက်တော့ ည-၁၂နာရီ ကျော်နေပေပြီ။ အပြင်ဘက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေသော်လည်း မှုံဝါးဝါး အလင်းရောင်အချို့တော့ ရှိနေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ အခြားအသံများ မကြားရလောက်အောင် တိတ်ဆိတ်နေသော်လည်း သစ်ပင်များကို ပင်လယ်လေ တိုးဝှေ့တိုက်ခတ်နေသော အသံများနှင့် ကမ်းခြေဘက်မှ ပင်လယ်ရေလှိုင်းများ တဝုန်းဝုန်းလာရောက်ရိုက်ခတ်နေသော အသံအချို့ကိုတော့ ကြားရလေသည်။

မေရီကျော်မှာ အိပ်မက်မက်နေသလိုလို တကယ်မြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသလိုလိုနှင့် ကြောက်စရာကောင်းသော မျက်နှာကြီးကို တွေ့လိုက်ရပြီးနောက်တွင် ဆေးသောက်ထားသော်လည်း အိပ်မရတော့သဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့်တုတင်ပေါ်တွင်တစ်ယောက်တည်းထိုင်နေလေသည်။

နားထဲမှာတော့ လေတိုက်နေသောအသံ၊ လှိုင်းပုတ်နေသော အသံများအပြင် အဝေးဆီမှဆွဲဆွဲငင်ငင် အူလိုက်သော အသံများကိုပါ ကြားနေရသည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

"ဟင်. ."

နောက်ဘက်ပြတင်းပေါက်တံခါးရှိရာဘက်မှ တဘုတ်ဘုတ်နှင့် ရိုက်ခတ်နေသောအသံမျိုး ကြားလိုက်ရသဖြင့် အလန့်တကြား လှည့်ကြည့်လိုက်သည်။

ပြတင်းပေါက်များတွင် သံတိုင်များစိုက်ထားပြီး မှန်တံခါးများ တပ်ဆင်ထားသောကြောင့် ဝိုးတဝါး မြင်ရသည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

တဘုတ်ဘုတ်နှင့် အသံကြားနေရခြင်းမှာ အခြားမဟုတ်ပေ။ မှန်တံခါးတွင် လင်းနို့ကြီးတစ်ကောင် ကပ်နေပြီး အတောင်ပံဖြင့် မှန်တံခါးကို ပုတ်ခတ်နေခြင်း ဖြစ်သည်။

ပထမတော့ သဲသကွဲကွဲ မမြင်ရပေ။

နောက်တော တဖြည်းဖြည်းနှင့် လင်းနို့မျက်နှာကြီးကို တွေ့ရလေသည်။ ထိုသို့ တွေ့ရသဖြင့် များစွာလန့်ဖျတ်သွားလေ





သည်။

သူမြင်လိုက်ရသော လင်းနို့မျက်နှာမှာ သာမန်လင်းနို့တစ်ကောင်မျက်နှာမျိုးနှင့် သိပ်မတူပဲ ကြောက်စရာကောင်းသော မိစ္ဆာတစ်ကောင်၏မျက်နှာမျိုးနှင့် တူနေသောကြောင့် ဖြစ်သည်။

မိစ္ဆာမျက်နှာမျိုးဖြင့် လင်းနို့ကြီးကတော့ အချိန်အတော်ကြာသည့်အထိ ပြတင်းပေါက်မှန်တံခါးကပ်နေပြီး အတောင်ပံနှစ်ဘက်ဖြင့် တဘုတ်ဘုတ်နှင့် ပုတ်ခတ်နေသည်။

အတော်ကြာတော့မှ ပျောက်သွားလေသည်။

မေရီကျော်မှာ ကြောက်ရွံ့သဖြင့် တစ်ညလုံး အိပ်မရတော့ပေ။ နောက်တစ်နေ့ ထွန်းအောင်ခိုင်ရောက်လာသောအခါ ထိုအကြောင်းများကို ပြန်ပြောပြလိုက်သည်။

"မောင် ညဘက်ရောက်လာရင် ဒီအိမ်မှာ သရဲခြောက်တယ်၊ ကျွန်မတစ်ယောက်တည်းမနေဝံ့ဘူး"

ထိုစကားကြားတော့ ထွန်းအောင်ခိုင်က ရယ်နေသည်။

"ခါတိုင်းလည်း နေနေကျပဲ မေရီရယ်၊ အခုမှ အဆန်းထုတ်ပြီး လာပြောနေရသေးတယ်၊ နောက်ပြီး ဒီမှာ လူတွေအများကြီး ရှိတာပဲ"

"ဒါပေမယ့် ကိုကျော်ဝေ သေသွားပြီးမှ အခုလို သရဲခြောက်တာတွေ တွေ့လာရတယ်"

"မေရီက ကိုကျော်ဝေကိုကြောက်လို့လား. . ." သူက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာမှ မဟုတ်တာ"

ထိုသို့ပြောတော့ မေရီကျော်က မျက်လုံးအဝိုင်းသားဖြင့် ပြန်ကြည့်နေသည်။

"အော်. . မောင်ပြောတဲ့ အဓိပ္ပါယ်က တခြားမဟုတ်ပါ ဘူး၊ ကိုကျော့ဝေက တခြားလူမှမဟုတ်တာ၊ ဒီအိမ်မှာ နေသွား တဲ့ ဒီအိမ်သားတစ်ယောက်ပဲ မဟုတ်လား၊ သူက ဒီအိမ်သူအိမ် သားတွေကိုတော့ ဒုက္ခပေးမယ်မထင်ပါဘူး"

"ဒါပေမယ့် ကျွန်မတစ်ယောက်တည်းတော့ မနေဝံ့ တော့ဘူး၊ တကယ်လို့ တစ်ယောက်တည်းနေရမယ်ဆိုရင် ကျွန်မ အိမ်မှာပဲ ပြန်နေတော့မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ မေရီရယ်၊ မင်းမရှိရင်မဖြစ်ပါ ဘူး၊ မေရီ မနေဝံ့ဘူးဆိုရင် နောက်ရက်တွေ မသွားတော့ပါဘူး"

"ဒါဖြင့် ဒီညလည်းနေမှာလား"

"ဒီညတော့ ဟိုမှာ ရှင်းစရာလေးတွေရှိလို့ သွားပါရစေ ဒီညသွားပြီးရင် နောက်ညတွေတော့ မသွားတော့ပါဘူး၊ တ ကယ်လို့ မေရီတစ်ယောက်တည်းနေရတာကြောက်ရင် မေ အခန်းမှာ သွားနေပါလား"

ဟု အကြံပေးသည်။

"အို ဒီလိုတော့ မနေချင်ပါဘူး၊ မောင့်ရဲ့ မမက ကျွန်မ သိပ်အဆင်မပြေလှပါဘူး"

"ဒါဖြင့် ဖေဖေ့ကိုမှာထားခဲ့ပါ့မယ်၊ လူကြီးတစ်ယောက်





နေတော့ အရေးအကြောင်းရှိတော့ အားကိုးရတာပေါ့"

ဟုပြောဆိုကာ ညနေပိုင်းရောက်တော့ ထွန်းအောင် ခိုင်တစ်ယောက် လောင်းကစားဝိုင်းသို့ သွားလေသည်။

မေရီကျော်မှာလည်း ကြံရာမရဖြစ်နေသော အမူအယာ ဖြင့် တစ်ယောက်တည်း ကျန်ခဲ့လေသည်။

ညဦးပိုင်းအချိန်ရောက်လာတော့ ဦးမင်းဒင် ရောက် လာပြီး ဆေးတစ်ပုလင်းပေးသည်။

"မေရီ ဘာမှကြောက်စရာ မရှိဘူး၊ ညဘက်မှာ ငါတ သိပ်အိပ်တယ်မရှိပါဘူး၊ အခန်းထဲမှာပဲ ပုတီးစိပ်နေတာများပါ တယ်၊ တကယ်လို့ကြောက်စရာ လန့်စရာတွေတွေ့ရင်လာပြော"

"ဟုတ်. . ဟုတ်ကဲ့"

"ရော့. . အိပ်ကာနီးတော့ ဒီဆေးကိုနည်းနည်းသောက် ပြီးအိပ်ပါ၊ ဘယ်လိုအနှောက်အယှက်တွေမှ အနားမလာနိုင်ဘူး"

ထိုသို့ဆေးပုလင်းကိုပေးပြီး ပြန်သွားလေသည်။

မေရီကျော်လည်း ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ ဦးမင်းဒင်ပေးသွားသောဆေးကို အနည်းငယ်သောက်ပြီးအိပ် ရာ ကြောခင် အိပ်ပျော်သွားလေသည်။ နောက်တစ်နေ့မနက် ထွန်းအောင်ခိုင် ပြန်ရောက်လာပြီး တံခါးခေါက်နိုးတော့မှ ပြန်နိုး လာလေသည်။

သူမအနေဖြင့် ခြောက်လှန့်မှုများကို မတွေ့ရပဲ နှစ်နှစ် ခြိုက်ခြိုက် အိပ်ရသဖြင့် ထွန်းအောင်ခိုင်ပြန်ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ခြောက်လှန့်မှုများအကြောင်းကို ထပ်မပြောတော့ပေ။

ထိုသို့မပြောသဖြင့် ထွန်းအောင်ခိုင်ကလည်း ညနေပိုင်းရောက်သည်နှင့် ဂျစ်ကားမောင်းကာ လောင်းကစားဝိုင်းသို့ သွားလေသည်။ မေရီကျော်ကလည်း တစ်ယောက်တည်းကျန်ခဲ့သောအခါ အခန်းတံခါးကို ဂျက်ထိုးပိတ်ပြီးနောက် ဦးမင်းဒင်ပေးထားသော ဆေးကို သင့်တော်သလောက်သောက်ပြီး အိပ်လေသည်။

နှစ်ရက်သုံးရက်ကြာတော့ ခေါင်းမြီးခြုံထားသော ဝိညာဉ်က ထပ်ရောက်လာပြီး သတိပေးပြန်သည်။

"နင့်အခန်းထဲကို မိစ္ဆာဝိညာဉ်တွေ ရောက်နေကြပြီ၊ မကြာခင် နင်သေရတော့မယ်၊ ဒီအိမ်ကြီးက ထွက်သွားပါ"

"ကျွန်မပြန်ချင်ပေမယ့် သူတို့လိုက်ပို့ပေးမှ ပြန်လို့ရမှာဆိုတော့ ပြန်လို့မရသေးဘူး"

"ဒါဖြင့် ဟိုဘက်အိမ်မှာ ရောက်နေတဲ့လူကို သွားပြီးအကူအညီတောင်းပါ၊ နင့်ကိုအကူအညီပေးနိုင်တာ သူပဲရှိတယ်"

ဟုပြောပြီး ပြန်ပျောက်သွားလေသည်။

နောက်ညများမှာတော့ အိပ်မပျော်ခင်မှာပင် ထိတ်လန့်စရာကောင်းသော မြင်ကွင်းကို တွေ့မြင်လာရသည်။

မိစ္ဆာမျက်နှာမျိုးနှင့် ဖြစ်နေသော လင်းနို့ကြီးက ပထမတော့ မှန်တံခါးအပြင်ဘက်မှကပ်ကာ ခြောက်လှန့်သည်။

နောက်ညများမှာတော့ အခန်းတွင်းသို့ ရောက်လာလေတော့သည်။





အိပ်ဖို့ ပက်လက်လှန်လိုက်သည်နှင့် မျက်နှာကြက်၌ တပ်နေသော လင်းနို့ကြီးကိုတွေ့ရသည်။ မျက်လုံးအပြူးသားနှင့် ငုံ့ကြည့်နေသော မိစ္ဆာမျက်နှာကြီးနှင့် မျက်နှာချင်းဆိုင်တွေ့နေရသည်။

အထိတ်တလန့်နှင့် ထထိုင်လိုက်တော့ ပျောက်သွားသည်။ အခန်းထဲ တစ်နေရာရာများ ကပ်နေလေသလားဟု လိုက်ကြည့်တော့လည်း လင်းနို့နှင့် တူတာပင်မတွေ့ရပေ။

သို့ကြောင့် အိပ်ရန် အိပ်ယာပေါ် လှဲချလိုက်သည်နှင့် မိစ္ဆာမျက်နှာကြီးနှင့် မျက်နှာချင်းဆိုင် ပြန်တွေ့ရပြန်သည်။

ဤသို့ဖြင့် တစ်ညလုံး မအိပ်ရပဲဖြစ်နေတော့သည်။ နောက်ညများမှာတော့ ယခင်ညများတွင် မျက်နှာကြက်၌ ချိတ်ဆွဲနေသော လင်းနို့က သူမအိပ်သောနေရာနှင့် မနီးမဝေးနေရာ ရောက်လာသည်။

အိပ်ယာရှိကုတင်တိုင်မှာ လာကပ်နေပြီး သူမကိုငုံ့ကြည့်နေပြန်သည်။

နီးသော်နေရာ ရောက်လာတော့မှ အတောင်များ လှုပ်နေသည်ကို မြင်ရသည်။ နီရဲနေသောမျက်လုံးနှင့် သွားဖြံဖြံသောအခါ ချွန်ထက်လှသောအစွယ်နှင့် သွားများကိုပါ မြင်တွေ့ရသည်။

မေရီကျော်မှာ မအိပ်ဝံ့တော့သဖြင့် တစ်ညလုံးအိပ်ယာပေါ်မှာ ထိုင်နေရသည်။ ထိုင်နေလျှင်တော့ မိစ္ဆာမျက်နှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းနို့ကိုမတွေ့ရပေ။

နောက်တစ်နေ့ရောက်တော့ အိမ်ကြီးပေါ်မှ လူများမ သိအောင် လှို့ဝှက်ပြီး ဒေါက်တာမင်းထင်ကျော်နေသော အိမ် ဘက်သို့ကူးလာရာ အဆင်သင့်ပင်တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်နှင့် တွေ့သောအခါ ဖြစ် ကြောင်းကုန်စင် ပြန်ပြောပြလိုက်ရာ စိတ်ဝင်စားစွာဖြင့် နား ထောင်နေလေသည်။

"ခင်ဗျားညဘက်သောက်တဲ့ဆေးပုလင်းက ဘယ်မှာ လဲ"

"မေရီကျော်က သူမအိတ်ထဲတွင် အသင့်ယူလာသော ဆေးပုလင်းကို ထုတ်ပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ဆေးပုလင်းကိုကြည့်ရှုပြီး

"ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော် ခင်ဗျားကို အကူအညီ ပေးပါ့မယ်၊ ဒါပေမယ့် ညရောက်ရင်တော့ ဒီဆေးကိုမသောက် ပါနဲ့"

ဟု ပြောလိုက်သည်။

"ဆရာ ကျွန်မကို အိမ်ပြန်ပို့ပေးပါ၊ ဒီအိမ်ကြီးမှာ ဆက် နေရင် မကြာခင် ကျွန်မသေရတော့မယ်ထင်တယ်"

"ကျွန်တော်ဦးမောင်လွင်နဲ့တွေ့ရင် အကျိုးအကြောင်း ပြောပြပေးပါ့မယ်"

ဟု ပြောဆိုနှစ်သိမ့်ကာ ပြန်လွှတ်လိုက်သည်။ ဦးမင်းခင်





ပေးထားသော ဆေးပုလင်းကိုတော့ ယူထားလိုက်သည်။

ဆေးဝါးကိစ္စများ ပါဝင်လာပြီ ဖြစ်သောကြောင့် ရှင်း မိတ်ဆွေဖြစ်သူ ဦးဗန်ကောင်းကို လှမ်းမှာရန်ပင် စိတ်ကူးနေမိ လေသည်။

ညအချိန်ရောက်တော့ နရဏီသခ်စံအိမ်ဘက်မှ စူးစူး ဝါးဝါးအော်သံများ ကြားရပြန်သဖြင့် သေနတ်ကိုယူပြီး ထိုအိမ် ဘက်သို့ သွားလေသည်။

ထိုအိမ်ရောက်၍ မေးမြန်းကြည့်သောအခါ အော်သံမှာ မေရီကျော်နေသော အခန်းတွင်းမှဖြစ်ကြောင်း သိရလေသည်။ ထို့ကြောင့် အောက်ထပ်၌ပင်ရှိသော မေရီကျော်နေသော အ ခန်းတွင်းမှဖြစ်ကြောင်း သိရလေသည်။ ထို့ကြောင့် အောက်ထပ် ၌ပင်ရှိသော မေရီကျော်နေသောအခန်းသို့ သွားကြည့်ကြသည်။

အခန်းတံခါးမှာ စေ့ရုံစေ့ထားသောကြောင့် အတွင်းသို့ ဝင်ကြည့်ကြသောအခါ ကုတင်ပေါ်မှာ ပက်လက်အနေအထား ဖြင့် သေဆုံးနေပြီဖြစ်သော မေရီကျော်အလောင်းကိုသာ တွေ့ရ တော့သည်။

ချောမောလှပသော မျက်နှာမှာ မသေခင်က ကြောက် ရွံ့ထိတ်လန့်ဖွယ်ရာ တွေ့ရဟန်ဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေ သည်။

အပေါ်သို့မော့ကြည့်နေသော မျက်လုံးမှာ ပြူးထွက်နေ သည်။ အော်ဟစ်ထားသဖြင့် ပါးစပ်မှာ ဟနေသည်။



www.burmeseclassic.com

လည်ပင်းနေရာမှာတော့ အစွယ်ဖြင့် ထိုးဖောက်ထားသကဲ့သို့ ဒဏ်ရာနှစ်ချက်တွေ့ရသည်။ ထိုဒဏ်ရာမှပင် သွေးများစိမ့်ထွက်နေရာ အိပ်ယာခင်းနှင့် ခေါင်းအုံးပေါ်တွင် သွေးကွက်များ စွန်းပေနေသည်။

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းရှာစ်ချက်ချလိုက်သည်။ သူမကို အသက်ဘေးအန္တရာယ်မှ ကယ်တင်ပေးရန် စိတ်ကူးနေစဉ်မှာပင် အသက်ဆုံးရှုံးသွားခြင်း ဖြစ်ပေတော့သည်။ ဘာမှမတတ်နိုင်တော့ပါချေ။







# အခန်း[၈]

# အခွင့်အရေးပေးသော သေမင်း

ရီကျော်တစ်ယောက် သေဆုံးသွားခဲ့ပြီးနောက်တွင် နောက်ဆက်တွဲပြဿနာတစ်ခုကျန်ခဲ့လေသည်။

အခြားတော့ မဟုတ်ချေ။ မင်္ဂလာဆောင်စဉ်က သူမမိတ်များမှ အမွေပေးလိုက်သော စိန်တစ်ဆင်စာမှာ ပျောက်ခြင်းမလှပျောက်နေခြင်းဖြစ်သည်။

ၒင်းအလောင်းကို သယ်ယူသွားပြီးနောက်တွင် ထွန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်တစ်ယောက် တစ်ခန်းလုံး နေရာအနှံ့ လိုက်လံရှာဖွေသော်လည်း ဘယ်နေရာမှ မတွေ့ရပေ။

"သူ့ကိုပေးထားတဲ့ စိန်တစ်ဆင်စာ ဘယ်ပျောက်သွားပါလိမ့်၊ ဒီမှာထားရင် ငါယူမှာစိုးလို့ သူ့မိဘတွေအိမ်ကို ပြန်ပို့ပေးထားသလားမသိဘူး"

ဟု တွေးတောနေလေသည်။

အခန်းတစ်ခန်းလုံး ပိုက်စိပ်တိုက်ရှာဖွေသော်လည်း မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် အခန်းထဲသို့ ဦးမင်းဒင်နှင့် ခင်မျိုးနွယ်တို့ ရောက်လာကြသည်။ သူတို့ရောက်လာသည်နှင့် တံခါးကိုဂျက်ထိုးပိတ်ထားလိုက်သည်။

"မင်းမိန်းမရဲ့ စိန်တစ်ဆင်စာ တွေ့ပြီလား"

အခန်းထဲရောက်တော့ ဦးမင်းဒင်က လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"မတွေ့သေးဘူး"

"ဒီမှာမရှိရင် တစ်နေရာပို့ထားလို့ ဖြစ်မှာပေါ့"

"ကျော့ဝေသေသွားပြီး သိပ်မကြာခင်မှာ မေရီကျော်ပါ ထပ်သေပြန်တော့ ပုလိပ်တွေက မျက်စိဒေါက်ထောက်ပြီး ကြည့်နေကြတယ်၊ နေတာထိုင်တာ ခြေလှမ်းမမှားစေနဲ့"

"စိတ်ချပါ အဖေ၊ ဒါပေမယ့် ဒီမှာရှိတဲ့ ပုလိပ်တွေက အရည်အချင်းမရှိပါဘူး"

"မင်းက လူတွေကို တယ်ပြီးလျှော့တွက်တာကိုး၊ ဒီအိမ်





မှာအစ်ကိုကြီး ခေါ်လာတဲ့သူက သာမန်မဟုတ်ဘူး ထင်တယ်၊ တော်ကြာစုံထောက်တွေဘာတွေ ဖြစ်နေရင် ခက်နေလိမ့်မယ်"

ထိုစကားကြားတော့ ခင်မျိုးနွယ်ကပါ ဝင်ပြောသည်။

"ဘာပဲဖြစ်ဖြစ်နင့်မိန်းမကို အိမ်ပေါ်တင်ထားပြီးမှ ရသင့်ရထိုက်တာ မရရင်တော့ ငါတို့အတွက် နစ်နာတာပဲ၊ ဒီမှာ ရှာကြည့်လို့မရရင် ဘယ်နေရာရောက်သွားသလဲဆိုတာ သေသေချာချာ စုံစမ်းပေတော့"

ဟုပြောသည်။

မေရီကျော်သေဆုံးသွားပြီး နောက်မှာတော့ ထွန်းအောင်ခိုင်တစ်ယောက်မှာ ပိုပြီးလွတ်လပ်မှု ရသွားလေသည်။

သို့ကြောင့် ညအချိန်များတွင် လောင်းကစားဝိုင်းများသို့ သွားမြဲသွားလေသည်။

တစ်ညမှာတော့ ထွန်းအောင်ခိုင်နေသော အခန်းထဲတွင် သွားလာနေသော မည်းမည်းသဏ္ဌာန်တစ်ယောက် ရောက်နေလေသည်။ ထိုသဏ္ဌာန်မှာ တစ်ညလုံး လူမရှိသောအခန်းထဲမှာ သွားလာလှုပ်ရှားနေပြီး အရုဏ်တက်ချိန်နီးတော့မှ ပျောက်သွားလေသည်။

ယခင်က အောက်ထပ်တွင်နေထိုင်သူ များသော်လည်း ကိုကျော့ဝေနှင့် မေရီကျော်တို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားပြီးနောက်မှာတော့ ဦးမင်းဒင်တို့ မိသားစုသုံးယောက်သာ ကျန်ခဲ့တော့သည်။ ထိုသုံးယောက်အနက် ထွန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်က ညစဉ်အပြင်သွားနေသောကြောင့် အောက်ထပ်တွင် ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့နှစ်ယောက်သာ ကျန်တော့သည်။

၎င်းတို့နှစ်ယောက်ကလည်း မိုးချုပ်သည်နှင့် အပြင်မထွက်ကြတော့ပဲ အခန်းတံခါး ပိတ်နေကြသည်။

ဦးမော်င်လွင်နှင့် ခင်မျိုးနွယ်တို့ကလည်း အပေါ်ထပ်မှာသာ နေကြသဖြင့် အောက်ထပ်မှအခြေအနေကို မသိကြပေ။

သို့ကြောင့် လူမရှိသော အခန်းထဲတွင် မည်းမည်းသဏ္ဌာန်ကြီး သွားလာနေသည်ကို မသိကြခြင်း ဖြစ်၏။

တစ်နေ့တော့ ထွန်းအောင်ခိုင်တစ်ယောက် ဂျစ်ကားကိုမောင်းပြီး လောင်းကစားပြုလုပ်သောအိမ်သို့ ရောက်သွားသောအခါ အိမ်ရှင်က သူ့အတွက် စာအိတ်တစ်လုံး ထုတ်ပေးလေသည်။

"ညနေပိုင်းက လူတစ်ယောက်လာပေးသွားတာ၊ စာအိတ်ပေါ်မှာ မင်းနာမည်တပ်ထားတယ်"

ကြည့်လိုက်တော့ စာအိတ်ပေါ်တွင်. . .

"ကိုထွန်းအောင်ခိုင်. . နရဏီသိမ်စံအိမ်"

ဟု လိပ်စာရေးထားသဖြင့် စာအိတ်ကိုဖောက်ကြည့်သည်။ စာရွက်ပေါ်မှာ အောက်ပါစာများ ရေးထားသည်။

"ပျောက်နေတဲ့ စိန်တစ်ဆင်စာကို ပြန်လိုချင်ရင် ည(၇)နာရီအချိန် ဗုဒ္ဓမော်ကျောက်ပုံကို တစ်ယောက်တည်းလာခဲ့ပါ။





လူပိုခေါ်လာရင် တွေ့ရလိမ့်မည်မဟုတ်ပါ"

(အမှောင်ထဲကလူ)

ဟူ၍ ရေးသားထားလေသည်။

ထွန်းအောင်ခိုင်က စာရွက်ကို နောက်တစ်ခေါက်ထပ်ဖတ်ကြည့်ပြီး စဉ်းစားနေသည်။

"စိန်တစ်ဆင်စာကိစ္စက ငါတို့မိသားစုတွေလောက်သာသိတဲ့ကိစ္စပဲ၊ အခုဒီကိစ္စကို သိနေတဲ့လူက ဘယ်သူလဲ၊ မေရီကျော်ဆီက စိန်တစ်ဆင်စာကရော သူ့ဆီကိုဘယ်လို ရောက်နေတာလဲ၊ ဘာပဲဖြစ်ဖြစ် သူပြောတဲ့အတိုင်းသွားရင်တော့ ငါသိချင်တာတွေ သိရမယ်ထင်တယ်"

ထွန်းအောင်ခိုင်က ထိုသို့စဉ်းစားပြီး ထိုနေရာသို့ တစ်ယောက်တည်းသွားရန် ပြင်လေသည်။

သူ့တွင် ဂျစ်ကားပါလာသော်လည်း လိုင်စင်ဖြင့်ကိုင်သော သေနတ်ကတော့ မပါပေ။

အချိန်က မှောင်စပျိုးသောအချိန် ရောက်နေပေပြီ။

စစ်တွေမြို့ပေါ်မှာပင် မှုံဝါးသော မီးလုံးများသာ ရှိပေရာ မြို့စွန်ဘက်များမှာတော့ မီးရောင်မရှိပေ။

ထိုအချိန်ရောက်တော့မှ ထွန်းအောင်ခိုင်မှာ ဂျစ်ကားကိုမောင်းထွက်ခဲ့လေသည်။

ဗုဒ္ဓမော်ရှိသောနေရာမှာ စစ်တွေမြို့တောင်ဘက် အစွန်ဆုံး ပိုင့်အနီး၌ရှိသော၊ ဘာသာရေးနှင့် ပတ်သက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



လူသိများသော နေရာတစ်ခု ဖြစ်သည်။ တောင်ကုန်းမြင့် တစ်ခုပေါ်၌ ရှိသည်။

ဌက်ဦးခေါင်းနှင့်တူသော ကျောက်လိုဏ်ခေါင်းတစ်ခုလည်း ရှိသည်။ ရခိုင်လေးမြို့ခေတ်တွင် ပဋ္ဌာမြို့အနီးတွင် ဌက်ခေါင်းနှင့်တူသော ကျောက်လိုဏ်ခေါင်းအတွင်း၌ သဗ္ဗာဗဏ္ဏာဝ ရဟန္တာကြွရောက်သီတင်းသုံး နေခဲ့ဖူးသည်။

ထိုရဟန္တာအရှင်သူမြတ်သည် ပဋ္ဌာမြို့ကိုတည်စဉ်က ပါဝင်ကူညီပေးခဲ့ကြသော ရဟန္တာရှစ်ပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သည်။

ထိုရဟန္တာ အရှင်သူမြတ်သည် လက်မဂူ၌သော်လည်းကောင်း၊ ချိတ်တောင်တို့၌လည်းကောင်း သီတင်းသုံး နေခဲ့ဖူးပေသည်။

ဗုဒ္ဓေါမော်ဟု အမည်တွင်ရခြင်းမှာ အကြောင်းအမျိုးမျိုးရှိသည်။ ဗုဒ္ဓဟု တင်စားခေါ်ဝေါ်ကြသည့် ရဟန္တာအရှင်သူမြတ်သီတင်းသုံးခဲ့သောနေရာ ဖြစ်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ၎င်းနေရာသည် အငူစွန်း၌ရှိသောကြောင့် အလွန်ထန်သော နေရာဖြစ်သည်။ ထိုနေရာမှ ဖြတ်သန်းသွားလာကြသော သင်္ဘောနှင့်လှေများသည် ထိုနေရာရောက်သည်နှင့် လှိုင်းဒဏ်ခံကြရသည်။

ဘေးအန္တရာယ်နှင့် ကြုံသောအခါ ဘုရား(ဗုဒ္ဓေါ)တကြရသည်။ 'မော်'ဟူသည်မှာ အငူဖြစ်သည်။

သို့ကြောင့် 'ဗုဒ္ဓေါမော်'ဟုအမည်တွင်လာခြင်းလည်း အ





ကြောင်းတစ်ခုဖြစ်ပေသည်။

ဒေသခံအချို့ကလည်း ထိုအငူစွန်းတွင် ပင်လယ်စောင့်နတ်ရှိသည်ဟု ယုံကြည်ကြသည်။ ပင်လယ်စောင့်နတ်ကိုလည်း ဗုဒ္ဓေါဟုပင် တိုင်တည်ရွတ်ဆိုကြသည်။

ဘေးအန္တရာယ်နှင့် ကြုံသောအခါ 'ဗုဒ္ဓေါ. . ဗုဒ္ဓေါ'ဟု ရွတ်ဆိုတိုင်တည်ကြရင်းမှ ထိုအမည်ဖြစ်ပေါ်လာသည်ဟုလည်း ပြောဆိုရေးသားကြသည်။

ပင်လယ်နတ်ကို တိုင်တည်ပူဇော်သော စာအချို့မှာ. .

"ဗုဒ္ဓေါအရှင်သီတာပြင်မှာ ကျွန်းနတ်ရှင်လေး"ဟူ၍ ရှိခဲ့သည်။

ရခိုင်လူမျိုးတို့က သဲပြိုင်ဟစ်အော်ခြင်းကို 'ဗုဒ္ဓေါကြော်သည်'ဟု ခေါ်ဝေါ်သုံးစွဲကြသည်။

နောက်ပိုင်းကာရောက်လာတော့ တစ်နှစ်နှစ်ကြိမ် နတ်ဆရာတော်များက ဦးဆောင်ပြီး ဗုဒ္ဓေါနတ်ကို ကန္နားပွဲများ ကျင်းပပူဇော်မှုများ ပြုလုပ်ပေးကြသည်။

ထိုနေရာကို မဟာမေဒင်တို့က 'ဘူဒါမို့ကင်း'ဟု ခေါ်ဝေါ်ကြသည်။ ခေါ်ရခြင်းအကြောင်းမှာ တစ်ချိန်က ထိုနေရာတွင် 'ဘူဒါအာလီဟတ်'ဆိုသော မဟာမေဒင်တစ်ဦး လာရောက်နေထိုင်ခဲ့ဖူးပေသည်။

ထိုပုဂ္ဂိုလ်လာရောက်နေထိုင်စဉ်ကပင် မဟာမေဒင်တို့က ဝတ်ကျောင်းဗလီတစ်ခု တည်ဆောက်ပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကာလအတွင်းက စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးသွားသောကြောင့် ကာရံထားသော အုတ်နံရံများလောက်သာ ကျန်ခဲ့သည်။

နှစ်စဉ်ကျင်းပသော နတ်ကန္နားပွဲများ ပြုလုပ်ကြသည့်အခါ၌သာ ထိုနေရာတွင် လူစည်ကားပြီး အခြားအချိန်များမှာတော့ သွားလာသူမရှိသလောက် နည်းလေသည်။

ထို့ပြင် သရဲတစ္ဆေ ခြောက်လှန့်မှုရှိသည်ဆိုသောကြောင့်လည်း နေဝင်ချိန်ရောက်သည်နှင့် ထိုနေရာသို့ အကြောင်းမရှိပဲ မလာကြတော့ပေ။

ထိုနေရာသို့ ထွန်းအောင်ခိုင်ရောက်လာသော အချိန်မှာ ညဦးပိုင်း(၇)နာရီခန့် ရှိနေပေပြီ။

ပင်လယ်ပြင်တွင် ဆည်းဆာရောင်အချို့ ကျန်ရှိနေသေးသော်လည်း ဗုဒ္ဓေါမော်ကုန်းတစ်ဝိုက်မှာ အမှောင်ရိပ်များဖုံးနေပြီ ဖြစ်သောကြောင့် လူလုံးမကွဲတော့ပေ။

ဂျစ်ကားကိုလမ်းတစ်နေရာမှာပင် ရပ်ထားခဲ့ပြီး ဗုဒ္ဓေါမော်ရှိရာသို့ လမ်းလျှောက်သွားသည်။

ပတ်ဝန်းကျင်မှာတော့ လူသူအရိပ်အယောင်မတွေ့ရပေ။ အိပ်တန်းတက်ရန် နောက်ကျမှပြန်လာသော ငှက်အချို့သာ အဆောက်အဦးပျက်ရှိသော နေရာတစ်ဝိုက်တွင် ပျံဝဲနေကြသည်ကို လှမ်းမြင်ရသည်။

အဆောက်အဦးနှင့် မနီးမဝေးရောက်တော့ ရပ်တုံပြီး





အခြေအနေကြည့်သည်။

"ဟုတ်မှဟုတ်ရဲ့လားမသိဘူး၊ တစ်ယောက်ယောက်ကများ နောက်လိုက်တာလား၊ ဒါပေမယ့် စိန်တစ်ဆင်စာအကြောင်း သိနေတာကတော့ အံ့သြစရာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီနေရာတောင် ရောက်လာမှတော့ အတွင်းဝင်ကြည့်လိုက်တာ မမှားပါဘူး"

ဟုတွေးတော၊ပြီး. . အဆောက်အဦးရှိရာဘက်သို့ လျှောက်လာလေသည်။

ထွန်းအောင်ခိုင်သည် သရဲတစ္ဆေ ကြောက်တတ်သူတော့ မဟုတ်ပေ။ သို့သော် ယခုလို လူသူကင်းမဲ့သော နေရာမျိုးတို့ အချိန်မရှိမှ တစ်ယောက်တည်းလာရသည်တော့ စိတ်ထဲ၌ တစ်မျိုး ဖြစ်နေမိသည်။

ထိုနေရာရောက်တော့ လှေခါးထစ်များမှ အပေါ်သို့ တက်လာသည်။ အဆောက်အဦးပျက်အတွင်းမှာတော့ မှောင်နေလေသည်။ သူ အတွင်းရောက်သွားတော့ အမှောင်ရိပ်ထဲမှ တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသော လူမည်းကြီးတစ်ယောက် ထွက်လာသည်။ ဘေးတစ်ချက်မှာလည်း ရပ်နေကြသည့် အခြားလူအချို့လည်း ရှိနေကြသည်။

"ဘာကြောင့် ဒီနေရာခေါ်တာလဲ"

ထွန်းအောင်ခိုင်က မေးလိုက်သည်။

"မင်းကို ပြစရာတစ်ခု ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ရှေ့၌ရပ်နေသော လူမည်းကြီးက လက်ထဲမှာ ကိုင်ထားသော အရာဝတ္ထုတစ်ခုကို လက်နှိပ်မီးရောင်ဖြင့် ထိုးပြလိုက်သည်။

မီးရောင်ဖြင့်ထိလိုက်သည်နှင့် အလင်းရောင်များ ဝင်းလက်တောက်ပလာသည်။ အခြားမဟုတ်ပေ။

စိန်ဖြင့် ပြုလုပ်ထားသော လည်ဆွဲတစ်ကုံးပင်ဖြစ်၏။

"ဟင်. . ဒါ. . ဒါ"

"ဒါက စိန်လည်ဆွဲလေ၊ မေရီကျော်ပိုင်တဲ့ စိန်တစ်ဆင်စာထဲက တစ်ခုပေါ့"

"ဒါတွေက ခင်ဗျားတို့ဆီကို ဘာကြောင့်ရောက်နေတာလဲ"

"ဒါတွေ မင်းသိလို့လည်း ဘာမှထူးတော့မှာ မဟုတ်ပါဘူးကွာ၊ အဓိကက မင်း ဒီပစ္စည်းတွေကို ပြန်လိုချင်တယ် မဟုတ်လား"

"ဟုတ်. . ဟုတ်တယ်"

"ဒါပေမယ့် ဒီအတိုင်းတော့ မရဘူး၊ မင်းက လောင်းကစားသမား တစ်ဦးဆိုတော့ အလောင်းအစား တစ်ခုတော့ လုပ်ရမယ်"

"ဘယ်လိုအလောင်းအစားမျိုးလဲ"

ထိုအခါ စိန်လည်ဆွဲကိုင်ထားသူက လက်နှိပ်မီးဖြင့် တစ်နေရာတွင် တင်ထားသော သေနတ်နှစ်လက်ကို ထိုးပြသည်။

"ဟင်. ."

သေနတ်နှစ်လက်မှာ အရွယ်တူ၊ ဆိုဒ်တူ၊ ပုံသဏ္ဌာန် အတူတူပင်ဖြစ်သည်။

ထို့ထက်သေဆုံးသွားသော ကိုကျော်ဝေလက်ထဲတွင် တွေ့ရသော သေနတ်ပုံစံနှင့် တစ်ထေရာတည်းတူသော သေနတ်မျိုး ဖြစ်သည်။

သေနတ်နှစ်ဘက်ကို မီးထိုးပြပြီး ရှေ့မှာ ရပ်နေသူက ပြောသည်။

"ဒီသေနတ်နှစ်လက်က ပုံစံတူ၊ ဆိုဒ်တူ၊ အမျိုးအစား အတူတူပဲ၊ တစ်ခုပဲကွာတယ်၊ တစ်လက်က သေနတ်အစစ်ဖြစ်ပြီး ကျန်တဲ့သေနတ်က ကစားစရာ သေနတ်ပဲ"

"ဟင်. ."

"ကစားစရာ သေနတ်အကြောင်းကိုတော့ မင်းလည်းသိတန်သလောက် သိမှာပါ"

"မ. . မသိဘူး"

"ရန်ကုန်က ပါဆယ်ထုပ်ရောက်လာတော့ မင်းပဲ လက်မှတ်ထိုးယူလိုက်တယ်လေ"

"ဟင်. . ဒါတွေကို ခင်ဗျား ဘယ်လိုသိနေတာလဲ"

"ငါလည်း သိတန်သလောက်တော့ သိပြီးသားပါ၊ ဒီသေနတ်အကြောင်းကို မင်းသိတန်သလောက် သိတယ်၊ ရောက်





www.burmeseclassic.com

www.burmeseclassic.com



လာတော့ ပါဆယ်ထုပ်ကို မင်းကိုယ်တိုင်လက်မှတ်ထိုးယူလိုက်တယ်၊ နောက်တော့ ပါဆယ်ထုပ်ကိုဖောက်ပြီး သေနတ်ကို စမ်းကြည့်တယ်၊ သေနတ်ပြောင်းဝကို မျက်လုံးနဲ့ကြည့်ပြီး မောင်းခလုတ်ကိုနှိပ်လိုက်ရင် ရုပ်ရှင်ကြည့်ရသလို တီရိစ္ဆာန်လေးတွေ ပြေးလွှားနေတာ တွေ့ခဲ့ရတယ်မဟုတ်လား”

ဘာမှပြန်မပြောတော့ပေ။

ထွန်းအောင်ခိုင်က ဘယ်လိုပြန်ထွက်ရမည်ကို စဉ်းစားနေသည်။ သို့သော်လည်း သူနှင့်မနီးမဝေးမှာ လူမည်းကြီးများ ရပ်နေကြသည်ကို တွေ့သောအခါ ထိုအကြံအစည်ကို လက်လျှော့ကာ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

လူမည်းကြီးက စကားပြန်ဆက်ပြောသည်။

“နောက်တော့ ကစားစရာ သေနတ်ကိုယူထားပြီး ပုံစံတူတဲ့ သေနတ်အစစ်တစ်လက်ကို ပါဆယ်ထုပ်ထဲမှာ ထည့်ပြီး ကျော့ဝေအခန်းထဲကို ပို့ပေးခဲ့တယ်မဟုတ်လား”

“ခင်ဗျားဘယ်သူလဲ၊ ဘာတွေ လာပြောနေတာလဲ၊ ခင်ဗျားပြောနေတာတွေ တစ်ခုမှမဟုတ်ဘူး”

ထိုအခါ လူမည်းကြီးထံမှ သဘောကျသောဟန်ဖြင့် ရယ်သံခတ်တိုးတိုးထွက်လာသည်။

“ကိုကျော့ဝေက ကျုပ်ရဲ့ယောက်ဖပဲ၊ ဘာကြောင့် သူ့ကိုသတ်ဖို့ ကြံစည်ရမှာလဲ”

“အကြောင်းရှိလို့ သတ်တာပေါ့ကွာ၊ ကျော့ဝေက သူ





ဌေးသားဆိုပေမယ့် အိမ်ပေါ်ရောက်လာကတည်းက မင်းတို့တွေ ဝိုင်းပြီးဖြုန်းတီးပစ်လိုက်ကြတာနဲ့ အမွေရခဲ့တဲ့ ငွေတွေက မရှိတော့ဘူး၊ ဒါကြောင့် သူက မင်းတို့အိမ်ပေါ်မှာ လူပိုတစ်ယောက် ဖြစ်နေပြီ”

“ဒါလောက်နဲ့ သတ်ရမလားဗျ”

“မှန်တာပေါ့၊ ဒီလောက်နဲ့တော့ ဘယ်သတ်လို့ ဖြစ်ပါ့မလဲ၊ ဒါထက်ဆိုးတဲ့အချက်ကြောင့် သတ်ရတာလေ၊ အဲဒါက တခြားမဟုတ်ဘူး၊ ကျော့ဝေက မင်းမိန်းမမေရီကျော်နဲ့ ဖောက်ပြန်နေကြတယ်လေ၊ မင်းကတော့ ဒါတွေ မသိခဲ့ဘူး၊ မင်းအစ်မ ခင်မိုးသွယ်က ပြန်ပြောပြတော့မှ သိရတာလေ၊ ဒါကြောင့် အခွင့်ကောင်းကိုစောင့်နေခဲ့တာ၊ ပါဆယ်ထုပ် ရောက်လာတော့မှ အဆင်ပြေသွားတော့တာ မဟုတ်လား”

ထွန်းအောင်ခိုင်မှာ မငြင်းသာတော့သဖြင့် အံကြိတ်ထားလေသည်။

“ခင်ဗျားက ဒီလောက်တောင်သိနေမှတော့ ငြင်းမနေတော့ပါဘူးဗျာ၊ ဟုတ်တယ် ဒီလူယုတ်မာကို ကျုပ်ကြံစည်ပြီး သတ်ခဲ့တာပဲ၊ ခင်ဗျားတို့က ပုလိပ်တွေလား၊ စုံထောက်တွေလား။ ကျုပ်ကို ဖမ်းမလို့ မဟုတ်လား”

“ငါတို့က ပုလိပ်တွေမဟုတ်ပါဘူးကွာ”

“ဒါဖြင့် ကျုပ်ဆီက ဘာလိုချင်လို့လဲ၊ ငွေညှစ်ဖို့တော့ စိတ်မကူးနဲ့နော်၊ ကျုပ်က ဖဲသမား၊ တစ်ပြားမှ ရှိတာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် မေးရဦးမယ်၊ မေရီကျော်ဝှက်ထားခဲ့တဲ့ စိန်တွေက ခင်ဗျားတို့ဆီ ဘယ်လိုရောက်နေတာလဲ”

“ဒါက မင်းသိဖို့မလိုပါဘူးကွာ၊ မင်းလိုချင်တာက ဒီစိန်တွေ မဟုတ်လား”

“ဟုတ်တယ်”

“ဒါဖြင့် ဟိုပေါ်မှာ သေနတ်နှစ်လက် တင်ထားတယ်၊ တစ်လက်က အစစ်၊ တစ်လက်က အတုပဲ၊ ဒီနှစ်လက်က ကြိုက်ရာတစ်လက်ကိုယူပြီး မျက်စိနဲ့ကြည့်ပြီး မောင်းဖြုတ်ရမယ်”

ထွန်းအောင်ခိုင်က ဘာမှပြန်မပြောပဲ စဉ်းစားနေသည်။ သူ့အနေနှင့် ထွက်ပေါက်မရတော့ပေ။

ကံကောင်းခြင်းနှင့် မကောင်းခြင်းကို ရွေးချယ်ရပေမည်။

“မင်းအတွက် အခွင့်အရေးက ဆတူရှိနေတာပဲ၊ ကံကောင်းပြီး ကစားစရာ သေနတ်ရွေးမိရင် အသက်ချမ်းသာရမယ်၊ ဒီစိန်တွေကိုလည်းပြန်ရမယ်၊ တကယ်လို့ သေနတ်အစစ်ရွေးမိတော့ မင်းရဲ့ကံတရားပေါ့၊ ကဲ ရွေးချယ်ပေတော့”

ထိုသို့ပြောသဖြင့် ထွန်းအောင်ခိုင်မှာ တွေတွေထူးထူး စဉ်းစားမနေတော့ပဲ သေနတ်နှစ်လက်တင်ထားသော နေရာသို့ လျှောက်သွားလေသည်။

ထိုနေရာရောက်တော့ လူမည်းကြီးသုံးယောက်က မနီးမဝေး နေရာမှရပ်ပြီး အခြေအနေ ကြည့်နေကြသည်။





သို့ကြောင့် စိတ်ကိုတင်းပြီး သေနတ်တစ်လက်ကို ကောက်ယူလိုက်သည်။

ထို့နောက် မျက်စိရှေ့သို့ ပြောင်းဝတေ့ပြီး မောင်းဖြုတ်ချလိုက်လေသည်။

တိတ်ဆိတ်နေပြီဖြစ်သော ဗုဒ္ဓါမော်တစ်ဝိုက်တွင် သေနတ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

သို့သော် ကမ်းခြေဘက်မှ လှိုင်းပုတ်သံများကြောင့် ရောနှောပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း[၉]

# ဘဝခြားနေသော ဝိညာဉ်မေတ္တာ

ချိန်က ညဉ့်နက်ပိုင်းအချိန်ရောက်နေပြီ ဖြစ်သော်လည်း ဦးမင်းဒင်တစ်ယောက် အိပ်မပျော်နိုင်ပဲ ရှိနေလေသည်။

နရုဏ်သိခ်စံအိမ်ကြီးတွင်ရှ ဂုင်းနှင့်သက်ဆိုင်သော မိသားစုဝင်များ တစ်ယောက်ပြီးတစ်ယောက် သေဆုံးနေကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပထမ သူ၏သားမက်ဖြစ်သော ကျော့ဝေသေဆုံးသွားသည်။ ဒါက သွေးသားမဟုတ်သဖြင့် အရေးမကြီးလှပေ။

နောက်တော့ မေရီကျော်တစ်ယောက် သေပြန်သည်။ ဒါကလည်း သားနှင့်စပ်မှ ချွေးမတော်သဖြင့် အရေးမကြီးလှပေ။

ယခုတော့ ထွန်းအောင်ခိုင်တစ်ယောက်ပါ ပျောက်ချင်းမလှ ပျောက်သွားလေသည်။ လိုက်လံရှာဖွေတော့ ဗုဒ္ဓါမော်ပွိုင့်နှင့် မနီးမဝေးလမ်းဘေးတွင် ရပ်ထားသော ဂျစ်ကားကိုသာ ပြန်တွေ့ရပြီး ထွန်းအောင်ခိုင်ကိုတော့ မတွေ့ရတော့ပေ။

ၡင်းသွားနေကျ လောင်းကစားပြုလုပ်နေသော အိမ်သို့သွားပြီး မေးမြန်းကြည့်သောအခါတွင်လည်း ၡင်းတို့ သိသလောက်သာ ပြောပြကြသည်။

ထွန်းအောင်ခိုင်တစ်ယောက် လောင်းကစားဝိုင်းမှ ရန်ငြိုးရန်စများကြောင့် အသတ်ခံရသလား၊ ဒါမှမဟုတ် ကြွေးပတ်လည်ဝိုင်းပြီး မဖြေရှင်းနိုင်တော့သဖြင့် မိမိကိုယ်ကို သတ်သေသွားသလား၊ သေသေချာချာတော့ မသိရသေးပေ။

သို့သော် ဦးမင်းဒင်ကတော့ တစ်ဦးတည်းရှိသော သားဖြစ်နေသောကြောင့် ပူပန်သောကများစွာ ရောက်နေရလေသည်။

ခင်မျိုးသွယ်မှာလည်း ယောက်ျားဖြစ်သူ ကျော့ဝေသေသွားသော်လည်း ထူးထူးထွေထွေ ပူပန်မှု မဖြစ်ခဲ့သော်လည်း ယခုမောင်ဖြစ်သူ ထွန်းအောင်ခိုင်တစ်ယောက် ပျောက်သွား





သောအခါမှာတော့ တုန်လှုပ်စ ပြုလာလေသည်။ သူ့မှာ အားကိုးစရာဆို၍ ဖခင်ဖြစ်သူ ဦးမင်းဒင်တစ်ယောက်သာ ကျန်တော့သည်။

အပေါ်ထပ်တွင် ဦးမောင်လွင်နှင့် ခင်မျိုးနွယ်တို့ နေကြသော်လည်း ယခင်ကတည်းက အဆင်မပြေသဖြင့် အားကိုးမရပေ။ ထို့ကြောင့် ညအချိန်ရောက်လာလျှင် ထိတ်လန့်ကြောက်ရွံ့မှုများဖြင့် နေရလေသည်။

ထို့ထက်ပိုဆိုးသော အချက်မှာ ညဉ့်နက်ပိုင်းအချိန်ရောက်လာလျှင် ကျော့ဝေနှင့် မေရီကျော်တို့၏ ဝိညာဉ်များရောက်လာပြီး ခြောက်လှန့်ကြခြင်း ဖြစ်သည်။

ယခုလည်း ဦးမင်းဒင်တစ်ယောက် ညဉ့်နက်ပိုင်းအချိန်ရောက်သည်အထိ အိပ်မပျော်သေးသဖြင့် အခန်းအပြင်ဘက်မှ တဘုတ်ဘုတ်နှင့် တစ်စုံတစ်ယောက်က လာရောက်ပုတ်ခတ်နေသောအသံကို ကြားရသည်။ မှန်တံခါးချပ်ကို တစ်စုံတစ်ယောက်က လာပုတ်နေသောအသံမျိုး ဖြစ်သည်။

လှည့်ကြည့်လိုက်တော့ မှန်တံခါးချပ်တွင် တွယ်တပ်နေသော လင်းနို့ကြီးတစ်ကောင်ကို တွေ့ရသည်။ သာမန်လင်းနို့တစ်ကောင်မျက်နှာမျိုး မဟုတ်ပဲ မိန်းမျက်နှာမျိုး ဖြစ်နေသည်။

ထိုလင်းနို့ကြီးက ပြတင်းတံခါးပေါက်မှာကပ်ပြီး အတော်ကြာအောင် ခြောက်လှန့်နေပြီး နောက်တော့ ပျောက်သွားလေသည်။ အချိန်အတော်ကြာသည်အထိ စောင့်ကြည့်နေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ရတော့ပေ။

ဦးမင်းဒင်သည် အိပ်ယာပေါ် ပက်လက်လှန်ရင်း တစ်ယောက်တည်း စဉ်းစားနေသည်။

"ဒါတွေက ဘယ်လိုဖြစ်တာလဲ၊ မိစ္ဆာမျက်လုံးလို့ခေါ်တဲ့ ဆေးရွက်နဲ့ ဖော်စပ်ထားတဲ့ဆေးကိုစားမိမှ အခုလိုပုံမှန်မဟုတ်တဲ့ မကောင်းဆိုးဝါးတွေကို မြင်ရတာယ်၊ အခု ဘာကြောင့် ဒီလို ကြောက်စရာကောင်းတဲ့ မိစ္ဆာမျက်နှာတွေကိုပါ မြင်နေရတာလဲ"

တကယ်တော့ မိစ္ဆာမျက်လုံးဟု အမည်ပေးထားသော သစ်ရွက်တစ်မျိုးနှင့် ဖော်စပ်ထားသောဆေးမှာ ဦးမင်းဒင်ထံတွင် ရှိလေသည်။

မောင်းတောနယ်ဘက်သို့ ခရီးထွက်ရင်း ဆာဒူးတစ်ယောက်နှင့်တွေ့ပြီး ရလာခြင်း ဖြစ်သည်။

ထိုဆေးကိုသောက်ပါက ညအချိန်ရောက်လာသောအခါ ပုံမှန်မဟုတ်သော မိစ္ဆာမျက်နှာများကိုတွေ့ရသည်။ အကယ်၍ များများသောက်မိပါက ထိုမိစ္ဆာများမှာ မိမိအနားသို့ ရောက်လာကြကာ အသက်သေလောက်သည်အထိ ခြောက်လှန့်တတ်ကြလေသည်။

မေရီကျော်တစ်ယောက် သရဲခြောက်ခံရသဖြင့် ကယောင်ချောက်ချားဖြစ်၍ အိပ်မရပဲဖြစ်နေစဉ်က ဦးမင်းဒင်ကိုယ်တိုင် ထိုဆေးကို သူမအား ပေးခဲ့လေသည်။

"ဒီဆေးမျိုးက လူတိုင်းမှာမရှိနိုင်ပါဘူး၊ ဘာကြောင့်





ဒီမိစ္ဆာမျက်နှာတွေကို ငါမြင်နေရတာလဲ"

ဟု တွေးတောနေသည်။

နောက်တစ်နေ့ရောက်တော့ သမီးဖြစ်သူ ခင်မျိုးသွယ်ကိုခေါ်ပြီး တိုးတိုးတိတ်တိတ်ပြောပြရသည်။

"ခင်မျိုးသွယ် ညအချိန်ရောက်လာလျှင် မိစ္ဆာမျက်နှာမျိုးရှိတဲ့ လင်းနို့ကြီးတွေ ရောက်လာပြီး ခြောက်လှန့်နေကြတယ်"

"ဟုတ်တယ် အဖေ၊ ကျွန်မအခန်းအပြင်ဘက်က လာခြောက်နေတာ တွေ့ရတယ်၊ ဒါ့အပြင် သေသွားကြတဲ့ ကိုကျော့ဝေနဲ့ မေရီကျော်တို့ကိုလည်း တွေ့ရတယ်၊ သူတို့ကလည်း ဝိညာဉ်ဘဝရောက်တာတောင် မကျေမနပ်ဖြစ်ပြီး ပြန်ကလဲ့စားချေချင်နေကြပုံရတယ်"

ဦးမင်းဒင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

ခင်မျိုးသွယ်က ဆက်ပြောသည်။

"အခုဆိုရင် ကျွန်မတို့ သားအဖနှစ်ယောက်ပဲ ကျန်တော့တယ်၊ အရင်က ထွန်းအောင်ခိုင်ရှိတုန်းက အားကိုးရသေးတယ်၊ အခု ဘယ်လိုဆက်လုပ်ကြမလဲဟင်"

"ဒီလိုပဲ အခြေအနေစောင့်ကြည့်ရမှာပဲ ငါတို့ဘက်က ဒီလောက်တောင်ဆုံးရှုံးသွားပြီးမှတော့ ဘယ်နည်းနဲ့မှ လက်လျှော့ပေးလို့ မဖြစ်တော့ဘူး"

ခင်မျိုးသွယ်က ဖခင်ဖြစ်သူကို မော့ကြည့်နေသည်။ ဦးမင်းဒင်က ဆေးပြင်းလိပ်ကို မီးညှိဖွာနေရင်းမှ လေသံတိုးတိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ဒီအိမ်ကြီးနဲ့ ငါ့အစ်ကိုပိုင်ဆိုင်တဲ့ ပစ္စည်းတွေကဘယ်လိုပဲဖြစ်ဖြစ် ခင်မျိုးနွယ်မရှိတော့ရင် ငါတို့ပဲ အားလုံးရမှာ၊ ဒီတော့ အရေးကြီးတာက မူလစီစဉ်ထားတဲ့အတိုင်း ခင်မျိုးသွယ်ကိုသုတ်သင်ပစ်ဖို့ အရေးကြီးတယ်"

"ဒါပေမယ့် ဘုရင်ကလောက်တော့ လွယ်မယ်မထင်ဘူး၊ ရန်ကုန်ကပါလာတဲ့ သူနဲ့ စေ့စပ်ထားတယ်ဆိုတဲ့လူက ဟိုဘက်အိမ်မှာ နေတယ်သာဆိုပေမယ့် တစ်ချိန်လုံး ကျွန်မတို့ကိုစောင့်ကြည့်နေသလိုပဲ သူ့ကြည့်ရတာသာမန်ဟုတ်ပုံမရဘူး"

"နင်က ဘယ်လိုထင်လို့လဲ"

"ဘကြီးက ကျွန်မတို့ အကြံအစည်တွေကို ရိပ်မိလို့ ရန်ကုန်က စုံထောက်များ ခေါ်လာသလားမသိဘူး"

"ငါ့အစ်ကိုအကြောင်း ငါသိပါတယ်၊ ဒီလိုတော့လုပ်မယ်မထင်ဘူး၊ ဒီမှာ ငါပြောမယ်၊ သူ ဘာပဲဖြစ်ဖြစ် အရေးစိုက်စရာမလိုဘူး၊ သူက အပြင်လူ၊ ငါတို့က အတွင်းလူပဲ၊ ဒီတော့ ကိုယ့်အကြံဦးဖို့သာ အရေးကြီးတယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"နင်က ခါတိုင်းလိုမနေနဲ့၊ ခင်မျိုးသွယ်နဲ့ ရင်းနှီးအောင်ပြန်နေရမယ်၊ အဲဒီလိုနေလို့ ရပြီဆိုရင် ငါ ကြံစည်မယ်"

ဟု ဦးမင်းဒင်က ရင်းကြံစည်ထားသော အကြံအစည်များကို တိုးတိုးတိတ်တိတ်ပြောပြလေသည်။

☺ အောင်မြင်စာပေ ☺



ထိုအခိုက်မှာပင် ပိတ်ထားသော ပြတင်းတံခါးပေါက်က သူ့အလိုအလျောက် 'ဝုန်း'ခနဲ ပွင့်သွားပြီး လေပြင်းတစ်ချက်တိုးဝင်လာသည်။ ထိုကဲ့သို့လေတိုက်သဖြင့် အခန်းထောင့်တွင်တင်ထားသော ပန်းအိုးတစ်လုံးမှာ ပြုတ်ကျလာလေရာ ထိုနေရာနှင့်ခန်းမဝေးမှာရှိနေသော ဦးမင်းဒင်ပေါ်သို့ ရောက်လာလေသည်။

ဦးမင်းဒင်မှာ ပန်းအိုးပြုတ်ကျလာသည်ကို မြင်သဖြင့်ရှောင်ပေးလိုက်သော်လည်း မလွတ်တော့ပေ။

ကြွေဖြင့်ဖြင့် ပြုလုပ်ထားသော ပန်းအိုးကြီးက သူ့ပုခုံးပေါ် ထိုးကျလေသည်။

"ဝုန်း. ." "ခွမ်း. ." "အား. ."

လဲကျသံ၊ ပန်းအိုးကွဲသံ၊ အော်သံများက တပြိုင်နက်တည်း ပေါ်နေလေသည်။

ဦးမင်းဒင်ပုခုံးမှာ ပန်းအိုးဖြင့် ထိမိသောကြောင့် ဒဏ်ရာရကာ သွေးများကျလာလေသည်။

"ဟဲ့. . နင် ဘာကြည့်နေတာလဲ၊ ငါ့မှာ ဒဏ်ရာရသွားပြီ၊ လာကြည့်ပေးဦးလေ"

ထိုသို့ပြောသော်လည်း ခင်မျိုးသွယ်က ချက်ချင်းရောက်လာပေ။

"အဖေ ဟိုပြတင်းပေါက်မှာ"

"ဘာတွေ့လို့လဲ"

ဦးမင်းဒင် လှည့်ကြည့်လိုက်တော့ ပိတ်ထားသော မှန်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တံခါးချပ်နားမှ ရိုပ်ခနဲ ဖြတ်သွားသော ပုံရိပ်သဏ္ဍာန်တစ်ခုကို သာ မြင်လိုက်ရသည်။ သဲသဲကွဲကွဲတော့ မဟုတ်ပေ။

"ဘာလဲ"

"စောစောက မျက်နှာတစ်ခုတွေ့လိုက်ရတယ်"

"ဘယ်သူ့မျက်နှာလဲ"

"ဒေါ်ခိုင်ဦးရဲ့ မျက်နှာ"

"ဟင် . ."

ဦးမင်းဒင်က အထိတ်တလန့် ရှေရှုတ်ရင်း နောက်တစ်ခါလှည့်ကြည့်တော့မှ ဘာမှမတွေ့ရတော့ပေ။

ဒေါ်ခိုင်ဦးမှာ ခင်မျိုးနွယ်၏ မိခင်ဖြစ်ပြီး သေဆုံးသွားခဲ့သည်မှာ မကြာလှသေးပေ။

နောက်တော့ ခင်မျိုးသွယ်က ဦးမင်းဒင်ပုခုံးမှ ဒဏ်ရာကိုဆေးထည့်ပေးလေသည်။

နောက်ပိုင်းရက်များမှာတော့ ခင်မျိုးသွယ်မှာ ခါတိုင်းလိုမဟုတ်တော့ပဲ အပေါ်ထပ်သို့ တက်ကာ ခင်မျိုးနွယ်နှင့် ရင်းနှီးခင်မင်စွာနေသည်။ ခင်မျိုးနွယ်က အောက်ထပ်သို့ ဆင်းလေ့သိပ်မရှိပဲ အပေါ်ထပ်အခန်းထဲမှာပင် အဖော်မိန်းကလေးတစ်ဦးနှင့်နေသည်။

ခင်မျိုးနွယ်နှင့် ခင်မျိုးသွယ်တို့မှာ ညီအစ်မဝမ်းကွဲ တော်စပ်လေသည်။

"ငါ့ညီမနဲ့ ငါနဲ့လည်း တစ်အိမ်ထဲမှာအတူနေပြီး မတွေ့





ရတာတောင် အတော်ကြာနေပြီ၊ မမမှာလည်း ကိုယ့်အပူတွေနဲ့ များနေတာဆိုတော့ . ."

ခင်မျိုးသွယ်က စကားပြောရင်း ရစ်ဝဲလာသော မျက်ရည်စတို့ကို ပုဝါစဖြင့် တို့သုပ်ပစ်လိုက်သည်။

"ကျွန်မလည်းဖေဖေမရှိတဲ့ ရက်တွေဆိုရင် အောက်ထပ်တောင်မဆင်းဖြစ်ပါဘူး၊ ကိုကျော့ဝေအတွက်လည်း စိတ်မကောင်းပါဘူး၊ ဒါထက် ထွန်းအောင်ခိုင်သတင်းရော ဘာကြားသေးလဲဟင်"

"ခုထိတော့ ဘာမှသတင်းမကြားရသေးပါဘူး၊ ငါ့ညီမရယ်၊ ဒီလောက်ကြာမှတော့ လူ့လောကမှာတောင် အသက်ရှင်ရက်နဲ့ ရှိပါသေးရဲ့လား မသိဘူး"

"ဒီလောက်လည်း စိတ်မလျှော့ပါနဲ့မမရယ်၊ သေကံမရောက်ရင်တော့ ပြန်ရောက်လာမှာပါ"

"ကံတရားပေ့ါကွာ၊ ဒါထက် ဟိုဘက်အိမ်မှာ ရောက်နေတဲ့သူက ငါ့ညီမနဲ့ လူကြီးချင်းသဘောတူထားကြတဲ့သူ မဟုတ်လား"

ခင်မျိုးနွယ်က ဟန်မပျက်ခေါင်းညိတ်ပြသည်။

"သူ့ကြည့်ရတာတစ်မျိုးပဲ ဒီဘက်အိမ်ကိုတောင် အသွားအလာ သိပ်မလုပ်ဘူး"

"သူက အေးအေးပဲ နေတတ်လို့ ဖြစ်မှာပါ"

"ဒါဖြင့် ဒီကိုဘာအတွက် လိုက်လာတာလည်းဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက သူ့အလုပ်ကိစ္စတွေအတွက် ခေါ်ဝေါ်တာလို့တော့ ပြောသံကြားတယ်၊ ကျွန်မလည်း သေသေချာချာတောင် မသိပါဘူး"

"ငါ့ညီမလေးကတော့ တစ်မျိုးပါပဲ၊ ကိုယ်နဲ့ လက်ထပ်တော့မယ့် ယောကျ်ားတစ်ယောက် ရှိနေတာတောင် ရင်းရင်းနှီးနှီးမနေတတ်ဘူး"

ခင်မျိုးနွယ်က ဘာမှပြန်မပြောပဲ ပြုံးနေလေသည်။

"ဘာပဲဖြစ်ဖြစ် ငါ့ညီမက ကံကောင်းပါတယ်၊ ငါတို့မိသားစုမှာသာ တစ်မျိုးပြီးတစ်မျိုး အန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ရတယ်"

"ဒီလောက်လည်း အားမငယ်ပါနဲ့ မမရယ်၊ လိုတာရှိရင်လည်း ကျွန်မကိုပြောပါ၊ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ အခုတော့ မမတို့သားအဖနှစ်ယောက်မှာ ငါ့ညီမတို့ပဲ အားကိုးစရာရှိပါတော့တယ်"

ဟု မျက်ရည်အဝိုင်းသားနှင့် သနားစဖွယ်ပြောဆိုပြီး အခန်းတွင်းမှ ပြန်ထွက်သွားလေသည်။

နောက်ပိုင်းရက်များမှာလည်း မကြာခဏ ဆိုသလို အခန်းထဲရောက်လာပြီး စကားပြောခြင်း၊ အစားအသောက်များကိုယ်တိုင်လာပို့ပေးခြင်းများ ပြုလုပ်ပေးလေသည်။





တစ်ညနေမှာတော့ ခင်မျိုးသွယ်ရှိသော အခန်းတွင်းသို့ ခင်မျိုးသွယ်ရောက်လာလေသည်။

သူမရောက်လာသောအချိန်တွင် အဖော်အဖြစ်နေပေးသော မိန်းကလေးက ထိုအခန်းထဲမှာမရှိပဲ အောက်ထပ်ရောက်နေလေသည်။

ခင်မျိုးသွယ်လက်ထဲမှာ မှိုဖြင့်ချက်ပြုတ်ထားသော ဟင်းတစ်မျိုး ပေါ်လာသည်။

"ဘာတွေလည်းမမ"

"ငါ့ညီမက မှိုသိပ်ကြိုက်တယ်ဆိုတာ မမသိတယ်၊ နေ့လည်က အလုပ်သမားတစ်ယောက်က ကောက်ရိုးမှိုတွေ ရလာလို့ လာပို့ပေးသွားတယ်၊ ဒါကြောင့် ငါ့ညီမအတွက် ဟင်းချက်ပြီးလာပို့ပေးတာပါ"

"ကျေးဇူးတင်ပါတယ်မမရယ်၊ ညစာထမင်းစားတော့ ကျွန်မစားပါ့မယ်"

ဟု ပြန်ပြောသဖြင့် မှိုဖြင့်ချက်ထားသော ဟင်းကို စားပွဲပေါ်တင်ပေးထားခဲ့ပြီး အခန်းထဲမှပြန်ထွက်သွားသည်။ အခန်းပေါက်ဝရောက်တော့မှ ပြန်လှည့်ပြီးထပ်ပြောသေးသည်။

"အော် . . . ဒီဟင်းက နည်းနေလို့ ငါ့ညီမတစ်ယောက်အတွက်ပဲလာပို့ပေးတာ၊ ဘယ်သူ့မှမကျွေးနဲ့နော်"

ခင်မျိုးနွယ်က ခေါင်းညိတ်ပြလိုက်သည်။

နောက်တော့ အဖော်မိန်းကလေး ပြန်ရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ညစာပြင်ဆင်ပေးသည်။

"မမလေးစားပွဲပေါ်မှာ မှိုဟင်းတစ်ကန်းကန် ရှိနေတယ်၊ ပြင်ပေးရမလား"

"အေး . . အေး . . ပြင်ထားလိုက်"

ထိုသို့ပြောပြီး အဝတ်အစားလဲရန် အခန်းတွင်းဝင်သွားလေသည်။

အိမ်ဖော်မိန်းကလေးက ထမင်းဟင်းများကို ပြင်နေရင်းမှ မှိုဟင်းပန်းကန်ကိုကောက်ယူလိုက်သည်။

ထိုပန်းကန်လက်ထဲရောက်လာသည်နှင့် နံဘေးမှာ ရပ်ကြည့်နေသူ တစ်ဦးဦးက သူ့လက်ကို ရိုက်ချလိုက်သကဲ့သို့ ဖြစ်သွားကာ မှိုဟင်းပန်းကန်မှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေတော့သည်။

"ခွမ်း . ."

ထိုအသံကြားသဖြင့် ခင်မျိုးနွယ်က ချက်ချင်းအခန်းတွင်းမှပြန်ထွက်လာသည်။

"ဘာဖြစ်တာလဲ မိဖြူ"

ကြည့်လိုက်တော့ မှိုဟင်းထည့်ယူလာသော ပန်းကန်က အစိပ်စိပ်အမွှာအမွှာ ကွဲနေပြီး မှိုဟင်းများက ကြမ်းပြင်ပေါ်ပြန့်ကျဲနေလေသည်။

မိဖြူဆိုသော မိန်းကလေးက များစွာ ထိတ်လန့်ကြောက်ရွံ့သော အမူအယာဖြင့် နံရံမှာ ကပ်ပြီးရပ်နေသည်။





"နင် ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်မဟင်းပန်းကန်ကောက်ယူလိုက်တော့ နံဘေးမှာ ရပ်နေတဲ့ လူတစ်ယောက်က ကျွန်မလက်ကို ရိုက်ချလိုက်တယ် မမလေး"

"ဟင် . ."

ခင်မျိုးနွယ်က အခန်းထဲကို တစ်ချက်ကြည့်လိုက်တော့ ဘာမှမတွေ့ရပေ။

ပထမတော့ စိတ်ထဲမှာ တစ်မျိုး ထင်သွားမိသေးသည်။

နောက်မှ တစ်စုံတစ်ခုကိုသတိရသဖြင့် ဘာမှထွေထွေထူးထူး ထပ်မပြောတော့ပေ။

"ကဲ . . ကဲ . . ငါလည်းညစာ မစားတော့ပါဘူး၊ ကြမ်းပြင်ပေါ်ကျနေတဲ့ ဟင်းတွေကိုသာ အစအနမကျန်အောင် သုတ်သင်ပြီး တစ်နေရာမှာ သွားပစ်လိုက်"

"ဟုတ် . . ဟုတ်ကဲ့"

ခင်မျိုးနွယ် စိတ်ထဲမှာ ချက်ချင်းဆိုသလို မိခင်ဖြစ်သူကို သတိရနေမိသည်။ ညအချိန်ရောက်တော့ မေးခနဲ အိပ်ပျော်သွားစဉ် အဖွေးဓါတ်တစ်ခုနှင့် ထိလိုက်သကဲ့သို့ဖြစ်ကာ ပြန်နိုးလာသည်။

ကြည့်လိုက်တော့ ကုတင်နံဘေးမှာ ရပ်နေသော အဖြူရောင် ပုံရိပ်သဏ္ဌာန်ကို မြင်ရသည်။

သူမအနေဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် မိခင်၏ ဝိညာဉ်ပုံရိပ်ဖြစ်မှန်း စိတ်ထဲမှသိနေသောကြောင့် ဖြစ်သည်။

အဖြူရောင်ပုံရိပ်က အခန်းတစ်နေရာမှာ ချထားသော စားပွဲရှိရာသို့ လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်ရာ ထိုစားပွဲတွင် ထမင်းစားနေသူတစ်ယောက်ကို တွေ့နေရသည်။

အခြားသူ မဟုတ်ပေ။

သူကိုယ်တိုင်ပင်ဖြစ်၏။ သူမသည် ခင်မျိုးသွယ်လာပို့ပေးထားသော မှိုဟင်းများကို ဇွန်းဖြင့် ခပ်ယူပြီး စားလိုက်ရာ ခဏကြာတော့ ကြမ်းပြင်ပေါ်သို့ လဲကျသွားကာ ခဏကြာတော့ သေဆုံးသွားသည်ကို မြင်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

နောက်မြင်ကွင်းတစ်ခုကတော့ မိဖြူက ဟင်းပန်းကန်ကိုကောက်ယူလိုက်စဉ် နံဘေးမှာရပ်နေသော ဝိညာဉ်ပုံရိပ်တစ်ခုက ဟင်းပန်းကန်အား ပုတ်ချလိုက်သည်ကိုပါ ဝိုးတဝါး မြင်နေရသည်။

ထိုမြင်ကွင်းများ ကွယ်ပျောက်သွားပြီးသည်နှင့် ကုတင်နံဘေး၌ရပ်နေသော ပုံရိပ်သဏ္ဍာန်လည်း တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။







အခန်း [၁၀]

ရင်ခွင်ပရာ

အကျွေးပဂေလေးများ

တစ်နေ့ ညနေပိုင်းအချိန်ရောက်တော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် နရဏီသိန်စံအိမ်ကြီးသို့ ရောက်လာလေသည်။

သူရောက်လာတော့ အောက်ထပ်တွင်စောင့်နေတတ်သော ခင်မျိုးနွယ်နှင့် တွေ့ရသည်။ သူမသည် တနင်္ဂ... ဖီးလိမ်းပြင်ဆင်ထားသောကြောင့် ချောမောလှပနေသည်။

www.burmeseclassic.com



"ခင်မျိုးနွယ် ကျွန်တော့်ကိုမှာတာ ကိစ္စရှိလို့များလား"

"ကျွန်မကမ်းခြေဘက် ခဏလောက်သွားချင်လို့ပါ၊ ကိုမင်းထင်ကျော်အားရင် လိုက်ပို့ပေးနိုင်မလား"

"ရပါတယ်၊ ကျွန်တော်လည်း ဒီရောက်နေတာအတော်ကြာသွားတာတောင် တစ်ခေါက်မှမရောက်ဖြစ်သေးဘူး"

ထိုသို့ပြောပြီး နှစ်ယောက်သား ဂျစ်ကားဖြင့် ထွက်လာကြသည်။ ဒေါက်တာမင်းထင်ကျော်က ကားမောင်းပြီး ခင်မျိုးနွယ်က နံဘေးမှထိုင်လိုက်လာသည်။

ကမ်းခြေတစ်လျှောက်မှာ ယခုမျက်မှောက်ကာလတွင် တွေ့ရသော မြင်ကွင်းများနှင့်မတူပဲ သဘာဝအတိုင်းသာ ရှိပေသေးသည်။ ပင်လယ်ပြင်မှ ပြေးတက်လာသော လှိုင်းလုံးကြီးများက ကမ်းခြေတစ်လျှောက်တွင် တဝုန်းဝုန်းနှင့် ပြေးတက်ရိုက်ခတ်နေကြသည်။ ကမ်းခြေတစ်လျှောက်မှာတော့ ကျောက်တုံးကျောက်ခဲများနှင့် နုံးမြေတို့သာ ရှိကြသည်။

ပင်လယ်ပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော ပင်လယ်လေက ဆားငွေ့ ဆားနံ့များကို သယ်ဆောင်လျက် တဝူးဝူးဖြင့် စဉ်ဆက်မပြတ် တိုက်ခတ်နေလေသည်။

ကမ်းခြေတစ်လျှောက်တွင် လူနေအဆောက်အအုံများ မရှိသောကြောင့် လေကောင်းလေသန့်များ ရနေသည်။ ဒေါက်တာမင်းထင်ကျော်မှာ ရန်ကုန်မြို့လို လူနေအိမ်ခြေများသော နေရာတွင် နေရသူဖြစ်သဖြင့် ယခုလိုလွတ်လပ်သော ပင်လယ်





ကမ်းခြေနေရာမျိုးသို့ ရောက်နေရခြင်းအတွက် များစွာစိတ်လွတ်လပ်မှု ရရှိလေသည်။

ထိုနေရာရောက်တော့ ခင်မျိုးနွယ်က မနေ့က ကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်သည်။ စကားဆုံးတော့မှ ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချသည်။

"ခင်မျိုးနွယ်မိခင်က သမီးသံယောဇဉ်ကြောင့် ဒီအိမ်ကြီးမှာပဲ ရှိနေသေးတာ ဖြစ်မှာပါ"

"ဝိညာဉ်ဘဝ ကူးပြောင်းသွားတဲ့သူတွေက ဒီလိုပဲ နေကြသလားဟင်၊ ဝိညာဉ်တွေနဲ့ပတ်သက်ပြီး ကိုမင်းထင်ကျော် သိသမျှပြောပြပေးပါ"

"ဝိညာဉ်ဆိုတာ ရုပ်ခန္ဓာမရှိသေးတဲ့ အရာတစ်ခုပါပဲ၊ လူတစ်ယောက် အသက်ရှင်နေတယ်ဆိုတာ ရုပ်နဲ့ ဝိညာဉ်လို့ ခေါ်တဲ့ အသက်နဲ့တွဲနေမှ အသက်ရှင်နေနိုင်တာပါ၊ တခြားစီဖြစ်သွားရင်တော့ သေတာပါပဲ၊ ရုပ်ခန္ဓာထဲက ဝိညာဉ်ခွဲထွက်သွားရင် သေတယ်လို့ ခေါ်လို့ရပါတယ်"

ခင်မျိုးနွယ် စိတ်ဝင်စားစွာဖြင့် ခေါင်းညိတ်ပြသည်။

"ခန္ဓာကိုယ်ထဲက ဝိညာဉ်ခွဲထွက်တယ်ဆိုတာ နှစ်မျိုးပဲရှိပါတယ်"

"ဘယ်လိုမျိုးတွေလည်းဟင်"

"တစ်မျိုးက အိပ်ပျော်သွားတဲ့အချိန်မှာ ခွဲထွက်သွားတာနဲ့ နောက်တစ်မျိုးက အသက်သေဆုံးသွားတဲ့ အခါမျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခွဲထွက်သွားတာမျိုးပါ"

"ဒါဖြင့် အိပ်ပျော်နေတုန်း ဝိညာဉ်အပြင်ရောက်သွားပြီး ဘာကြောင့်အသက်မသေတာလည်းဟင်"

"သေဆုံးသွားတဲ့အခါ ခန္ဓာကိုယ်နဲ့ ဝိညာဉ်နဲ့ ဆက်သွယ်ထားတဲ့ ငွေကြိုးလို့ခေါ်တဲ့ ဝိညာဉ်ကြိုးက ပြတ်တောက်သွားတယ်၊ ဒါကြောင့် အသက်မရှင်တော့တာပါ၊ အိပ်ပျော်သွားလို့ ခန္ဓာကိုယ်ထဲက ဝိညာဉ်က အပြင်ထွက်သွားပေမယ့် ဝိညာဉ်ကြိုးက ဆက်သွယ်ထားတော့ အချိန်တန်ရင် ကိုယ်ခန္ဓာထဲ ပြန်ရောက်လာပြီး အသက်ပြန်ရှင်လာတာပါပဲ"

"စိတ်ဝင်စားစရာပဲ"

"ရောဂါတစ်ခုခုကြောင့်သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာ တစ်ခုခုကြောင့် သတိမေ့နေကြတဲ့ သူတွေလည်း တစ်ခါတစ်ရံ ဝိညာဉ်က အပြင်ရောက်နေတတ်ပါတယ်၊ ဒါပေမယ့် အသက်မသေသေးဘူးဆိုရင်တော့ ခန္ဓာကိုယ်ထဲကိုပြန်ရောက်လာကြပါတယ်၊ တချို့ ဝိညာဉ်တွေ ကျတော့လည်း အသက်သေသွားတာဝိညာဉ်ကြိုး ပြတ်သွားတာမသိကြလို့ မိမိရဲ့ ခန္ဓာကိုယ်ဟောင်းအတွင်းကို အတင်းပြန်ဝင်ဖို့ ကြိုးစားကြတာမျိုးတွေလည်း ရှိပါတယ်"

"သနားစရာပဲနော်"

ခန္ဓာကိုယ်သည် တစ်စုံတစ်ခုသော ရောဂါကြောင့်သော်လည်းကောင်း၊ ထိခိုက်မှု တစ်ခုခုကြောင့်သော်လည်းကောင်း၊





ပျက်စီးသွားသဖြင့် အသက်သေသွားသည်။

အသက်သေဆုံးခြင်းမှာ နှလုံးအစရှိသော ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးသွားသဖြင့် ရပ်တံ့သွားခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ပျက်စီးသွားပါက သွေးလည်ပတ်မှုလည်း ရပ်တံ့သွားလေသည်။ သွေးလည်ပတ်မှု ရပ်တံ့သွားခြင်း၊ နှလုံးလှုပ်ရှားမှု ရပ်တံ့သွားခြင်းမှာ အသက်သေဆုံးခြင်းပင်ဖြစ်သည်။

အသက်သေဆုံးသွားသောအခါ ကိုယ်ခန္ဓာမှာ ပျက်စီးလာလေတော့သည်။ ထိုကဲ့သို့ ကိုယ်ခန္ဓာ သေဆုံးသွားခြင်းကို အပြင်ရောက်နေသော ဝိညာဉ်က မသိရှာပေ။

အဘယ်ကြောင့်ဆိုသော်. .

ဝိညာဉ်များတွင် သေဆုံးခြင်း ရပ်တံ့ခြင်း၊ နိဂုံးချုပ်ခြင်းတို့ မရှိသောကြောင့် ဖြစ်သည်။

သက်ဆိုင်ရာ ကိုယ်ခန္ဓာ ပျက်စီးသွားပါက အခြားနေရာသို့ ရောက်သွားကာ ဝိညာဉ်ဘဝနှင့် အချိန်ကြာမြင့်စွာ နေ၍သော်လည်းကောင်း၊ အခြားဘုံဘဝ(အထက်ဘုံ၊ အောက်ဘုံစသော ၃၁ဘုံသား)တစ်ခုခုသို့ရောက်သွားပြီး အခြား ရုပ်ခန္ဓာတစ်ခုခုနှင့် ဆက်လက်ရှင်သန်ခွင့် ရလေသည်။

ဒီနေရာမှာတော့ ပြောစရာတွေ အများကြီးရှိပေလိမ့်မည်။ ယုံကြည်လက်ခံသော ဘာသာတရားအလိုက် ဘုံဘဝဖို့မှာလည်း ကွာခြားမှုရှိသည်။

ယေဘုယျတော့ ကောင်းမှုပြုလုပ်သူသည် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သောဘုံဘဝသို့ ရောက်နိုင်ပြီး၊ မကောင်းမှု ပြုလုပ်သော သူတို့သည် မကောင်းသောဘုံ(ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်စသော အပါယ်လေးဘုံ)ဘဝများသို့ ကူးပြောင်းရောက်ရှိနိုင်သည်ဟု လက်ခံယုံကြည်ထားကြသည်။

အချို့လည်းကံကောင်းထောက်မစွာဖြင့် လူ့ဘဝသို့ ပြန်လည်ရောက်ရှိလာပြီး လူဝင်စားများ ဖြစ်လာကြသည်မှုလည်း အများအပြားတွေ့ရသည်။

ထိုကဲ့သို့ ဘဝကူးပြောင်းမှုများ ရှိကြသော်လည်း ဝိညာဉ်များကတော့ ဘဝဟောင်းမှ ရုပ်ခန္ဓာကို တပ်မက်မှုရှိ ကြသည်။ ထိုရုပ်ခန္ဓာဟောင်းကို မီးရှို့၊ မြေမြှုပ်၊ ဖျက်ဆီးမှု မပြုလုပ်မချင်း ရှိနေသမျှ ထိုပတ်ဝန်းကျင်၌သာ ရှိနေကြသည်။

အချို့ဝိညာဉ်များမှာ အလည်လွန်သောကလေးကို မိဘများက အိမ်ထဲဝင်ခွင့်မပေးပဲ အပြင်မှာထားသကဲ့သို့ ဝမ်းနည်းကြေကွဲမှုများ ရှိကြသည်။

(မကြာသေးမီက ထိုင်းနိုင်ငံတွင် သေဆုံးနေတာ ကြာသဖြင့် ရုပ်ပျက်နေသော အလောင်းကို ရဲများက ဓါတ်ပုံရိုက်ရာ မနီးမဝေးရှိ အုတ်တံတိုင်းပေါ်တွင် ထိုင်လျက်အလောင်းကို ငုံ့ကြည့်နေသော လူတစ်ယောက်ပုံ ပါလာသည်။ ထိုဝိညာဉ်ကို မြင်တော့မှ သေသူမှာ ဘယ်သူဘယ်ဝါမှန်းသိရပြီး စုံစမ်းဖော်ထုတ်ရာ လူသတ်သမားကို ဖမ်းမိသောအဖြစ်အပျက်ရှိလေသည်။ အလောင်းမှာ ပုပ်ပွလျက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေရာ





အတွက်၍ ဝိညာဉ်ပုံရိပ်သာ မတွေ့ပါက လူသတ်မှုကိုဖော်ထုတ်နိုင်ဖို့ ခက်ခဲကြပေလိမ့်မည်)

ထိုကဲ့သို့ပင် မြန်မာနိုင်ငံမှာသာ့မက ကမ္ဘာ့နေရာ အသီးသီးမှာလည်း သေဆုံးသွားပြီးမှသေသူ၏ဝိညာဉ်က ပူးကပ်ပြီး အဖြစ်အပျက်ကို လာရောက်ပြောပြသဖြင့် တရားခံကိုဖမ်းမိသော အဖြစ်အပျက်များစွာ ရှိပေသည်။

သေသူက အလောင်းဘယ်နေရာမှာ ဝှက်ထားသည်ဟု လာရောက်ပြောပြခြင်းများ သူ့ကိုဘယ်ပုံဘယ်နည်း ကြံစည်သတ်ဖြတ်ခဲ့ခြင်းများ၊ လူသတ်သမားမှာ ဘယ်သူဘယ်ဝါ ဖြစ်သည်ကို နာမည်နှင့်တကွ ပြောပြခြင်းများ ရှိပေသည်။

ဝိညာဉ်ကပြောသဖြင့် တရားခံကိုအပြစ်ပေးရန် မဖြစ်သော်လည်း အခြားသဲလွန်စ အထောက်အထားများရခြင်း၊ တရားခံက မကွယ်ဝှက်ဝံ့တော့သဖြင့် ထုတ်ဖော်ဝန်ခံသောကြောင့် အမှုမှန်ပေါ်ပေါက်ပြီး အပြစ်ပေးရခြင်းများလည်း ရှိကြလေသည်။

ဝိညာဉ်များမှာ မိမိ၏ ရုပ်ခန္ဓာဟောင်းကို တပ်မက်မှုများရှိကြသလို နေရာဟောင်းများကိုလည်း စွဲလမ်းတပ်မက်မှု ရှိကြသည်။

ငွေနှင့် ပတ်သက်ခဲ့သော မိဘဆွေမျိုးသားချင်း၊ သားသမီးဇနီးခင်ပွန်း၊ မိတ်ဆွေသင်္ဂဟတို့ အပေါ်မှာလည်း စွဲလမ်းမှုများ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ရုပ်ခန္ဓာ မရှိတော့သော်လည်း ထိုနေရာများ၌သာ ရှိနေတတ်ကြသည်။

သတိရစေလို၍သော်လည်းကောင်း၊ ကုသိုလ်ကောင်းမှု ပြုပေးစေ၍သော်လည်းကောင်း အမျှအတန်း အလိုရှိ၍သော်လည်းကောင်း၊ အစားအသောက်အဝတ်အထည်နှင့် နေရာထိုင်ခင်းများ အလိုရှိသဖြင့် သက်ဆိုင်သူများကို သတိပေးတတ်ကြသည်။

သတိပေးခြင်းခံရသူက မသိသဖြင့် သရဲခြောက်သည်ဟု သတ်မှတ်ကာ ထိတ်လန့်ကြောက်လန့်ကြသည်။

အချို့ဝိညာဉ်များကတော့ လူ့ဘဝက သို့ဝှက်မြှုပ်နှံထားသော ရွှေငွေရတနာ၊ ဥစ္စာပစ္စည်းများကို စွဲလန်းမှုကြောင့် အဝေးမသွားနိုင်ပဲ(မကျွတ်မလွတ်သော ဘဝမျိုး) ထိုနေရာမှာပင် နေကြသည်။ ပေးချင်သူများကိုပြောပြသော်လည်း သရဲခြောက်သည်ဟု ထင်သဖြင့် ကြောက်လန့်ပြီး ထိုနေရာသို့ပင် နောက်ထပ် မလာကြဝံ့တော့ပေ။

ဒေါက်တာမင်းထင်ကျော်က ဝိညာဉ်နှင့်ပတ်သက်သည့် အကြောင်းအရာအချို့ကို အတိုချုပ်ပြီး ပြောပြလိုက်ခြင်း ဖြစ်ပေသည်။

"ကိုမင်းထင်ကျော်က ဝိညာဉ်နဲ့ ပတ်သက်ပြီးတော့ အတော်ကလေး လေ့လာထားတာပဲ၊ အခုပြောတာတွေကို ကျွန်မ စိတ်ဝင်စားပါတယ်၊ ဒါထက် ဒီရောက်လာတော့ ဝိညာဉ်တွေနဲ့





တွေ့ရသေးသလားဟင်"

"ကျွန်တော်နေတဲ့ ဟိုဘက်အိမ်မှာ အရင်ကတည်းက ကျွတ်မလွတ်သေးတဲ့ ပရလောကသားတွေ အများကြီး ရှိကြပါတယ်၊ သူတို့နဲ့လည်း တွေ့ရပါတယ်"

"ကိုမင်းထင်ကျော် မကြောက်ဖူးလားဟင်"

"တကယ်တော့ ဝိညာဉ်ဘဝရောက်နေကြတဲ့ သူတွေဟာ ကြောက်စရာကောင်းတယ်ဆိုတာထက် သနားစရာ ပိုကောင်းကြပါတယ်"

"ဒါဖြင့် ကျွန်မမေမေလည်း ဒီလိုဘဝမျိုး ရောက်နေရတာပေါ့နော်"

"ဒီလိုရောက်နေရတာကလည်း ခင်မျိုးနွယ်ကိုထားရှိတဲ့ သံယောဇဉ်ကြောင့် စောင့်ရှောက်ပေးနေတာ ဖြစ်မှာပါ၊ တကယ်လို့ စိတ်ချရတဲ့ ဘဝအခြေအနေမျိုး ရောက်သွားရင်တော့ သူလည်းတခြားဘုံဘဝတစ်ခုခုကို ရောက်ချင်ရောက်သွားမယ် ထင်ပါတယ်"

ခင်မျိုးနွယ်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

အချိန်က ညနေပိုင်းအချိန်ရောက်လာပြီ ဖြစ်သောကြောင့် နေရောင်ခြည်ပျောက်သွားပြီး အနောက်ဘက် ကပ္ပလီ ပင်လယ်ပြင်ပေါ်တွင် ဆည်းဆာရောင်များ တောက်ပလာကြသည်။

ပင်လယ်ရေပြင်ကို ဖြတ်သန်းလာသောလေတွင် အပူ



www.burmeseclassic.com

www.burmeseclassic.com



ငွေ့များ မပါတော့ပဲ အေးမြခြင်းကို သယ်ဆောင်လာလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ခင်မျိုးနွယ်တို့မှာ ကမ်းခြေ တစ်နေရာ၌ ပင်လယ်ပြင်ဘက်သို့ မျက်နှာမူကာ ရပ်နေကြခြင်း ဖြစ်သောကြောင့် ဆံပင်များက လေတိုက်ရာသို့ တလူလူနှင့်လွင့် နေကြသည်။

"ဖေဖေကလည်းမေမေ့လိုပါပဲ၊ ကျွန်မအပေါ်မှာ စိတ် မချဘူး၊ ဒါကြောင့် ကိုမင်းထင်ကျော်ကို အကူအညီခေါ်ထားတာ ဖြစ်မယ်ထင်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"ဖေဖေပြောပြလို့ ကိုမင်းထင်ကျော် အကြောင်းကို သိ တန်သလောက် ကျွန်မသိရပါတယ်၊ ကျွန်မမေးချင်တာက ဘာ ကြောင့် ဒီအလုပ်ကို အကူအညီပေးတာလဲဟင်"

"ကျွန်တော်က ဝိညာဉ်တွေနဲ့ သက်ဆိုင်တဲ့ လျှို့ဝှက် ချက်တွေကို စိတ်ဝင်စားပါတယ်၊ နောက်ပြီး ရှေ့နေကြီး ဦး အုန်းကျော်ကလည်း ဒီကအကြောင်းတွေကို ပြောတန်သရွေ့ ပြောပြထားတော့ လိုက်လာပြီးစောင့်ရှောက်ပေးတာပါ"

"ဒါဖြင့် ကျွန်မကိုလာပြီး စောင့်ရှောက်ကူညီပေးတာပေ့ါ နော်"

"ဟုတ်ပါတယ်"

"ဒါပေမယ့် ရောက်ကတည်းက ဟိုဘက်အိမ်မှာပဲ နေတာများတယ်၊ ဒီဘက်အိမ်ကိုတောင် သိပ်မလာဘူး"





ဒေါက်တာမင်းထင်ကျော်က ရယ်နေသည်။

"ဖေဖေက ရောက်ကတည်းက ကိုမင်းထင်ကျော်က ကျွန်မနဲ့ သဘောတူထားတဲ့လူလို့ ပြောထားတာ၊ ဒါပေမယ့် ကို မင်းထင်ကျော်က သီးသီးခြားခြားနေနေတော့ သူတို့ကတောင် တစ်မျိုးထင်နေကြတယ်"

ခင်မျိုးနွယ်က စကားပြောသည့်အခါ စိတ်ထဲမှာ ရှိသည့် အတိုင်းပင် ပွင့်ပွင့်လင်းလင်း ပြောတတ်သူဖြစ်သည်။

"ကျွန်တော်က ခင်မျိုးနွယ်အတွက် အနှောက်အယှက် ပေးသလိုမျိုး ဖြစ်မှာစိုးလို့ ဒီလိုနေတာပါ"

"ဒါဖြင့် ကျွန်မမေးရဦးမယ်၊ ကိုမင်းထင်ကျော်က ဒီလို အကူအညီပေးနေတဲ့အလုပ်ကို ဘယ်လောက်အချိန်ကြာအောင် လုပ်ပေးမှာလည်းဟင်၊ ကိုမင်းထင်ကျော် ပြန်သွားတော့ ဘယ် လိုလုပ်မှာလည်းဟင်"

"ခင်မျိုးနွယ်က ကျွန်တော့်ကို ပြန်စေချင်ပြီလား"

"ကျွန်မက မပြန်စေချင်ပါဘူး၊ ကိုမင်းထင်ကျော်ရှိတော့ အားကိုးတစ်ခုရတာပေ့ါ၊ ကျွန်မတို့အိမ်ကြီးမှာ လူတွေ မကြာ ခဏသေနေတော့ နေရတာ ကြောက်တယ်၊ ရှင်ပြောတဲ့ ဝိညာဉ် တွေလည်း ရှိပုံရတယ်၊ တကယ်လို့ ရှင်ပြန်သွားရင်တော့ အခက် ပဲ"

ဟု စိတ်ထဲရှိသည့်အတိုင်းပင် ပြောသည်။

"ချင်ချင်းတော့ မပြန်သေးပါဘူး၊ ဒီမှာ လိုက်ပေးရမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စလေးတွေလည်း မပြီးသေးဘူး၊ ဘာပဲဖြစ်ဖြစ် ခင်မျိုးနွယ်ကို အခုလို ကူညီစောင့်ရှောက်ပေးခွင့်ရတာကိုတော့ ကျေနပ်ပါတယ်”

“ကျွန်မကလည်း ကိုမင်းထင်ကျော်ကိုကျေးဇူးတင်ပါတယ်၊ တစ်ခုပဲ ပြောစရာ ရှိပါတယ်၊ ဖေဖေမရှိတဲ့ အချိန်တွေမှာ အိမ်ကြီးပေါ်မှာ လာနေပေးပါ”

“ကောင်းပါပြီ လာနေပေးပါ့မယ်”

ထိုသို့ပြောဆိုပြီး ကမ်းခြေဘက်မှ ပြန်ခဲ့ကြလေသည်။

ထိုနေရာမှပြန်လာတော့ ဒေါက်တာမင်းထင်ကျော်အတွက် ရင်ခုန်လှုပ်ရှားစရာ အတွေးမျိုး ပါလာလေတော့သည်။







## အခန်း [၁၁]

# ဦးဗန်ကောင်းနှင့် ဆာဘူးဗိတ္တ

ဦးဗန်ကောင်းရောက်လာသောအချိန်မှာ ကိုမင်းထင်ကျော်အတွက်တော့ အချိန်ကောင်းအခါကောင်းပင် ဖြစ်ပေသည်။

နရဏီသိမ်စံအိမ်ကြီးတွင် ဝိညာဉ်နှင့်ပတ်သက်သည့် ခြောက်လှန့်မှုများနှင့် သာမန်ထက်ပိုမိုထူးခြားသော အဖြစ်အပျက်များ ကြုံတွေ့နေရသဖြင့် ဒေါက်တာမင်းထင်ကျော်က



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်၏မိတ်ဆွေလည်းဖြစ် ထိုကိစ္စများတွင် ကျွမ်းကျင်သော ဆရာကြီး ဦးဗန်ကောင်းအား ကြေးနန်းရုံးမှ ကြေးနန်းရိုက်ပြီး မှာလိုက်ရာ မှီရာသင်္ဘောဖြင့် လိုက်လာခြင်းဖြစ်၏။

ဦးဗန်ကောင်းရောက်လာသဖြင့် ဒေါက်တာမင်းထင်ကျော်က အတော်ပင်အားရှိသွားလေသည်။

အဘယ်ကြောင့်ဆိုသော် ယခုရက်ပိုင်းတွင် နရဏီသိမ်စံအိမ်ကြီးနှင့် ပတ်သက်သည့် မသင်္ကာစရာများကို ထပ်မံတွေ့နေရသောကြောင့် ဖြစ်သည်။

ထို့ပြင် မကြာသေးမီကမှ စစ်တွေမြို့ တောင်ဘက်စွန်းမှာရှိသော ဗုဒ္ဓေါမော်၌ရှိသည့် ဌက်ဦးခေါင်းပုံသဏ္ဍာန် ကျောက်လိုဏ်ခေါင်းအတွင်း၌ ဆာဒူးကြီးတစ်ဦးရောက်လာပြီး လာရောက်နေထိုင်သော သတင်းထွက်လာသည်။

စစ်တွေမှာ အိန္ဒိယနှင့် အနီးဆုံးရှိသဖြင့် ကုလားလူမျိုးများ၊ ယောဂီအချို့နှင့် ဆာဒူးများ မကြာခဏလာရောက်လေ့ရှိသော နေရာလည်းဖြစ်၏။

အသက်အရွယ်ကြီးလှပြီဖြစ်သော ဆာဒူးကြီးမှာ အသက်အရွယ်ကြီးလှပြီး ဦးခေါင်းပေါ်တွင် ဆံပင်ရှည်အချို့ရှိသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးအရှည်များရှိသည်။ အချို့ ဆာဒူးများက အဝတ်မဝတ်ဘဲ နံငယ်ပိုင်းလောက်နှင့်သာနေကြသော်လည်း ထိုဆာဒူးကြီးကတော့ အညိုရောင်





သင်္ကန်းကြီးကို တစ်ကိုယ်လုံးခြုံထားသည်။

ဂုဏ်းထံတွင် လွယ်အိတ်တစ်လုံး တောင်ဝှေးတစ်ချောင်းသာပါသည်။ စစ်တွေသို့ရောက်ကတည်းက ဗုဒ္ဓေါမော်၌သာနေပြီး တစ်ခါတစ်ရံ မြို့ထဲထွက်လာပြီး အလှူခံလေ့ရှိသည်။ အရပ်တကာ လှည့်လည်သွားလာရင်း တစ်နေ့တော့ နရဏီသိမ်စံအိမ်ကြီးသို့ ရောက်လာပြီး အလှူခံသည်။ ဂုဏ်းရောက်လာသောအချိန်က အောက်ထပ်၌ ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့ သားအဖနှစ်ယောက်သာ ရှိကြသည်။

"အဖေ အိမ်ရှေ့မှာ ဆာဒူးကြီးတစ်ယောက်ရောက်နေတယ်"

"ဘယ်ကဆာဒူးက ရောက်နေတာလဲ၊ ဘာမှမရှိဘူးလို့ သွားပြောလိုက်"

ထိုသို့ပြောသဖြင့် ခင်မျိုးသွယ်က ထွက်သွားပြီးနှင်ထုတ်လိုက်လေသည်။ ခင်မျိုးသွယ်က နှင်ထုတ်သော်လည်း ဆာဒူးကြီးက ပြန်ထွက်မသွားပဲ ရပ်မြဲရပ်နေလေသည်။

"စားစရာပေးပါ"

"ဘာမှ ပေးစရာမရှိဘူး၊ သွား. . သွား. . "

"ပေးစရာဆိုတာ ပေးချင်ရင်ရှိတယ်၊ မပေးချင်ရင် မရှိဘူး. . စားစရာပေးပါ"

"ဒီကုလားက ကြီးကြီးကျယ်ကျယ်စကားတွေ လာပြောနေတယ်၊ ငါ့အိမ်က အလုပ်သမားတွေခေါ်ပြီး နှင်လွှတ်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"တယ်လည်းမော်ကြမာပါလား၊ ကောင်းတာလုပ်ရင် ကောင်းတာရမယ်၊ မကောင်းတာလုပ်ရင် မကောင်းတာ ပြန်ရမယ်၊ သူတပါးပစ္စည်းဥစ္စာကို လိုချင်တယ်နော်၊ အဲဒါကို အဘိဇ္ဈာ တရားလို့ခေါ်တယ်၊ သူများကိုအဘိဇ္ဈာမျက်စောင်းနဲ့ ထိုးကြည့်ရင် ကိုယ့်ကို ငရဲသားတွေရဲ့ မျက်စောင်းထိုးတာခံရလိမ့်မယ်. သတိထားပါ"

ထိုသို့ပြောပြီးနောက် ဆာဒူးကြီးက ထိုနေရာမှပြန်ထွက်သွားလေတော့သည်။

ခင်မျိုးသွယ်လည်း အံ့တကြိတ်ကြိတ်နှင့် အိမ်တွင်းသို့ ပြန်ဝင်လာရာ အတွင်းရောက်တော့ ဦးမင်းဒင်က ပြောသည်။

"ဒီဆာဒူးကြီးကို ငါ တစ်နေရာမှာ တွေ့ဖူးသလိုပဲ၊ မောင်းတောကိုသွားတုန်းက တွေ့ခဲ့တဲ့ ဆာဒူးကြီးနဲ့ တူသလိုပဲ"

ကိုကျော့ဝေနှင့် ခင်မျိုးသွယ်တို့ လက်ထပ်ဖို့ စီစဉ်ကြစဉ်က မောင်းတောသို့ မကြာခဏ သွားခဲ့ကြရသည်။ လက်ထပ်ပြီးတော့လည်း ခင်မျိုးသွယ်က ကိုကျော့ဝေအလုပ်ရှိသော မောင်းတောသို့ မကြာခဏလိုက်နေရာ ဦးမင်းဒင်လည်း ရောက်ဖြစ်လေသည်။ ထိုအချိန်က ဆာဒူးကြီးတစ်ယောက်နှင့် တွေ့သဖြင့် ဆေးတစ်မျိုးပင် ရခဲ့ဖူးပေသည်။

"အဖေ့ဆီမှာရှိတဲ့ မိစ္ဆာမျက်လုံးဆေးပေးလိုက်တဲ့ ဆာဒူးကြီးလို့ အဖေက ထင်နေလို့လား"

"တူတယ်လို့တော့ ထင်တယ်၊ အခုတလော ညအချိန်





ရောက်လာရင် မကောင်းဆိုးဝါးမျက်နှာတွေကို မကြာခဏ တွေ့နေရတယ်၊ ဒီဆာဒူးကြီးများ လုပ်နေတာလား မသိဘူး"

ထိုစကားကြားတော့ ခင်မျိုးသွယ်က ပြုံးလိုက်သည်။

"အဖေကလည်း ကြံကြံဖန်ဖန်တွေ လျှောက်တွေးနေတယ်၊ ဘယ်ကလာမှန်းမသိတဲ့ ဆာဒူးကြီးက ဘာကြောင့် အဖေ့ကိုဒီလိုလုပ်မှာလဲ၊ နောက်ပြီး ဒီမြို့တွေမှာ ဆာဒူးတွေက အများကြီးရှိတာပဲ"

ဟု ပြောဆိုနေကြလေသည်။ ထိုသို့ပြောရသော်လည်း ဆာဒူးကြီးပြောသွားသော စကားကြောင့် ခင်မျိုးသွယ် စိတ်ထဲမှာလည်း တထင့်ထင့်နှင့် ဖြစ်နေလေသည်။

နရဏီသိခ်စံအိမ်ဘက်မှ ထွက်သွားသော ဆာဒူးကြီးသည် ဒေါက်တာမင်းထင်ကျော်တို့နေသော အိမ်ဘက်ရောက်တော့ ဝင်ပြီးအလှူခံပြန်သည်။

ဧင်းရုပ်နေသည်ကိုအိမ်တွင်းမှာ ရှိနေကြသည့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့က မမြင်သဖြင့် ထွန်းခက လာပြောလေသည်။

"ဆရာကြီးအိမ်ရှေ့မှာ ဆာဒူးကြီးတစ်ယောက် ရောက်နေပြီး အလှူခံနေတယ်"

ဒေါက်တာမင်းထင်ကျော်က မျက်မှောင်ကျုံ့လျက်စဉ်းစားနေပြီးမှ ခေါင်းညိတ်ပြလိုက်သည်။

"သူ့ကိုအိမ်ထဲခေါ်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သဖြင့် ထွန်းခက တအံ့တဩ အမူအယာဖြင့် ထွက်သွားပြီး ဆာဒူးကြီးကိုအိမ်ထဲခေါ်လာသည်။

အိမ်တွင်းရောက်တော့ ကုလားထိုင်ပေါ်မှာ မထိုင်ပဲ ကြမ်းပြင်ပေါ်မှာသာ တင်ပလ္လင်ခွေလျက်ထိုင်သည်။

"အပေါ်မှာ ထိုင်ပါ"

"ကျုပ်တို့က မြင့်မြတ်တဲ့နေရာမှာ မနေပါဘူး"

"ခင်ဗျားက ဗုဒ္ဓါမော် ကျောက်လိုဏ်ခေါင်းထဲမှာ ရောက်နေတဲ့ ဆာဒူးကြီးလား"

ခေါင်းညိတ်ပြသည်။

သူက အောက်မှာထိုင်တော့ ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့ကပါ အောက်မှာဆင်းထိုင်ကြသည်။

"ဘာလိုချင်ပါသလဲ"

"စားစရာပဲ ပေးပါ"

"ဘယ်လိုအစားအသောက်မျိုး စားသောက်ပါသလဲ"

"သက်သက်လွတ်ပါပဲ၊ နွားနို့ရရင် အဆင်ပြေပါတယ်"

"ဒီမှာတော့ နွားနို့မရှိပါဘူး၊ နို့ဆီကိုရေနွေးနဲ့ဖျော်ပေးရင် ရမယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ထွန်းခကိုစေခိုင်းလိုက်သည်။ ထိုအခိုက်မှာပင်ဆာဒူးကြီးက ဒေါက်တာမင်းထင်ကျော်ကိုကြည့်ပြီး ပြောသည်။





"ခင်ဗျားက စိတ်ထားကောင်းသူပဲ၊ စိတ်ထားကောင်းသူတွေအတွက် ဒီနေရာမျိုးမှာ မနေသင့်ဘူး"

"ဘာကြောင့် ဒီလိုပြောတာလဲ"

"ခင်ဗျားက ရပ်ဝေးကနေ ရောက်လာသူပဲ၊ တခြားသူတွေကို ကူညီပေးတယ်ဆိုပေမယ့်၊ တစ်ခါတလေ သူတပါးအန္တရာယ်က ကိုယ့်အပေါ် ရောက်လာတတ်ပါတယ်၊ ခင်ဗျားနေတဲ့အိမ်မှာလည်း မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေ အများကြီး ရှိနေကြတယ်"

"မှန်ပါတယ် ,အကာအကွယ်ရနိုင်မယ့် ဆေးရှိရင်ပေးခဲ့ပါ"

"နောက်တစ်ခေါက်လာဖြစ်ရင်တော့ ယူလာပါ့မယ်၊ ခင်ဗျားတို့ လာရင်လည်းပေးပါ့မယ်၊ ဒါပေမယ့် ခင်ဗျားဆီမှာလည်း မိစ္ဆာဝိညာဉ်တွေကို အကာအကွယ်ပေးနိုင်တဲ့ ရုပ်တုတစ်ခုရှိနေတယ်မဟုတ်လား"

"ဘယ်လိုရုပ်တုမျိုးလဲ"

"ဂမုန်းဖြူနဲ့ စီရင်ထုလုပ်ထားတဲ့ ရုပ်တုဖြစ်ပါလိမ့်မယ်"

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့မှာ စိတ်ထဲမှအံ့ဩသွားကြလေသည်။ ထိုရုပ်တုမှာ စစ်တွေမြို့ ခရီးထွက်လာကာနီးတော့ ဆရာကြီးသူရဋ္ဌ စီရင်ပေးလိုက်သော ရုပ်တုပင်ဖြစ်ပေသည်။

"ခင်ဗျား ဘယ်လိုသိတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မျက်လုံးကို ဖုံးကွယ်ထားနိုင်တဲ့အရာ မရှိပါဘူး"

ဟု ပြောလေသည်။

ထိုအချိန်မှာပင်ထွန်းခက နို့ဆီဖြင့် ဖျော်ထားသော နို့နှင့် ပေါင်မုန့်ခြောက်များကို ယူပြီးလာပေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ဆာဒူးကြီးကိုပေးလိုက်ရာ ယူပြီးစားသောက်နေလေသည်။

"ခင်ဗျား ဘယ်ကလာတာလဲ"

အနားမှာရှိနေသော ဦးဗန်ကောင်းက မေးလိုက်သည်။

"ဟိမဝန္တာက လာခဲ့တာ"

"ဘာအတွက်လာခဲ့တာလဲ"

"ကျုပ်တို့က ဒီလိုပဲ အာရုံကျတဲ့ နေရာတွေကို လျှောက်သွားနေကြတာဆိုတော့ နေရာအနှံ့ ရောက်နေကြတာပဲ"

ထိုသို့ပြောပြီး စားသောက်ခြင်းကို လက်စသပ်လိုက်သည်။

"ခင်ဗျားရဲ့ စေတနာက တစ်နေ့ ပြန်ပြီးအကျိုးပေးပါလိမ့်မယ်၊ ဘေးအန္တရာယ်ကင်းပါစေလို့လည်း ဆုတောင်းပေးခဲ့ပါတယ်"

ထိုသို့ပြောပြီး အပြင်ထွက်ရန်ပြင်နေစဉ် ဒေါက်တာမင်းထင်ကျော်က ထပ်မေးလိုက်သည်။

"ဆာဒူးကြီး ဟိုဘက်အိမ်ကြီးဘက်ကို ရောက်ခဲ့သေး





တယ်မဟုတ်လား၊ ထူးခြားမှုတွေ ဘာများတွေ့ခဲ့သလဲ"

အတန်ကြာအောင် မျက်စိမှိတ်ထားပြီးမှပြန်ပြောသည်။

"အိမ်ကြီးမှာ မကောင်းဆိုးဝါးတွေရှိနေတယ်၊ ဒါကြောင့် မကြာခဏ လူတွေသေလိမ့်မယ်၊ နောက်မကြာခင်မှာလည်း သေကြလိမ့်ဦးမယ်"

ထိုသို့ပြောပြီး ပြန်ထွက်သွားလေတော့သည်။

အတော်ဝေးဝေးရောက်သွားတော့ ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်းကို မေးလိုက်သည်။

"ဆရာကြီးရဲ့ အမြင်လည်းပြောပါဦး"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးနေရာမှ. . .

"ဆာဒူးတစ်ယောက်က အလျှုံခံရုံ သက်သက်နဲ့တော့ ဒီလောက်ခေါင်တဲ့နေရာမျိုးကို တကူးတက ရောက်လာမှာ မဟုတ်ပါဘူး၊ သူ့မှာ ဒီနေရာနဲ့ပတ်သက်ပြီး အကြောင်းတစ်ခုခုရှိလို့သာ ရောက်လာတာဖြစ်ပါလိမ့်မယ်"

ဟု ပြောသည်။

ထိုအယူအဆမှာ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာရှိနေသော တွေးထင်ချက်နှင့် တူသဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ညနေပိုင်းအချိန်ရောက်တော့ ဦးမောင်လွင်တစ်ယောက် ခရီးထွက်ရာမှ ပြန်ရောက်လာသဖြင့် ဦးဗန်ကောင်းနှင့် မိတ်ဆက်ပေးလိုက်သည်။

"အခုလိုတွေ့ရတာဝမ်းသာပါတယ်၊ ကျုပ်တို့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



အတွက် တကူးတကရောက်လာပြီး အကူအညီပေးတာလည်း ကျေးဇူးတင်ပါတယ်၊ ဒီအိမ်ကြီးမှာ လွတ်လွတ်လပ်လပ်နေနိုင်ပါတယ်"

"ကျုပ်ကတော့ ဟိုဘက်အိမ်မှာပဲ နေပါ့မယ်၊ မောင်ထင်ကျော်သာ ဒီဘက်အိမ်မှာ နေပါလိမ့်မယ်"

ဟုပြောရာ ဦးမောင်လွင်မှာ များစွာစိတ်သက်သာရာရသွားဟန် ရှိလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ဦးမောင်လွင်ခရီးထွက်သော ရက်များတွင် နရဏီသိန်စံအိမ်ကြီးသို့ သွားရောက်နေပေးရသည်။ ထိုသို့နေပေးခြင်းဖြင့် ခင်မျိုးနွယ်နှင့် ရင်းနှီးမှုများလည်း ရလာလေသည်။

သို့သော် ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့ကတော့ သူရောက်လာသည့်အတွက် မကျေမနပ်ဖြစ်နေကြဟန်ရှိသည်။ သူတို့သားအဖ၏ အဓိကရည်ရွယ်ချက်က ခင်မျိုးနွယ်ကိုသုတ်သင်ရှင်းလင်းပြီး ဦးမောင်လွင်ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရရန်အတွက် ဖြစ်သည်။ သို့သော် မအောင်မြင်ပဲ ၎င်းတို့ထံသို့ အန္တရာယ်များက ပြန်လည်ရောက်နေခြင်း ဖြစ်သည်။

ထို့ပြင်ဦးမောင်လွင် မရှိသောရက်များတွင် ဒေါက်တာမင်းထင်ကျော်က လာရောက်နေသောကြောင့် ၎င်းတို့အကြံအစည်များလည်း အထမမြောက်နိုင်ပဲ ရှိနေကြသည်။

တစ်ညမှာတော့ ခင်မျိုးနွယ်မှာ အိပ်ပျော်နေရင်းနှင့် အိပ်မက်ထဲတွင် မိခင်ဖြစ်သူကိုတွေ့ရသည်။





"သမီးအမေနေတဲ့ အခန်းထဲမှာ အမေတို့ ဘိုးဘွားအစဉ်အဆက်ဆက်က ပိုင်ဆိုင်ခဲ့တဲ့ လည်ဆွဲရတနာရှိတယ်၊ အမေအိပ်တဲ့ကုတင်ရဲ့ အပေါ်မှာရှိတယ်၊ လည်ဆွဲရတနာမှာ တပ်ထားတဲ့ကျောက်က ရှားပါးတဲ့ အပြာရောင်ကျောက်တစ်မျိုးပဲ၊ ဒီကျောက်က သိဒ္ဓိရှိတယ်၊ အဲဒီလည်ဆွဲရတနာကို သမီးရှာပြီး ယူထားပါ"

ဟု လာပြောသည်။

"မေမေထားခဲ့တဲ့ လည်ဆွဲရတနာကို ဖေဖေမသိဘူးလားဟင်"

ခင်မျိုးနွယ်က ထိုအကြောင်းကို ဖခင်ဖြစ်သူထံမှ တစ်ကြိမ်တစ်ခါမှပြောသံ မကြားရသဖြင့် ထိုသို့မေးလိုက်ခြင်းဖြစ်သည်။

"သမီးအဖေက ဒီအကြောင်းကိုသိပါတယ်၊ သမီးစိတ်မကောင်းဖြစ်မှာစိုးလို့ မပြောတာ ဖြစ်ပါလိမ့်မယ်၊ ဒီကျောက်လည်ဆွဲကလည်း သူပဲ အမေ့ကိုပေးခဲ့တာပါ၊ နောက်ပြီး အမေထားခဲ့တဲ့ နေရာကိုလည်း သူ့ကိုမပြောခဲ့ရတော့ သူမသိဘူး၊ သမီး အမေနေခဲ့တဲ့နေရာကိုသာ ဝင်ရှာကြည့်ပါ"

ဟုပြောပြီး ပျောက်ကွယ်သွားသည်။ ခင်မျိုးနွယ်လည်း အိပ်ပျော်နေရာမှ ပြန်နိုးလာသည်။

နောက်တစ်ရက်တွင် ဖခင်ဖြစ်သူ ဦးမောင်လွင် ပြန်ရောက်လာသောအခါ ထိုအကြောင်းကို ပြန်ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေထားခဲ့တဲ့ လည်ဆွဲရတနာအကြောင်းကို ဖေဖေ မသိဘူးလား"

"သိတော့ သိပါတယ်၊ ဒါပေမယ့် . . ."

"ဘယ်လိုကျောက်မျိုးနဲ့လုပ်ထားတာလည်းဟင်"

"တစ်ခါနှစ်ခါတော့ တွေ့ဖူးတယ်၊ အပြာရောင်တော့ ကြိုက်ကျောက်နဲ့ လုပ်ထားတဲ့လည်ဆွဲပဲ"

"ဒီကျောက်မျိုး မြင်ဖူးဖို့မပြောနဲ့ သမီးဖြင့် ကြားတောင် မကြားမိဖူး၊ ဒီကျောက်က ဘယ်လိုသိဒ္ဓိမျိုးတွေ ရှိတာလည်း ဟင်"

"ဖေဖေကလည်း သေသေချာချာတော့ မသိဘူး၊ အန္တရာယ်တစ်ခုခု ဖြစ်တော့မယ်ဆိုရင် အရောင်ပြောင်းသွားတယ်လို့တော့ ပြောသံကြားဖူးတယ်"

"အဲဒီပစ္စည်းကို မေမေအိပ်တဲ့ ကုတင်ပေါ်မှာ ထားခဲ့တယ်လို့ ပြောတယ်"

"ဒီလိုဖြင့် ရှာကြည့်ကြတာပေါ့"

ထိုသို့တိုင်ပင်ပြောဆိုပြီး ဒေါ်ခိုင်ဦးအိပ်ခဲ့သော ကုတင်ကိုတစ်ခုချင်းဖြုတ်ပြီး ရှာဖွေကြသည်။

မွေ့ယာ၊ စောင်၊ ခြင်ထောင် စသော အဝတ်အစား အသုံးအဆောင်များကိုဖယ်ရှားပြီး ကုတင်ကိုတစ်ခုချင်းဖြုတ်ကာ ရှာဖွေကြသည်။ ခြေထောက်များ၊ တောင်တန်းများ၊ ကြမ်းခင်းများ၊ ကုတင်တိုင်များပါ တစ်ခုချင်းဖြုတ်ပြီး ရှာဖွေသော်လည်း





အစအနမှပင်မတွေ့ရပေ။

"မေမေပြောသွားတာ ကုတင်အပေါ်မှာ ရှိတယ်လို့ပြောသွားတယ်"

"ကုတင်ရဲ့ အပေါ်မှာရှိတဲ့ ပစ္စည်းတွေလည်း တစ်ခုမကျန် ရှာပြီးပြီ၊ ဘယ်မှာမှမတွေ့ဘူး၊ အပေါ်မှာတော့ မျက်နှာကျက်ပဲ ရှိတော့တယ်၊ ဒီလောက်မြင့်တဲ့ မျက်နှာကျက်အပေါ်တော့ ဘယ်နည်းနဲ့မှလည်း မတက်နိုင်ဘူး၊ ထားစရာနေရာလည်းမရှိဘူး"

မျက်နှာကြက်ပေါ်မှာတော့ ကွန်းပြားချပ်များကို အပါး လိုက်လွှာပြီး ကပ်ထားသည်။

ခင်မျိုးနွယ်နှင့် ဦးမောင်လွင်တို့မှာ ကုတင်နှင့် ကုတင်ပေါ်ရှိ ပစ္စည်းများသာမကပဲ အခန်းတစ်ခန်းလုံး ပိုက်စိပ်တိုက် ရှာဖွေကြသော်လည်း ထူးဆန်းသော လည်ဆွဲရတနာကိုတော့ မတွေ့ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း [၁၂]

## တာကျိုက်ကျောက် လည်ဆွဲရတနာ

တစ်ရက်မှာတော့ ဒေါက်တာမင်းထင်ကျော်အား အကျိုးအကြောင်းပြောပြလိုက်သည်။

"တာကျိုက်ကျောက်ဆိုတာ သိဒ္ဓိရှိတဲ့ ကျောက်အမျိုးအစားတွေထဲမှာ ပါတယ်၊ အနောက်နိုင်ငံတွေမှာသာ တွေ့ရလေ့ရှိပြီး ဗမာပြည်မှာတော့ မတွေ့ရသလောက်ရှားပါးတဲ့ ကျောက်အမျိုးအစား ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ထဲမှာတော့ မေမေက အသေအချာပြောပြသွားတာပဲ၊ ကျွန်မဖေဖေနဲ့တော့ ရှာကြည့်ပြီးပြီ၊ ဘယ်နေရာမှ မတွေ့ဘူး၊ ကိုမင်းထင်ကျော် ကူညီပေးပါဦး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြပြီး ခင်မျိုးနွယ်နှင့်အတူ ဒေါ်ခိုင်ဦးနေသွားသော အခန်းသို့ လိုက်သွားလေသည်။

ထိုအခန်းမှာ ဒေါ်ခိုင်ဦးမရှိတော့သည့်နောက်ပိုင်း ပိတ်ထားသောအခန်းလည်း ဖြစ်သည်။

တံခါးဖွင့်ပြီးဝင်ကြည့်တော့ အခန်းတွင်းမှာ တစ်စုံတစ်ယောက် ရှိနေသည်ဟု စိတ်ထဲမှာထင်မိသည်။

အခန်းတွင်းရောက်သည်နှင့် အအေးလှိုင်းတစ်ခုက သူ၏နံဘေးမှ ဖြတ်သွားသည်ကိုသတိပြုမိလိုက်သောကြောင့် ဖြစ်သည်။

"ဒီအခန်းထဲမှာ ခင်မျိုးနွယ်ရဲ့ မိခင်ဝိညာဉ် ရှိနေပုံရတယ်၊ မရှာခင် သူ့ဆီမှာ ခွင့်တောင်းပေးပါ"

"ဘာ. . ဘယ်လိုခွင့်တောင်းရမှာလဲဟင်"

ဒေါက်တာမင်းထင်ကျော်က ဖွင့်ထားသော ဝင်ပေါက်တံခါးကိုပြန်ပိတ်လိုက်ပြီး စားပွဲပေါ်မှာ တင်ထားသောမီးအိမ်ကို မီးထွန်းလိုက်သည်။

အခန်းတံခါးများ ပိတ်ထားသောကြောင့် မီးရောင်မှာ အတော်အသင့် လင်းလာလေသည်။





ခင်မျိုးနွယ်က ဒေါက်တာမင်းထင်ကျော်ပြောပြသည့်အတိုင်း ခတ်တိုးတိုးပြောလိုက်သည်။

"မေမေဒီအခန်းထဲမှာ ရှိနေသေးတယ်ဆိုရင် သမီးတို့ စွန့်ရှာတာကို ခွင့်ပေးပါ၊ ဘယ်နေရာမှာရှိတယ်ဆိုတာလည်း ပြပေးပါ"

ထိုသို့ခွင့်တောင်းပြီး ဒေါက်တာမင်းထင်ကျော် မီးအိမ်ကိုလက်မှာကိုင်ပြီး အခန်းထဲသို့နေရာအနှံ့ သွားကြည့်သည်။

ခင်မျိုးနွယ်ကတော့ မနီးမဝေးမှ ရပ်ကြည့်နေသည်။ ထိုအချိန်တွင် သူမတစ်ကိုယ်လုံး အေးစက်နေပြီး အသက်ရှူရန် ဝင်မေ့နေသည်။

ထိုသို့သွားနေရင်းမှာပင် နောက်ဆုံးကုတင်အနီးသို့ ရောက်လာလေသည်။ ထိုနေရာရောက်တော့ မီးအိမ်က အလိုအလျောက်မီးငြိမ်းသွားလေသည်။

ထိုသို့မီးငြိမ်းသွားတော့ အလုံပိတ်ထားသော အခန်းထဲမှာ အနည်းငယ်မှောင်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်က သင်္ကေတတစ်ခုအနေဖြင့် သိလိုက်သဖြင့် မီးမထွန်းသေးပဲ ရပ်ကြည့်နေစဉ်မှာ ခင်မျိုးနွယ်ထံမှ အသံထွက်လာလေသည်။

"ဒီပစ္စည်းက ငါတို့ရဲ့ မိသားစုနဲ့သက်ဆိုင်တဲ့ သူတွေပဲ ရှာလို့တွေ့နိုင်တယ်၊ မသက်ဆိုင်တဲ့ သူတွေရှာရင် မတွေ့နိုင်ဘူး"

"ကျွန်တော်က လောဘစိတ်နဲ့ ရှာတာမဟုတ်ပါဘူး၊ သူတို့ အကူအညီတောင်းလို့ ရှာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ စိတ်သဘောထားကိုတော့ ရောက်ကတည်းက ငါသိပါတယ်၊ ငါ့သမီးကို စောင့်ရှောက်ပေးနေတာကိုလည်း ကျေးဇူးတင်ပါတယ်၊ သူ့မှာ ငွေကြေးဥစ္စာ ပြည့်စုံပေမယ့် အားကိုးရမယ့်သူ မရှိဘူး၊ နံဘေးမှာက အန္တရာယ်ပေးမယ့်သူတွေ ရှိနေကြတယ်၊ ဒါကြောင့် သူ့ကိုစောင့်ရှောက်ပေးလက်စနဲ့ အမြဲ စောင့်ရှောက်ပေးပါ"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ချက်ချင်းပြန်မပြောပဲ စဉ်းစားနေလေသည်။ အတန်ကြာမှ. . .

"ဒါက ကျွန်တော်တစ်ယောက်တည်း ဆုံးဖြတ်လို့ မရပါဘူး၊ သူ့သဘောထားကိုမေးဖို့ လိုပါတယ်"

ဟု ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ သူ့ကိုမေးကြည့်ပါ၊ မင်းတို့ သဘောတူပြီးရင် ညရောက်တော့ တစ်ခေါက်လာရှာပါ၊ ငါနေရာပြပေးပါ့မယ်"

ဟုပြောဆိုကာ အသံပျောက်သွားလေသည်။

ထိုအသံ ပျောက်သွားသည်နှင့် မီးအိမ်ကလည်းအလိုအလျောက် ပြန်လင်းလာသဖြင့် အလင်းရောင် ရလာသည်။

ခင်မျိုးနွယ်ကိုကြည့်လိုက်တော့ အိပ်ပျော်ရာမှပြန်နိုးလာသူပမာ ပြူးကြောင်ကြောင်ဖြစ်နေလေသည်။

"ကျွ. . ကျွန်မဘယ်လိုဖြစ်သွားတာလည်းဟင်"

ထိုသို့မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြန်မပြောသင့်မပြောသင့် စဉ်းစားနေပြီးမှ. . .





"စောစောက ကျွန်တော်ခင်မျိုးနွယ်အဖေနဲ့ စကားပြောလိုက်ရတယ်"

ဟု ပြောလိုက်သည်။

"ကျွန်မကိုဝင်ပူးပြီးပြောတာပေါ့နော်၊ သူ ဘာတွေ ပြောသွားသလဲဟင်"

ဒေါက်တာမင်းထင်ကျော်က မလွှဲသာတော့သဖြင့် ပြန်ပြောပြလိုက်သည်။

"တကယ်လို့ ကျွန်တော်တို့ချင်းနားလည်မှုရလို့ ဆုံးဖြတ်ပြီးရင် လည်ဆွဲရတနာရှိတဲ့နေရာကို သူပြပေးမယ်လို့ ပြောသွားပါတယ်"

"ဒီတော့ ကိုမင်းထင်ကျော်က ဘယ်လိုဆုံးဖြတ်မှာလဲ"

"ကျွန်တော့်ဘက်ကတော့ ပြောစရာမရှိပါဘူး၊ ခင်မျိုးနွယ်ဆုံးဖြတ်တဲ့ အပေါ်မှာပဲ မူတည်မယ်ထင်ပါတယ်"

ခင်မျိုးနွယ်က တစ်ချက်ကြည့်သည်။

"မေမေကရော ဖေဖေကပါ ကျွန်မအတွက် ဒါပဲ စိတ်ပူနေကြတယ်၊ ကျွန်မဘက်ကတော့ မိဘတွေ စိတ်ချမ်းသာရင် ဘာမဆို လုပ်ပေးချင်ပါတယ်"

"ဒီလိုလက်ခံပေးရင်တော့ ကျွန်တော့်ဘက်ကလည်း တစ်သက်လုံး စောင့်ရှောက်ပေးနိုင်ပါတယ်"

"တစ်သက်လုံး ဒီလိုဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်မျိုးနွယ်လက်ခံရင်လက်ထပ်ပါ့မယ်"

"အချ ပါတဲ့ အလုပ်သဘောအရ လက်ထပ်တာမျိုးလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ခင်မျိုးနွယ်က နှစ်သက်စရာကောင်းသလို ချစ်စရာလည်းကောင်းပါတယ်၊ အကူအညီပေးဖို့လာတယ်ဆိုပေမယ့် ဟော်တယ်မှာ စတွေ့ကတည်းက စိတ်ဝင်စားလို့ လိုက်လာခဲ့တာပါ"

ထိုစကားကြောင့် မျက်နှာပြင်ပေါ်မှာ ရှက်သွေးများနှင့်အတူ ကျေနပ်မှုအရိပ်အယောင်များ ယှက်သမ်းသွားလေသည်။

"ဒီစကားကြားရတာ ကျွန်မ တကယ်ပဲ ဝမ်းသာပါတယ်၊ ကျွန်မရင်ထဲမှာ ရှိနေတဲ့ စိုးရိမ်မှုတွေလည်း လျော့သွားတာပေါ့"

"ဘယ်လိုစိုးရိမ်မှုတွေ ရှိနေလို့လည်း"

"ကိုမင်းထင်ကျော်ရောက်လာကတည်းက စိတ်ထဲမှာ လုံခြုံမှုရနေသလို ခံစားရတယ်၊ ဒါနဲ့အတူ တစ်နေ့ကျရင် ပြန်သွားမှာကိုလည်း အမြဲတွေးပူနေရတယ်၊ အခုမှပဲ"

"ဘာမှစိတ်မပူပါနဲ့၊ ကိုယ် နွယ့်ကိုတစ်သက်လုံး စောင့်ရှောက်ပေးသွားပါမယ်"

ဟု ပြောကာ မီးအိမ်ကိုစားပွဲပေါ် တင်ထားပြီး သူမအနီးသို့လျှောက်သွားကာ ကိုယ်ကလေးကို ထွေးဖက်ထားလိုက်သည်။ ခင်မျိုးနွယ်ကလည်း မရုန်းမဖယ်ပဲနှင့် ဒေါက်တာမင်းထင်





ကျော်ကို ပြန်ဖက်ထားရင်း. . .

"ဒီအခန်းထဲမှာ မေမေ ရှိနေတယ်ဆို"

ဟု တိုးတိုးပြောလိုက်သည်။

"သူက ကိုယ်တို့နှစ်ယောက် ချစ်သူဖြစ်သွားတာကို. . ကျေနပ်နေမှာပါ။ မိသားစုအဖြစ် လက်ခံပေးမှာပါ"

ဟု ပြန်ပြောရင်းနဖူးကိုကြင်နာစွာ နမ်းလိုက်လေသည်။

ညအချိန်ရောက်တော့ ထိုအခန်းသို့ ထပ်သွားကြပြန်သည်။ အခန်းတွင်းမှာ မီးရောင်မရှိတော့ မှောင်နေသည်။

သူတို့ အခန်းတွင်းရောက်ပြီးမကြာခင် အခန်းထောင့်တစ်နေရာမှာ ဖြူဖြူအရိပ်သဏ္ဍာန်တစ်ခုပေါ်လာလေသည်။

ပီပီပြင်ပြင်မဟုတ်သော်လည်း အမျိုးသမီးတစ်ယောက်၏ ပုံရိပ်သဏ္ဍာန်ဖြစ်မှန်းသိသာသည်။

ထိုပုံရိပ်သဏ္ဍာန်က ကုတင်ရှိရာ တရွေ့ရွေ့လျှောက်သွားပြီး အပေါ်သို့မော့ကြည့်နေသည်။ အပေါ်မှာတော့ ချိတ်ဆွဲထားသော မီးပန်းဆိုင်တစ်ခုသာ ရှိပေသည်။

နောက်တော့ ဝိညာဉ်ပုံရိပ်က ဝေဝါးပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှဒေါက်တာမင်းထင်ကျော်က မီးအိမ်ကိုမီးထွန်းလိုက်ရာ အလင်းရောင်ရလာလေသည်။

ထိုသို့ အလင်းရောင်ရတော့မှ မီးဆိုင်းကြီးကိုမော့ကြည့်သည်။ ထိုမီးဆိုင်းကြီး ရှိရာသို့တက်ဖို့ မဖြစ်နိုင်ပေ။ မီးဆိုင်းကြီးအား အောက်သို့ရောက်ဖို့ရန်သာ စဉ်းစားရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကုတင်နံ့ဘေးနှင့် နံရံများကိုလိုက်ကြည့်ရာ ကုတင်နှင့် နီးသောနံရံတွင် အံဝှက်တစ်ခုတွေ့သဖြင့် ဖွင့်ကြည့်ရာ စက်သီးနှင့် ဆက်ထားသော ဒလက်တစ်ခုကိုတွေ့ရသဖြင့် ဒလက်ကိုလှော့ချကြည့်ရာ အပေါ်မျက်နှာကြက်တွင် တပ်ဆင်ထားသည့် မီးဆိုင်းကြီးမှာ တအိအိနှင့် နိမ့်ကျလာလေတော့သည်။

တဖြည်းဖြည်းနှင့် လျှော့ချပေးရာ နောက်တော့ ကုတင်နံဘေးကြမ်းပြင်ပေါ် သို့ရောက်လာတော့သည်။

ထိုသို့ရောက်လာတော့ မီးရောင်ဖြင့် ထိုးပြီး ရှာကြည့်ရာ မီးလုံးတစ်လုံးအတွင်းမှ အပြာရောင်များ ဖြာထွက်လာသည်။

ထိုမီးလုံးကို ဖြုတ်ကြည့်သောအခါ အပြာရောင် တာကွိုက်ကျောက်များဖြင့် ပြုလုပ်ထားသော လည်ဆွဲရတနာကို တွေ့ရလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ခင်မျိုးနွယ်ကိုပေးလိုက်သည်။ တာကွိုက်ကျောက်ဖြင့် ပြုလုပ်ထားသော လည်ဆွဲရတနာမှာ မီးရောင်ဖြင့် အပြာရောင်များ ဖြာထွက်နေသည်။

မြန်မာနိုင်ငံမှထွက်သော ကျောက်မျိုးမဟုတ်သောကြောင့် တွေ့ရခဲလှသည့် ရှားပါးသော ရတနာကျောက်မျိုးလည်း ဖြစ်ပေသည်။

ခင်မျိုးနွယ်က လှပသော ရတနာလည်ဆွဲကို ကြည့်ရင်း တအံ့တဩ ဖြစ်နေသည်။





"မေမေ့ဆီမှာ ဒီလောက်တန်ဖိုးကြီးပြီးလှပတဲ့ ရတနာလည်ဆွဲကြီး ရှိတယ်ဆိုတာ သိတော့သိတယ်၊ ဒါပေမယ့် တစ်ခါမှတော့ မတွေ့ဖူးသေးဘူး"

"ဒါက နွယ်နဲ့ထိုက်လို့ ရတယ်လို့ပဲ သဘောထားပေါ့၊ ကိုယ်ထင်တာတော့ ဒီလိုရှားပါးတဲ့ တာကွိုက်ကျောက်နဲ့ ပြုလုပ်ထားတဲ့ အပြာရောင် လည်ဆွဲရတနာမျိုးက များများရှိမယ်မထင်ဘူး"

ခင်မျိုးနွယ်မျက်နှာပြင်ပေါ်မှာတော့ ဝမ်းသာခြင်းများ ယှက်သမ်းနေလေသည်။

"တာကွိုက်ကျောက်ဆိုတာရှားပါးသလောက် သိဒ္ဓိလည်း ရှိတယ်၊ ဝတ်ဆင်ထားတဲ့ အခိုက်မှာ ရောဂါတစ်ခုခုဖြစ်တော့မယ်ဆိုရင် ကျောက်ရဲ့အရောင်က သူ့အလိုလိုအရောင်ဖျော့လာပြီး မှေးမှိန်လာတတ်တယ်"

"စိတ်ဝင်စားစရာပဲ၊ ဒီကျောက်မျိုးနဲ့ ပတ်သက်ပြီး မောင်သိသမျှ ပြောပြပေးပါလား"

ခင်မျိုးနွယ်က သူ့ကိုမောင်ဟု စတင်ခေါ်ကာ ကျောက်အကြောင်း မေးသဖြင့် လေ့လာထားသော အကြောင်းအရာတို့ကို အောက်ပါအတိုင်း ပြောပြလိုက်လေသည်။

တာကွိုက်ကျောက်(Turquoise)အကြောင်းကို ဖော်ပြပါမည်။

တာကွိုက်ကျောက်(Turquoise)ကို ဝတ်ဆင်ထားသူ



www.burmeseclassic.com

www.burmeseclassic.com



သည် အရောင်မှေးမှိန်သွားပါက နေထိုင်မကောင်းဖြစ်နေပြီဟု တာကွိုက်ကျောက်က ကြင်နာသနားသောအားဖြင့် ပြောပြပါသည်။

ရွှန်ဒွန်း(၁၅၇၂-၁၆၃၁)က တာကွိုက်ကျောက်နှင့် ပတ်သက်၍ ဤသို့ဆိုခဲ့ပါသည်။

တာကွိုက်ကျောက်သည် ခွဲခြားရန်ခက်ခဲသောကျောက်ဖြစ်သဖြင့် ဟုတ်မဟုတ်သေချာစွာ စစ်ဆေးကြည့်ရှုသင့်သည်။

တာကွိုက်ကျောက်တွင် ဖော့စဖိတ်နှင့် အလူမီနီယမ်များ အဓိကပါဝင်နေပြီး ကြေးနီနှင့် သံဓါတ်အနည်းငယ်တို့သည် တာကွိုက်ကျောက်၏ အရောင်ကိုဖြစ်ပေါ်စေပါသည်။

ကျောက်မျက်ပညာရှင် အချို့ကမူ တာကွိုက်ကျောက်၏ လှပသောအပြာရောင်သည် ကြေးနီနှင့် အမိုနီယမ်တို့၏ အိုင်းယွန်းအစုအဝေးမှ ဖွဲ့စည်းဖြစ်ပေါ်လာသည်ဟု ယုံကြည်ကြပါသည်။

အလှပဆုံး တာကွိုက်ကျောက်များသည် အီရန်နိုင်ငံမှ ထွက်ရှိပြီး ၎င်းတို့၏ အရောင်များသည် မိုးပြာရောင်မှ စိမ်းပြာရောင်အထိ ရှိကြပါသည်။

တာကွိုက်ကျောက်သည် အရောင်အနုအရင့် ပြောင်းလဲတတ်သော သဘောရှိသည်။

တစ်ခါတစ်ရံ တာကွိုက်ကျောက်သည် ဝတ်ဆင်သူ၏ ချွေးကြောင့်(သို့မဟုတ်)ခန္ဓာကိုယ်၏ အပူချိန်မြင့်မားလာသော





အခါ ကျောက်၏အရောင်သည် အစိမ်းရောင်သမ်းလာတတ်ပါသည်။

ရေမွှေး၊ ဆံပင်ဆိုးဆေးနှင့် အချို့သော အလှကုန်ပစ္စည်းများတွင် ပါဝင်သော အယ်(လ)ကိုဟောတို့ကြောင့်လည်း တာကွိုက်ကျောက်၏အရောင် ပြောင်းလဲစေပါသည်။

"တာကွိုက်"ဟူသော အမည်သည် တူရကီကုန်သည်များထံမှ ရရှိလာခြင်း ဖြစ်သည်။

သူတို့သည် လှပ၍ စွဲမက်စရာကောင်းသော အပြာရောင်ရှိသည့် ကျောက်များကိုအရောင်းအဝယ်လုပ်ရန် ဥရောပသို့ ပထမဦးဆုံး သယ်ယူလာကြသူများလည်းဖြစ်သည်။

ကန္တာရခရီးသည်များသည် ကုလားအုပ်ကြီးများပေါ်တွင် နိုင်ငံခြားဖြစ်အိတ်ကြီးများနှင့်အတူ ဝန်စည်စလယ်များကို တင်ဆောင်၍ အရှေ့ဖက်မှ ကုန်သွယ်လမ်းကြောင်းအတိုင်း တရွေ့ရွေ့နှင့် ရောက်ရှိလာကြပါသည်။

သူတို့သည် ဟင်းခတ်အမွှေးအကြိုင်များ ကျောက်မျက်များနှင့် စီခြယ်ထားသည့် အဝတ်အစားများ ရွှေချည်ထိုး၊ ငွေချည်ထိုးကြိုးများနှင့် အဖိုးတန် လက်ဝတ်ရတနာများကိုလည်း သယ်ဆောင်လာကြပါသည်။

တာကွိုက်ကျောက်များကို ပထမဦးဆုံး ဂျာမဏီသို့တင်ပို့လိုက်သောအခါ ဂျာအန်အမည်ဖြင့် (TyrkisherSteins) ဟုလူသိများကြပြီး အဓိပ္ပါယ်မှာ "တူရကီကျောက်"ဟူ၍ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုကျောက်များသည် ပြင်သစ်သို့ ရောက်ရှိသွားသော အခါ ဂျာမန်အမည်မှ ပြင်သစ်အမည်သို့ပြောင်း၍ (Pierre Turqyoise) ဟုခေါ်ပြီး "တူရကီကျောက်"ဟူ၍ပင် အမိပ္ပါယ်ရ ပါသည်။

အမေရိကမှ လူမျိုးစုများနှင့် တာကွိုက်ကျောက်သည် ဆက်နွယ်မှု ရှိပေသည်။

ဘီစီထောင်ပေါင်းများစွာက အစ်တက်(A2tec)၊ တို (လ)တက်(Toltee)နှင့် အို(လ)မီး(စ)(Olnes)တိုင်းရင်းသား မျိုးနွယ်စုတို့၏ ဘိုးဘွားဘီဘင်များသည် ယခုမွန်ဂိုလီးယားဟု ခေါ်နေကြသော ကြီးမားကျယ်ပြန့်သည့် မြက်ခင်းပြင်ဒေသမှ ပြောင်းရွှေ့လာကြသူများဖြစ်သည်။

သူတို့သည်ထိုအချိန်က ရုရှားနှင့် အလာစကားပြည် နယ်ကို ဆက်သွယ်ထားသော ရေခဲများဖြင့် တံတားသဖွယ် ဖုံး အုပ်နေသည့် ဘာရင်(Bering)ရေလက်ကြားကိုဖြတ်သန်းလာ ခဲ့ကြသည်။

ဤလူမျိုးနွယ်စုများသည် လှည့်လည်သွားလာရင်း တောင်ဘက်သို့ ရောက်သည့်တိုင်အောင် ပို၍ပို၍ ဝေးကွာလာ ခဲ့ကြပြီး နောက်ဆုံးတွင် အမေရိက တောင်ဘက်ပိုင်း၌ အခြေချ နေထိုင်ခဲ့ကြလေသည်။

ယခုအခါ ဤနေရာများသည် မက္ကဆီကို၊ ဘရာဇီးနှင့်





ပီရူးနိုင်ငံအနီး ပတ်ဝန်းကျင်တစ်ဝိုက်မှ နေရာများဖြစ်နေကြ သည်။

ဤလူမျိုးစုများနှင့်အတူ တာကွိုက်ကျောက်များသည် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ပစ္စည်းတစ်ခုအနေဖြင့် ပါရှိလာပြီး ဤလှပသော ကောင်းကင်အပြာရောင် ကျောက်များကို မည်ကဲ့ သို့ ပြုလုပ်ရမည်ကိုပါ တတ်ကျွမ်းကြပါသည်။

သူတို့၏ စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးမှုများကို အထူးလက်ရာမြောက်သော လှပသည့် ရှေးဟောင်းလက်ရာ များအဖြစ် ရှေးဟောင်းဂူသချိုင်းများတွင် တူးဖော်တွေ့ရှိခဲ့ပြီး တာကွိုက်ကျောက်များဖြင့် မွမ်းမံစီခြယ်ထားသည့် လူ့အရိုး ခေါင်း ပုံသဏ္ဌာန်များလည်း ပါဝင်သည်။

၁၈၃၀-ပြည့်နှစ်တွင် သာသနာပြုပုဂ္ဂိုလ် ဘာနာဒီနိုဒီ ဆဟာဂန်(Bernardinode Sahagun)ရေးသားခဲ့သော စပိန် နိုင်ငံသစ်သမိုင်း (History ofNew Spain)စာအုပ်တွင် အပြာ ရောင် တာကွိုက်ကျောက်ကို မည်သူတစ်ဦးတစ်ယောက်မှ ပိုင် ဆိုင်ခြင်း(သို့မဟုတ်)ဝတ်ဆင်ခြင်းခွင့်မပြုဟု ဖော်ပြပါရှိသည်။

ဤကျောက်ကို နတ်ဘုရားများအား ပူဇော်ကန်တော့ ရန်နှင့် နတ်ဘုရားရုပ်တုများတွင် အလှဆင်ရန်တို့အတွက်သာ သီးခြားထိန်းသိမ်းထားရှိသည်။

အေဒီ-၁၅၃၃တွင် စပိန်ပြည်သား ဟာနန်ဒိုကော်တက် (Hernando Cortez)မှ မေရန် (Mayan)အင်ပါယာကို



www.burmeseclassic.com

www.burmeseclassic.com



သုတ်သင်ရှင်းလင်းပြီးသောအခါ အမေရိကန်အနောက်တောင်ပိုင်းသည် ပျူဘလို(Pueblo)လူမျိုးစုများ လက်ထဲသို့ ကျရောက်သွားပြီး တာကွိုက်နှင့်ပတ်သက်သော ကိုးကွယ်ယုံကြည်မှုသည် ယနေ့တိုင်အောင် ထိန်းသိမ်းထားဆဲဖြစ်သည်။

ယနေ့ထက်တိုင်အောင် ပျူဘလိုကျောက်တွင်းပိုင်ရှင်များသည် လုံးဝမပျက်စီးဘဲ ကျန်ရှိနေသော တာကွိုက်ကျောက်အစိုင်အခဲလိုက်ကို ဘာသာရေးအရ ပူဇော်ဝသမှု တစ်ခုအနေဖြင့် အသုံးပြုခဲ့ပါက ကျောက်မိုင်းများ တူးဖော်ရာတွင် အောင်မြင်လိမ့်မည်ဟု ယုံကြည်ကြသည်။

မြောက်အမေရိကမှ အပချီ(Apache) လူမျိုးများကလည်း တာကွိုက်ကျောက်ကို နက်နက်နဲနဲ လေးစားယုံကြည်ကြပါသည်။ ဆေးဆရာတစ်ဦးသည် တာကွိုက်ကျောက်တစ်ပွင့်ကို အမှန်တကယ်ပိုင်ဆိုင်ခြင်းမရှိဘဲနှင့် လူအများ၏ လေးစားကြည်ညိုမှုနှင့် ဂုဏ်ဒြပ်တို့ကိုမရရှိနိုင်ပေ။ ထိုနည်းတူစွာ မုဆိုးတစ်ယောက်သည်လည်း သူ၏လှံ(သို့မဟုတ်) မြားတို့ဖြင့် ပစ်မှတ်ကို ထိအောင်ပစ်ခတ်နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ကြသည်။

တာကွိုက်ကျောက်သည် ဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်သည်။

တာကွိုက်ကျောက်သည် မိစ္ဆာတို့၏ အဘိဇ္ဈာမျက်စောင်းများမှ ကျော်လွှန်နိုင်သည့် စွမ်းရည်ရှိသည်ဟု တစ်ချိန်က ယုံကြည်ခဲ့ကြပါသည်။





ယနေ့ထက်တိုင်အောင် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဒေသခံများသည် ဝန်စည်စလယ်များကို တင်ဆောင်သည့်နွားများ မြည်းများ၊ ကုလားအုပ်များ၏ လည်ဆံမွေးနှင့် အမြီးတို့တွင် တာကွိုက်ပုတီးစေ့များကို ချည်နှောင်ထားခြင်းအားဖြင့် ခြေထောက်များကို ခိုင်မာစေပြီး ကံကောင်းခြင်းများကို သယ်ဆောင်ပေးသည်ဟု ဆိုသည်။

တာကွိုက်ပုတီးစေ့များသည် မြင်းများကို အခိုင်းလွန်ခြင်းကြောင့် အပူချိန်လွန်ကဲခြင်းမှ ကာကွယ်ပေးသည့်အပြင် မြင်းစီးသည့် သူအားလည်း ဘေးအန္တရာယ်များမှ အကာအကွယ်ပေးသည်ဟု ယုံကြည်ကြသည်။

၁၃-ရာစုနှစ်တွင် ဤကျောက်သည် မြင်းစီးသမားတို့၏ အဆောင်ကျောက်ဖြစ်လာခဲ့သည်။

မည်သူမဆို တာကွိုက်ကျောက်အစစ်ကို ရွှေနှင့်ကွင်း၍ ကာလကြာရှည်စွာ ကိုယ်နှင့်မကွာ ဝတ်ဆင်ထားပါက မြင်းစီးသည့်အခါတွင်ဖြစ်စေ လမ်းလျှောက်သည့်အခါတွင်ဖြစ်စေ ပြုတ်ကျခဲ့ပါက ခန္ဓာကိုယ်အစိတ်အပိုင်းများ အနာတရဖြစ်ခြင်းမှ ကာကွယ်ပေးသည်။

ဤသည်မှာ ထိုအချိန်က ဗော်လမာ(Volmar)ဆိုသူ၏ ရေးသားဖော်ပြချက် ဖြစ်ပေသည်။

တာကွိုက်ကျောက်သည် လူကိုပြင်းထန်စွာ ပြုတ်ကျသော်လည်း ဒဏ်ရာပြင်းထန်စွာ မရရှိအောင် ကာကွယ်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိသည်ဟု ၁၇-ရာစုက လူများက ယုံကြည်ခဲ့ကြသည်။

၁၇-ရာစုက ဆေးဆရာ အင်ဆယ်မတ်ဘိုတီယပ်(စ) ဒီဘုု(Anselmus Boetius de Boot)သည် တစ်နေ့နံနက်တွင် မြင်းစီးသွားစဉ် သူ၏မြင်းသည် အရှိန်ဖြင့် သွားနေရာမှ ခလုတ်တိုက်မိရာ သူသည်မြေပြင်ပေါ်သို့ လွင့်စဉ်ပြုတ်ကျသွားပါသည်။

ထိုအခါ သူဝတ်ထားသောလက်စွပ်မှ တာကွိုက်ကျောက်သည် ကွဲအက်ပြုတ်ထွက်သွားပါသည်။

ဤသည့်မှာ သူ့အားပြင်းထန်စွာ အနာတရမဖြစ်အောင်တာကွိုက်ကျောက်က ကယ်တင်ပေးလိုက်သည်ဟု သူက ယုံကြည်ခဲ့ပါသည်။

အခြားစာရေးဆရာ တစ်ယောက်ဖြစ်သူ ဗန်ဟယ်(လ)မောင့်(Van Helmont)က ဖော်ပြချက်မှာ ဤသို့ဖြစ်သည်။

"မည်သူမဆို တာကွိုက်ကျောက်ကို အသားနှင့်ထိ၍ ဝတ်ဆင်ထားပါက မည်သည့်အမြင့်မှ ပြုတ်ကျသည်ဖြစ်စေ အောက်သို့ကျလာသည့် သက်ရောက်အားများကို တာကွိုက်ကျောက်မှ စုပ်ယူသွားပြီး လူကိုကယ်တင်သောကြောင့် ကျောက်တွင်အက်ရာများ ဖြစ်ပေါ်စေသည်။

သို့ရာတွင် အချို့သော ဗီလီနာ(Villena)မြို့စားမင်းတို့၏ ပြောပြချက်များနှင့် အနည်းငယ်ကွာဟမှု ရှိပါသည်။

မြို့စားမင်းတစ်ဦးသည် နန်းတွင်း ပျော်တော်ဆက်သူ တစ်ဦးအား. . .

"တာကွိုက်ကျောက်၏ ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် ဂုဏ်သတ္တိဆိုတာဘာလဲ"

ဟု မေးမြန်းခဲ့သည်။

ထိုပျော်တော်ဆက်မှ ပြန်လည်ဖြေကြားခဲ့သည်မှာ. . .

"အရှင်မင်းမြတ် တာကွိုက်ကျောက်ကိုဝတ်ဆင်၍ အမြင့်ဆုံး မြို့ရိုးပေါ်ရှိ ရဲတိုက်ပေါ်သို့တက်ကာ မြို့ရိုးအောက်ခြေရှိ မြေကွက်လပ်သို့ ခုန်ချလိုက်ပါ။ ထူးဆန်းသည့်တာကွိုက်ကျောက်၏ ဂုဏ်သတ္တိမှာ မကျိုးမပဲ့ဘဲ ကျန်ရှိနေပါလိမ့်မည်။

ဟူ၍ဖြစ်သည်။

အင်ဆယ်(လ)မတ်ဒီဘုု(ထ)(Ansekmusde Boot)ကလည်း "ဖန်မြင့်ပြုလုပ်ထားသည့် နာရီထိုးသော ခေါင်းလောင်း၏ အလယ်တည့်တည့်တွင် နာရီထိုးရန်အတွက် တာကွိုက်ကျောက်ကို ကျစ်ကြိုးဖြင့်ချည်၍ တွဲလောင်းချထားသည်"ဟု ရေးသားခဲ့သည်။

ဖက်ရှင်မှတ်တမ်းတစ်ခုတွင်လည်း ဝတ်စားဆင်ယင်ထားသော ယောက်ျားများသည် တာကွိုက်လက်ဝတ်ရတနာများ မပါရှိပါက သူတို့ကိုယ်သူတို့ ပုံကျပန်းကျ ဖြစ်သည်ဟု မထင်ကြောင်း ရေးသားထားသည်ကို တွေ့ရှိခဲ့ပါသည်။

တာကွိုက်ကျောက်သည် ဆေးကုသနိုင်သော အစွမ်းနှင့် ပြည့်စုံသည်ဟု ၁၅-ရာစုနှစ်က လူများက ယုံကြည်ခဲ့ကြ





www.burmeseclassic.com

www.burmeseclassic.com



သည်။

၁၅-ရာစုနှစ်မှ သမားတော်ကြီးများက တာကွိုက်ကျောက်ကို သူတို့၏ ဆေးလွယ်အိတ်များထဲတွင် ထည့်သွားလေ့ရှိသည်။ သူတို့က တာကွိုက်ကျောက်သည် အဆိပ်သင့်ခြင်းကို ဖြေဆေးအနေဖြင့် ကုသနိုင်သည်ဟု အခိုင်အမာပြောဆိုခဲ့ကြသည်။

သူတို့သည် မှုန့်ညက်နေအောင် ထောင်ထားသော တာကွိုက်အမှုန့်များကို နဆေးရည်ပြုလုပ်၍ ကင်းမီးကောက်ကိုက်ခြင်းအတွက် အစွမ်းထက်သော ဖြေဆေးအနေဖြင့်လည်းကောင်း၊ မကောင်းဆိုးဝါးများ ပူးကပ်နေခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါဝေဒနာများကို ကုသရာတွင်လည်းကောင်း အသုံးပြုခဲ့ကြပါသည်။

သူတို့က တာကွိုက်ကျောက်ကို စူးစိုက်ကြည့်ပါက စိတ်ကိုအေးချမ်းငြိမ်သက်စေပြီး မျက်ကြောများ ညောင်းညာခြင်းကို ပြေစေသည်ဟု ယုံကြည်ကြသည်။

တာကွိုက်ကျောက်သည် ဝတ်ဆင်သူ၏ ကျန်းမာရေးကိုညွှန်ပြပြီး တာကွိုက်ကျောက်၏ အရောင်မှိန်လာပါက ဝတ်ဆင်သောသူသည် ဖျားနာတော့မည်ဟု ဖော်ပြပါသည်။

တာကွိုက်ကျောက်ကို ဝတ်ဆင်သောသူ သေဆုံးသွားသောအခါ တာကွိုက်၏အရောင်သည် နဂိုမူလအရောင် လုံးဝကွယ်ပျောက်သွားသည်။





ထိုတာကွိုက်ကျောက်ကို ကျန်းမာသော ပိုင်ရှင်အသစ်မှ ပြန်လည်ဝတ်ဆင်သောအခါ တာကွိုက်၏အရောင်သည် နဂိုမူလအရောင်ကို ပြန်လည်ရရှိစေပါသည်။

ပထမမြောက် အဲလိဇဘက်ဘုရင်မကြီး၏ သံတော်ဆင့်လုပ်သူ ဆာဂျွန်ဟော်ဆေ(Sir John Horsey)က ဇာဘုရင် အိုင်ဗန်(Ivan)သည် တာကွိုက်ကျောက်အပေါ် အလွန်အမင်း ယုံကြည်မှု ရှိသူဖြစ်သည်။

"တာကွိုက်ကျောက်သည် ဝတ်ဆင်သူကို အတုမရှိ ကိုယ်ချင်းစာတရားနှင့် ပြည့်စုံစေ၍ တာကွိုက်ကျောက်သည် အရောင်မှိန်ပြီး ရောဂါဝေဒနာများ ခံစားနေရသောအခါ အကြင်နာတရားများကို ရရှိစေသည်။

ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

၁၈-ရာစုနှစ်က စာရေးဆရာ အများစုသည် ဤယုံကြည်ချက်များကို ဖြန့်ဝေခဲ့ကြပြီး သူတို့၏ စာအုပ်များထဲတွင် ထည့်သွင်းရေးသားခဲ့ကြသည်မှာ ဤသို့ဖြစ်သည်။

တာကွိုက်ကျောက်ကိုဝတ်ဆင်သူသည် အန္တရာယ်များ ကျရောက်တော့မည်ဆိုပါက ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် တာကွိုက်၏အရောင်သည် မှိန်သွားသည်။

တာကွိုက်ကျောက်အနေဖြင့် ဝတ်ဆင်သူကိုသတိပေးသို့ ဟိုဖော်ပြထားခြင်းဖြစ်သည်။

ပါးရှန်းလူမျိုးများသည် မိုးပြာရောင်တာကွိုက်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



၏ အရောင်အနုအရင့်ကိုကြည့်၍ တစ်နေ့တာအတွက် ရာသီဥတုအခြေအနေကို နိမိတ်ဖတ်ခဲ့ကြသည်။

နံနက်ပိုင်းတွင် တာကျိုက်ကျောက်၏ အရောင်သည် တောက်ပသော အပြာရောင်ရှိပါက ထိုနေ့အတွက်ရာသီဥတု သာယာ၍ ပျော်ရွှင်သော နေ့တစ်နေ့ ဖြစ်မည်ဟု ကြိုတင်ဟောကိန်း ထုတ်နိုင်ခဲ့ကြပါသည်။

ထို့အပြင် တာကျိုက်ကျောက်သည် ကံကောင်းစေပြီး မကောင်းဆိုးဝါးများကို တွန်းလှန်နိုင်ခြင်း၊ ကိုရမ်ကျမ်းပေါ်တွင် လရောင်ဆမ်းထားသကဲ့သို့ လရောင်ကိုလည်း တာကျိုက်ကျောက်ပေါ်တွင် မြင်တွေ့ရမည်ဟု ပြောပါသည်။

တာကျိုက်ကျောက်နှင့် ပတ်သက်သော အခြားယုံဆချက်များလည်း ရှိပေသည်။

တာကျိုက်ကျောက်သည် ရက်ရောခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့၏ သင်္ကေတဖြစ်ပါသည်။

တာကျိုက်ကျောက်သည် ရန်သူများကိုမိတ်ဆွေဖြစ်စေပြီး မိတ်ဆွေများကိုလည်း ဆက်လက်ထိန်းသိမ်းပေးပါသည်။

တာကျိုက်ကျောက်ကို ဝယ်ယူခြင်းမဟုတ်ပဲ လက်ဆောင်ရရှိပါက ကံကောင်းခြင်းများကို ရရှိစေပါသည်။

တာကျိုက်ကျောက်ကို အိပ်မက်မြင်မက်ပါက စီးပွားရေးတွင်အောင်မြင်စေပါသည်။

တာကျိုက်ကျောက်သည် စနေနေ့တွင် ကံကောင်းခြင်း





များကို ဆောင်ကြဉ်းလာတတ်ပါသည်။

ဒေါက်တာမင်းထင်ကျော်က တာကျိုက်ကျောက်နှင့် ပတ်သက်ပြီး လေ့လာထားသော အကြောင်းများအား ပြောပြရာ ခင်မျိုးနွယ်ကလည်း နံဘေးမှ စိတ်ဝင်စားစွာ နားထောင်နေသည်။

"မောင်ပြောသလိုပဲ ဒီလောက်ရှားပါးပြီး တန်ဖိုးကြီးတဲ့ လည်ဆွဲရတနာကို ကျွန်မတို့နဲ့ထိုက်လို့သာ ရတာဖြစ်မှာပေါ့နော်"

"ကိုယ်တို့နှစ်ယောက်အတွက် နွယ့်မေမေက မင်္ဂလာလက်ဆောင်ပေးတာပဲ ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ လည်ဆွဲရတနာ ရတာထက် မောင်နဲ့ဆုံဆည်းခွင့်ရတာက ပိုပြီးကျေနပ်စရာ ကောင်းပါတယ်"

"ကိုယ်ကလည်းမမျှော်လင့်ပဲ နွယ်နဲ့ ဆုံဆည်းခွင့်ရပြီး နွယ်ရဲ့ မေတ္တာကိုပါ ရခဲ့တဲ့အတွက် ကျေနပ်ဝမ်းသာမိပါတယ်"

ဟုပြောဆိုကာ ချစ်သူကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [၁၃]

# ကလဲ့စားချေလိုသော ဝိညာဉ်များ

ချိန်က ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာပြီ ဖြစ်သည်။ လမိုက်ရက်ဖြစ်သည်ကတစ်ကြောင်း ပတ်ဝန်းကျင်တစ်ဝိုက်တွင် မီးရောင်များမရှိသဖြင့် အမှောင်ထုများက ပုံသွင်းထားလေသည်။ ကမ်းခြေနှင့်နီးသော နေရာများတွင် လူသူနေထိုင်မှု မရှိသလောက်နည်းပါးသောကြောင့် ပခုက္ကူသို့မှောင်



www.burmeseclassic.com

www.burmeseclassic.com



မိုက်သော အချိန်မျိုးရောက်လျှင် တိတ်ဆိတ်ငြိမ်သက်နေတတ်ပေသည်။

ကမ်းခြေဘက်မှ တဝုန်းဝုန်းနှင့် လာရောက်ရိုက်ခတ်နေသော တရှိန်းရှိန်းနှင့် အော်မြည်နေသော လေတိုးသံများသာ ပေါ်ထွက်နေလေသည်။

တရှိန်းရှိန်းနှင့် အော်မြည်နေသော လေတိုးသံများမှာ မြွေတစ်ကောင်နှာမှုတ်နေသော အသံမျိုးနှင့် တူလှပြီး လှိုင်းပုတ်သံများမှာ ဗျောတုတ်သကဲ့သို့ စည်းချက်ဝါးချက်ညီစွာဖြင့် ပေါ်ထွက်နေခြင်းဖြစ်သည်။

ထိုကဲ့သို့သောအချိန်မျိုး ရောက်လာသောအခါ နရဏီသိဒ်ိ စံအိမ်ကြီးမှာ မီးရောင်မမြင်ရတော့ပဲ တိတ်ဆိတ်ငြိမ်သက်နေတတ်လေသည်။

ယခင်က လူများများနှင့် သိုက်သိုက်ဝန်းဝန်းနေကြသော ထိုအိမ်ကြီးတွင် ယခုအခါမှာတော့ လူနည်းစုများလောက်သာ ရှိတော့သည်။

အောက်ထပ်တွင် ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့နေကြပြီး အပေါ်ထပ်မှာတော့ ဦးမောင်လွင်နှင့် ခင်မျိုးနွယ်တို့ သားအဖနေသည်။ ဦးမောင်လွင် ခရီးထွက်ရသောရက်များတွင် ဒေါက်တာမင်းထင်ကျော်က အပေါ်ထပ်မှာ လာနေပေးသည်။

အောက်ထပ်တွင် အိမ်ဖော်အချို့ ရှိသော်လည်း ညအချိန်ရောက်လာသောအခါ အနောက်ဘက်၌ရှိသော ဇရင်းတို့အ





ခန်းများ၌သာ နေကြသည်။

ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့မှာလည်း ညအချိန်ရောက်လာသည်နှင့် အခန်းတံခါးပိတ်လျက်နေကြပေရာ တစ်အိမ်လုံး လူမရှိသကဲ့သို့ တိတ်ဆိတ်နေပေတော့သည်။

ထိုကဲ့သို့နေကြရခြင်းမှာလည်း အခြားအကြောင်းတော့ မဟုတ်ပေ။ ယခုရက်ပိုင်းရောက်လာမှ နရဏီသိဒ်ိစံအိမ်ကြီးတွင် အခြောက်အလှန့် များလာသောကြောင့် ဖြစ်သည်။

ရောက်စအချိန်က ဒေါက်တာမင်းထင်ကျော်တို့နေသော အိမ်ဘက်မှာ တစ္ဆေသရဲတို့၏ ခြောက်လှန့်မှုရှိပြီး ဒီဘက်အိမ်ကြီးမှာတော့ မတွေ့ရပေ။

နောက်ပိုင်း ကျော့ဝေနှင့် မေရီကျော်တို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေခဲ့ကြပြီးသည့် နောက်မှာတော့ ဒီဘက်အိမ်ကြီးတွင် အခြောက်အလှန့် ပိုများလာသည်။

ယခုကဲ့သို့ အမှောင်ထုများဖုံးနေသော အချိန်များရောက်လာသည့်အခါ ပိုဆိုးလာတတ်သည်။

ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့မှာ တစ်ယောက်တစ်ခန်းစီ နေကြသော်လည်း အခန်းချင်းက မဝေးလှပေ။ သို့သော် တစ်ခန်းမှာ တစ်ခုခုဖြစ်နေသည့်အခါ ကျန်အခန်းက မသိနိုင်ပေ။

ခင်မျိုးသွယ်မှာ အခန်းတွင်းမှာ တစ်ယောက်တည်းရှိနေရင်းနှင့် ထိတ်လန့်ကြောက်ရွံ့နေလေသည်။ သူမအနေနှင့် ညဘက်ရောက်လာလျှင် သူ့ရဲခြောက်ခံရမည်ကို စိုးရိမ်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်နေခြင်းဖြစ်သည်။

ထိုသို့ခြောက်လှန့်မှုများတွင် သူမ၏ ယောက်ျားဖြစ်သူကိုကျော့ဝေကိုလည်း မကြာခဏ တွေ့ရသည်။ ကျော့ဝေအပြင် မေရီကျော်ကိုလည်း မကြာခဏ တွေ့မြင်ရသည်။

၎င်းတို့နှစ်ယောက်စလုံးမှာ ထိုအိမ်ကြီး၌ပင် ရှေ့ဆင့်နောက်ဆင့် သေသွားကြသူများဖြစ်သောကြောင့် မကျွတ်မလွတ်သောဘဝဖြင့် နရကီသိမ်စံအိမ်ကြီး၌ ရှိနေကြဟန်တူလေသည်။

ခင်မျိုးသွယ်တစ်ယောက် ညဉ့်နက်ပိုင်းအချိန် ရောက်သည်အထိ အတွေးကောင်းနေစဉ်မှာ အပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာနေသော ခြေသံလိုလို ကြားရသည်။

တိတ်ဆိတ်နေသော အချိန်ဖြစ်သဖြင့် တရှပ်ရှပ်နှင့် လျှောက်လာနေသော ခြေသံတို့ကို ကြားနေရခြင်း ဖြစ်၏။

"ဒေါက်. . ဒေါက်. . ဒေါက်"

မရှေးမနှောင်းမှာပင် တံခါးခေါက်သံ ကြားရသည်။

ထိုကဲ့သို့ တံခါးခေါက်သံကြားရခြင်းကို ခင်မျိုးသွယ် နားထဲတွင် ဗုံးတစ်လုံး ပေါက်ကွဲသံ ကြားရသကဲ့သို့ လန့်ဖျတ်သွားလေသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

"ဘယ်. . ဘယ်သူလဲ"

"ငါတို့ပါ"

အပြင်ဘက်မှ လေသံတိုးတိုးပြန်ပြောသောအသံကို





သဲ့သဲ့ကြားရသည်။ ထိုသို့ပြောသဖြင့် မိမိအိမ်သားတစ်ယောက်ဖြစ်သည်ထင်သဖြင့် နေရာမှသွားပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဟင်. ."

အပြင်ဘက်မှ လေသံတိုးတိုးဖြင့် ပြန်ပြောသော အသံကို သဲ့သဲ့ကြားရသည်။ ထိုသို့ပြောသဖြင့် မိမိအိမ်သား တစ်ယောက်ဖြစ်သည်ထင်သဖြင့် နေရာမှထသွားပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဟင်. ."

အပေါက်ဝမှာ လူနှစ်ယောက်ရပ်နေကြသည်။ ဦးခေါင်းပေါ်မှာ အဝတ်များ ခြုံထားသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိရသော်လည်း မိမိအိမ်မှာနေသူများ မဟုတ်မှန်းတော့ သိလိုက်သည်။

"ဘယ်. . ဘယ်သူတွေလဲ"

"ငါတို့ကိုတောင် မမှတ်မိတော့ဘူးလား"

ဟု အသံသြသြကြီးဖြင့် ပြန်ပြောသည်။

ခင်မျိုးသွယ်မှာ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေစဉ်မှာ ရပ်နေသူနှစ်ဦးက ဦးခေါင်းပေါ်၌ခြုံထားသော အဝတ်များကို အသီးသီး ဖယ်ချလိုက်သည်။

"အမယ်လေး. ."

ခင်မျိုးသွယ် ပါးစပ်မှအသံထွက်သွားသော်လည်း ကျယ်ကျယ်လောင်လောင်တော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် အထိတ်တလန့်ဖြင့် ပါးစပ်ကို လက်ဝါးဖြင့် ပိတ်လိုက်မိသောကြောင့် ဖြစ်သည်။

အခန်းပေါက်ဝမှာ ရပ်နေသူနှစ်ဦးမှာ အခြားတော့ မဟုတ်ပေ။ သေဆုံးသွားခဲ့သည်မှာ ကြာပြီဖြစ်သော ဦးစံကျော်နှင့် ဒေါ်ဝေတို့ နှစ်ဦးပင်ဖြစ်၏။

၎င်းတို့နှစ်ဦးသည် ခင်မျိုးသွယ်၏ယောကျ်ား ကျော့ဝေ၏ မိဘများဖြစ်ကြသည်။ ကျော့ဝေနှင့် လက်ထပ်ပြီးစအချိန်က မောင်းတောမှာရှိသော ၎င်းတို့နေအိမ်ကြီးတွင် လအတော်ကြာသည်အထိ အတူတူနေခဲ့ကြဖူးပေသည်။

နောက်ပိုင်း ခင်မျိုးသွယ်တို့လင်မယားက နရဏီသိမ်စံအိမ်သို့ ရွှေပြောင်းနေထိုင်ကြသော်လည်း တစ်ခါတစ်ရံ မောင်းတောနေအိမ်တွင် သွားရောက်နေထိုင်ခဲ့ကြသည်။

ထိုအချိန်က ခင်မျိုးသွယ်မှာ သာမန်ဘဝအခြေအနေသာရှိသေးသဖြင့် ပစ္စည်းဥစ္စာ ချမ်းသာပြည့်စုံသော ဦးစံကျော်နှင့် ဒေါ်ဝေတို့အပေါ်တွင် ချွေးမကောင်းတစ်ဦးဖြစ်ခဲ့လေသည်။

နောက်တော့ ဦးမောင်လွင်က ညီဖြစ်သူ ဦးမင်းဒင်ကို ခေါ်ပြီး ကြည့်ရှုစောင့်ရှောက်ပေးသည်။

နရဏီသိမ်စံအိမ်ကြီး ဝယ်ယူပြီးနောက်မှာလည်း အတူတူပင် နေထိုင်ကြသည်။ ထိုအခြေအနေမျိုး ရောက်တော့မှ ခင်မျိုးသွယ်က အသွင်ပြောင်းသွားခြင်း ဖြစ်သည်။

နောက်ပိုင်းတော့ ရွှေ့ဆင့်နောက်ဆင့်ဆိုသလို ဦးစံ





ကျော်နှင့် ဒေါ်ဝေတို့နှစ်ယောက်စလုံး သေဆုံးသွားကြသည်။

ထိုအခါ ကျန်ခဲ့သော ဥစ္စာပစ္စည်းများကို သားဖြစ်သူ ကျော့ဝေနှင့် သမီးဖြစ်သူ ခင်မွှေသီတို့နှစ်ယောက်က ခွဲဝေယူကြရလေသည်။ ယခုတော့ အမွေရခဲ့သောပစ္စည်းများပင် မရှိတော့ပေ။

"နင် ငါတို့ကိုမှတ်မိသေးရဲ့လား"

အသံသြသြကြီးနှင့် မေးသဖြင့် ခင်မျိုးသွယ်မှာ ကြောက်လန့်တကြားနှင့် တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်သည်။

ထိုအချိန်မှာ အရိုးပျိုင်းပျိုင်းထနေသော လက်တစ်ဖက်က တံခါးကြားထဲ ညပ်နေသဖြင့် ပိတ်မရသောကြောင့် ကြောက်လန့်တကြား အော်တစ်လိုက်သည်။

"အမေ. . အမေ. . လာပါဦး"

သူမအော်သံကြားသဖြင့် ဦးမင်းဒင်က လက်နှိပ်မီးတစ်ဖက်၊ သေနတ်တစ်ဖက်ကိုင်ကာ ထွက်လာလေသည်။

၎င်းထွက်လာတော့မှ တံခါးကြား၌ညပ်နေသောလက်က ပျောက်ကွယ်သွားလေသည်။

"ခင်မျိုးသွယ် ဘာဖြစ်တာလဲ"

ဦးမင်းဒင်ရောက်လာတော့မှ ခင်မျိုးသွယ်က တံခါးပြန်ဖွင့်လိုက်သည်။ ဦးမင်းဒင် အခန်းတွင်းဝင်လာသည်။

ခင်မျိုးသွယ်က မြင်တွေ့ခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရောက်လာကြပြီ"

"ဟင်. . ဘယ်သူတွေလဲ"

"သေသွားတဲ့ ကိုကျော့ဝေရဲ့ အဖေနဲ့အမေရောက်လာကြတယ်"

ထိုစကားကြားရတော့ ဦးမင်းဒင်ပါ မျက်လုံးပြူးသွားလေသည်။

"ဒီအတိုင်းဆိုရင် ဟုတ်နေပြီထင်တယ်"

"ဘယ်လိုဟုတ်တာလဲ အဖေ"

"ညဦးပိုင်းလောက်တုန်းက အပြင်ဘက်က မှန်တံခါးကိုလာပုတ်လို့ ကြည့်လိုက်တော့ ပြတင်းပေါက်နားမှာ ရပ်နေတဲ့ သူတို့နှစ်ယောက်ရဲ့ မျက်နှာတွေကို သေသေချာချာ တွေ့လိုက်ရတယ်"

"ဟင်. . ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ကြမလဲ အဖေ"

ဦးမင်းဒင်က အံကိုကြိတ်ထားပြီး အတော်ကြာအောင် စဉ်းစားနေလေသည်။

"ဒီအကြောင်းတွေကို ဘယ်သူမှသိလို့ မဖြစ်ဘူး၊ တစ်ခုခုတော့ လုပ်မှဖြစ်တော့မယ်"

"ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်"

"ဒီကိစ္စတွေက ဆာဒူးတွေကနိုင်တယ်၊ ဒီမှာလာပြီးအလှူခံသွားတဲ့ ဆာဒူးကြီးက ဗုဒ္ဓါမော်ကျောက်လိုဏ်ခေါင်းထဲမှာ နေတယ်လို့ ပြောသံကြားတယ်၊ ငါတို့ သွားတွေ့ပြီးအကူအညီ





တောင်းကြရင် မကောင်းဘူးလား"

"အဖေ့သဘောပဲ၊ ဒီအတိုင်းသာ နေရင်တော့ မကြာခင် သေရတော့မှာပဲ"

ထိုသို့ပြောဆိုတိုင်ပင်ပြီး နောက်တနေ့ ညနေပိုင်းအချိန်လောက်တွင် တောင်ဘက်စွန်း၌ရှိသော ဗုဒ္ဓါမော်ဘက်သို့ သားအဖနှစ်ယောက် သွားကြလေသည်။

အိမ်မှာရှိသော ဂျစ်ကားနှင့်သွားကြခြင်းဖြစ်ပြီး ထိုနေရာရောက်တော့ ဂျစ်ကားကိုလမ်းဘေးတစ်နေရာ၌ ရပ်ထားခဲ့ပြီး ခြေလျင်သွားကြရသည်။

ကျောက်လိုဏ်ခေါင်း ရှိရာရောက်တော့ လိုဏ်ခေါင်းထဲတွင် ငြိမ်သက်စွာထိုင်နေသော ဆာဒူးကြီးနှင့် အဆင်သင့်ပင် တွေ့ရသည်။ ဆာဒူးကြီးက အတော်ကြာသည်အထိ မျက်စိမဖွင့်ပဲ ထိုင်နေသောကြောင့် အတော်ကြာသည်အထိထိုင် စောင့်ကြရလေသည်။

နေဝင်ကာနီးအချိန်ရောက်တော့မှ ဆာဒူးကြီးက မျက်စိပြန်ဖွင့်လာသည်။

"ခင်ဗျားတို့ ရောက်လာပြီလား၊ ခင်ဗျားတို့ လာမယ်ဆိုတာ ကြိုတင်သိလို့ ဘယ်မှမထွက်ပဲ စောင့်နေတာပါ"

ဟုပြောကာ ရှေ့သို့ထွက်လာလေသည်။

"ဆာဒူးကြီးဆီမှာ အကူအညီတောင်းစရာရှိလို့ လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးက အတန်ကြာအောင် မျက်စိမှိတ်ထားပြီးမှ ပြောသည်။

"တမလွန်ရောက်နေကြတဲ့ ဝိညာဉ်တွေက မကျေနပ်လို့ လာရောက်ခြောက်လှန့်နေတာဖြစ်မှာပေါ့၊ ကြာလာရင် ခင်ဗျားတို့ အသက်အန္တရာယ် ရှိလာလိမ့်မယ်"

"ဒါကြောင့် ခင်ဗျားဆီလာတာပါ၊ အကူအညီပေးနိုင်ရင်ပေးပါ"

"ဝိညာဉ်တွေက ဆေးဝါးအစီအရင်တွေကို ကြောက်ရွံ့ကြတယ်၊ ခင်ဗျားတို့နှစ်ယောက် သိဒ္ဓိရှိတဲ့ဆေးကိုသောက်ထားရင် နောက်ထပ်သူတို့မလာဝံ့ကြတော့ပါဘူး"

ထိုစကားကြားသောအခါ ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့မှာ များစွာအားရှိသွားကြလေသည်။

"ဒါဖြင့်လည်း အဲဒီဆေးကိုသာ အမြန်ပေးပါ၊ ဆာဒူးကြီးအတွက် စားသောက်စရာတွေနဲ့ လိုတာတွေကို နောက်တစ်နေ့ လာပို့ပေးပါမယ်"

"တစ်ခုတော့ ရှိတယ်နော်၊ အဲဒီဆေးသောက်လိုက်ပြီးရင်တော့ ဘဝတစ်ပါးရောက်နေတဲ့ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ တွေ့ရပါလိမ့်မယ်၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့ သူတို့က အန္တရာယ် မပေးနိုင်ကြတော့ပါဘူး"

ထို့နောက် ဆာဒူးကြီးက ရှင်းလွယ်အိတ်အတွင်းမှာရှိသော ဆေးအချို့ကိုယူ၍ ရေဖြင့်ဖျော်ကာ ဦးမင်းဒင်နှင့် ခင်မျိုး





သွယ်တို့အား တစ်ယောက်တစ်ခွက်စီဖျော်တိုက်ရာ သောက်လိုက်ကြသည်။

ထိုသို့သောက်ပြီး မကြာခင်မှာပင် နှစ်ယောက်စလုံး သတိမေ့လဲကျသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း [၁၄]

# အဘိဇ္ဈာမျက်စောင်းနှင့် အကျဉ်းသိုလ်များ

ရာမှာ စစ်တွေမြို့ တောင်ဘက်ပိုင်းတွင်ရှိသော ဖြစ်လေသည်။ ဂါတ်တဲမှာ တောင်ဘက်ပိုင်း တောင်ကုန်း တစ်ကုန်းပေါ်၌ ရှိလေသည်။ ကျယ်ဝန်းသောနေရာတွင် သံဆူး ကြိုးများ ကာရံထားပြီး အတွင်း၌ ဂါတ်တဲအဆောက်အအုံ အချုပ်သားများထားသော အခန်းများရှိသည့် အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပုလိပ်များနေသော တန်းလျားများရှိသည်။

ဂါတ်တဲအဆောက်အအုံမှာ ကိုလိုနီခေတ်ကတည်းက ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်သဖြင့် အောက်ခံအုတ်တိုက်အပေါ်ထပ်တွင် ပျဉ်ကာ၊ အုတ်ကျွပ်မိုးထားသော တစ်ထပ်ရှိသည်။ ပျဉ်ချပ်များကို ရေနံသုပ်ထားသဖြင့် မည်းနေသော်လည်း အုတ်သားများကိုတော့ နီညိုရောင် သုတ်ထားလေသည်။

အောက်ထပ်တွင် ဂါတ်စာရေး ရုံးခန်းရှိပြီး အပေါ်ထပ်မှာတော့ ရာဇဝတ်အုပ် ဦးမင်းဟန်အခန်းရှိလေသည်။ ဦးမင်းဟန်အခန်းထဲမှာတော့ လူစုံတက်စုံ ရှိနေကြသည်။

ဦးမင်းဟန်အပြင် ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းတို့အပြင် ရန်ကုန်ဂါတ်မှခဏရောက်လာသောစုံထောက်ကျော်စွာပါ ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စုံထောက်ကျော်စွာရောက်လာသဖြင့် များစွာအားရှိသွားလေသည်။

ဦးမင်းဟန်က ဧည့်သည်များကို ကော်ဖီ၊ စီးကရက်တို့ဖြင့် ဧည့်ခံကာ စကားပြောနေကြသည်။

"တောင်ဘက် ကမ်းခြေဘက်မှာရှိတဲ့ နရဏီသိန်စံအိမ်ကြီးကတော့ နေတဲ့သူတွေကို ခိုက်တဲ့နေရာတစ်ခုဖြစ်မယ် ထင်တယ်ဗျ၊ ကျုပ်သိရသလောက်တော့ အရင်နေခဲ့တဲ့သူတွေလည်း မဟန်ဘူး၊ အခုလူတွေကျတော့ ပိုဆိုးလာတယ်"

"ဘယ်လိုဆိုးတာလည်းဆရာ"





ယခုမှရောက်လာသော စုံထောက်ကျော်စွာက စိတ်ဝင်စားစွာ ဝင်မေးလိုက်သည်။

"အဲဒီမှာနေတဲ့သူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတယ်၊ ဒါ့ပြင် အခုရှိတဲ့နှစ်ယောက်ပါ အစအန သတင်းမကြားရတော့ပဲ ပျောက်သွားပြန်တယ်"

ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့ ပြန်ရောက်မလာသဖြင့် လိုက်လံရှာဖွေကြရာ ထွန်းအောင်ခိုင်ပျောက်သွားစဉ်က သူစီးသွားသော ဂျစ်ကားကို ပြန်တွေ့သော နေရာတစ်ဝိုက်မှာပင် ဦးမင်းဒင်တို့ သားအဖစီးသွားသော ဂျစ်ကားကို ပြန်တွေ့ရသည်။ သို့ကြောင့် ဗုဒ္ဓါမော်တစ်ဝိုက် လိုက်လံရှာဖွေကြသော်လည်း အစအနပင်မတွေ့ရပေ။

ထိုနေရာမှာ ရောက်နေသည်ဆိုသော ဆာဒူးကြီးလည်း မရှိတော့ပေ။

"ဆရာ ဘယ်လိုယူဆသလဲ"

ဦးမင်းဟန်က ဒေါက်တာမင်းထင်ကျော်ကိုမေးလိုက်သည်။ ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကိုဖွာနေရာမှ လက်စသပ်လိုက်သည်။

"နှစ်ယောက်စလုံး ပျောက်သွားတာဆိုတော့ ရေထဲဆင်းပြီး သေသွားတာမျိုးတော့ ဟုတ်မယ်မထင်ပါဘူး၊ ကျွန်တော့်အထင်ပြောရရင်တော့ အခုဖြစ်နေတာတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်ဆိုတော့ သေချာပါတယ်၊ ပြီး သေချာ



www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ကျွန်တော်တို့ဖမ်းထားတဲ့သူကိုခေါ်ပြီး မေးကြည့်ရင် ပိုကောင်းမယ်ထင်တယ်"

ထိုသို့ပြောသဖြင့် ဦးမင်းဟန်က အပြင်ဘက်တွင် ရှိနေသော ပုလိပ်တစ်ယောက်ကို တစ်စုံတစ်ခုကို လှမ်းပြောလိုက်ရာ အတန်ကြာတော့ ပုလိပ်က လက်ထိပ်ခတ်ထားသော လူတစ်ယောက်ကိုခေါ်လာပြီး အခန်းတွင်းပို့ပေးသည်။

ပျောက်နေသော ထွန်းအောင်ခိုင်ပင်ဖြစ်၏။

အခန်းတွင်းရောက်တော့ လက်ထိပ်ဖြုတ်ပေးလိုက်သည်။ ထွန်းအောင်ခိုင်က အခန်းထဲမှာ ဒေါက်တာမင်းထင်ကျော်ကိုပါမြင်တော့ အံ့ဩသွားဟန်ရှိသည်။

"ကျုပ်ကိုဘာဖြစ်လို့ဖမ်းပြီး ဒီနေရာခေါ်ထားတာလဲ"

"အပိုတွေ ပြောမနေပါနဲ့တော့ ထွန်းအောင်ခိုင်ရယ်၊ မင်းကိုဖမ်းထားတာက ကျော့ဝေကိုသတ်တဲ့အမှုနဲ့ ဖမ်းထားတာပေါ့၊ ငါတို့ဆီမှာ သက်သေခံအချက်အလက်တွေလည်း ရှိပါတယ်၊ မင်းအခန်းထဲမှာ ဝှက်ထားတဲ့ ရန်ကုန်က ပါဆယ်ထုပ်နဲ့ ပို့ပေးလိုက်တဲ့ ကစားစရာ သေနတ်အပါအဝင်ပေါ့"

ထွန်းအောင်ခိုင်က မျက်လုံးအပြူးသားနှင့် ကြည့်နေလေသည်။

"ဗုဒ္ဓါမော်မှာတွေ့တုန်းက မင်းကိုယ်တိုင်ပဲ ဖြောင့်ချက်ပေးထားပြီးသားပဲ၊ ငြင်းမနေပါနဲ့တော့"

"ဒါဖြင့် အဲဒီညကတွေ့တဲ့ လူမည်းကြီးတွေက ခင်ဗျား





တို့ပဲ မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"ဒါပေမယ့် မင်းကိုကျည်ဆံအစစ်ထည့်ပြီး မသတ်ခဲ့ပါဘူး"

သို့ကြောင့် ထိုညက သေနတ်သံသာ ကြားရပြီး ထွန်းအောင်ခိုင် အသက်မသေခဲ့ခြင်းဖြစ်ပေသည်။

"မေရီကျော်ဆီက စိန်တွေက ခင်ဗျားဆီကို ဘယ်လိုရောက်နေတာလဲ"

"မင်းသိချင်ရင် ငါပြောပြပါ့မယ်၊ မေရီကျော်က သူ့မှာ အန္တရာယ်ရှိနေမှန်းသိတော့ ငါ့ကိုအကူအညီတောင်းတယ်၊ တကယ်လို့ သူ တစ်ခုခုဖြစ်သွားရင် သူဝှက်ထားတဲ့ နေရာက စိန်တွေကိုယူပြီး သူ့မိဘတွေဆီ ပြန်ပို့ပေးဖို့ အကူအညီတောင်းထားတယ်၊ ဒါကြောင့် သူသေသွားတော့ သူပြောထားခဲ့တဲ့နေရာက စိန်တွေကို ငါ ဝင်ယူထားလိုက်တယ်လေ၊ ဒါကြောင့် မင်းတို့ ဝင်ရှာတော့ မတွေ့ရတာပေါ့"

ထိုစကားကြားတော့ ထွန်းအောင်ခိုင်မှာ ကျိတ်မနိုင်ခဲမရ ဖြစ်နေလေသည်။

"မေရီကျော် ဘယ်လိုသေရတယ်ဆိုတာလည်း ငါတို့သိတန်သလောက်သိထားပြီးပါပြီ၊ မင်းတို့ သူ့ကိုဘယ်လိုကြံစည်ခဲ့တယ်ဆိုတာ ပြောပြဖို့တော့လိုမယ်၊ ဘာကြောင့်လည်းဆိုတော့ မင်းအဖေနဲ့ မင်းအစ်မနှစ်ယောက်စလုံး ပျောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်ခိုင်မှာ ပါးစပ်အဟောင်းသားဖြစ်ကာ အံ့ဩသွားလေသည်။

"သူတို့ ဘယ်ရောက်သွားပြီလဲ"

"ငါတို့လည်း အဲဒီအဖြေကိုပဲ သိချင်နေကြတာပဲ၊ မင်းက အဖြစ်မှန်တွေကို ပြန်ပြောပြမယ်ဆိုရင်တော့ သူတို့နှစ်ယောက်စလုံးရဲ့ အသက်ကိုကယ်နိုင်ဖို့ အခွင့်အရေး ရနိုင်ပါသေးတယ်"

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ ထွန်းအောင်ခိုင်မှာ စိတ်လျော့ချလိုက်ရသော အမူအယာဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် အောက်ပါအကြောင်းအရာတို့ကို ပြန်ပြောပြလေသည်။

တစ်ချိန်က ဦးမင်းဒင်တို့ မိသားစုမှာ သာမန်ဘဝ အခြေအနေသာ ရှိသည်။ မောင်းတောမှာနေကြသော ကျော့ဝေတို့က ချမ်းသာသည်။ နောက်တော့ ခင်မျိုးသွယ်က ကျော့ဝေနှင့် နီးစပ်ရန် ကြိုးစားပြီး လက်ထပ်လိုက်သည်။

လက်ထပ်ပြီးစအချိန်က ကျော့ဝေတို့အိမ်၌ လိုက်နေရသည်။ နောက်ပိုင်း ဦးမောင်လွင်က ညီဖြစ်သူအား နရကီသခ်စံအိမ်သို့ခေါ်ထားသောအခါ ကျော့ဝေလည်း ပါလာသည်။

သို့သော် မကြာခဏဆိုသလို မောင်းတောမှာရှိသောအိမ်၌ သွားရောက်နေထိုင်ကြသည်။ ထိုသို့ သွားရောက်နေထိုင်ကြသည့်အခါ တစ်ခါတစ်ရံ ဦးမင်းဒင်လည်း လိုက်လာတတ်သည်။





တစ်နေ့မှာတော့ ဦးမင်းဒင်မှာ ဟိမဝန္တာဘက်မှလာသော ဆာဒူးကြီးတစ်ယောက်နှင့်တွေ့သဖြင့် ကြောက်စရာကောင်းသော ဆေးတစ်မျိုး ရလာလေသည်။

မိစ္ဆာမျက်လုံးဆေးဟု အမည်ပေးထားသည့် ဆေးဖြစ်သည်။ ထိုဆေးကိုသောက်မိပါက ကြောက်စရာကောင်းသော တစ္ဆေသရဲများကို အနီးကပ်တွေ့မြင်ရသည်။ မြင်ရပါများသောအခါ နှလုံးသွေးပျက်ပြီးသေကြရသည်။

နောက်ထပ်လအနည်းငယ်ကြာတော့ ကျော့ဝေ၏ မိဘများဖြစ်ကြသည့် ဦးစံကျော်နှင့် ဒေါ်ဝေတို့နှစ်ယောက်စလုံး သေသွားကြသဖြင့် ကျော့ဝေနှင့် ညီမဖြစ်သူ ခင်မေစီတို့မှာ အမွေခွဲဝေယူကြရသည်။

"ဦးစံဝေနဲ့ဒေါ်ဝေတို့ ရှေ့ဆင့်နောက်ဆင့် သေရတာကို ချွေးမဖြစ်တဲ့ခင်မျိုးသွယ်လက်ချက်လို့ ဟိုဘက်က ထင်တယ် မဟုတ်လား"

ထိုသို့မေးတော့ ထွန်းအောင်ခိုင်က ဘာမှပြန်မပြောပေ။

"ထားပါတော့၊ မေရီကျော်ကရော ဘယ်လိုဖြစ်ပြီးသေတာလဲ"

"တစ္ဆေသရဲတွေ ရောက်လာပြီး သတ်ကြလို့သေရတယ်ထင်ပါတယ်"

"အဲဒီလိုရောက်လာအောင် ဦးမင်းဒင်က မိစ္ဆာမျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆေးတွေ ပေးခဲ့တယ်မဟုတ်လား"

"ဒါပေမယ့် သူ့ကိုကျွန်တော်တို့ မသတ်ဘူး"

"ဒါဖြင့် ဘယ်သူသတ်တာလဲ"

"လည်ပင်းမှာ အစွယ်ရာနှစ်ချက် တွေ့တယ်ဆိုတော့ သရဲကိုက်သတ်တာပဲ ဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်က ဘာမှထပ်မမေးတော့ပဲ စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း လေးလေးနက်နက် စဉ်းစားနေလေသည်။ အတန်ကြာတော့မှ . .

"မေရီကျော်က သရဲတွေသတ်လို့ သေရတာ မဟုတ်ပါဘူးကွာ၊ မင်းကိုယ်တိုင်သတ်လို့ သေရရှာတာပါ"

ဟု ပြောလိုက်သည်။

"ကျုပ်က ဘာကြောင့် သူ့ကိုသတ်ရမှာလဲ"

"သတ်ရခြင်းအကြောင်းက နှစ်ချက်ရှိတယ်၊ တစ်ချက်က သူ့ဆီမှာရှိတဲ့ စိန်တစ်ဆင်စာကို လိုချင်လို့၊ နောက်တစ်ချက်က ကျော့ဝေနဲ့ ဖောက်ပြန်တာကို ရန်ငြိုးထားပြီးသတ်ခဲ့တာ မဟုတ်လား"

"ခင်ဗျားစိတ်ကူးနဲ့ မှန်းပြောမနေနဲ့ ကျုပ်က ညဘက်ရောက်ရင် အိမ်မှာမနေဘူး၊ လောင်းကစားဝိုင်းလုပ်တဲ့ အိမ်မှာပဲ ရောက်နေတာဗျ"

"ဒါပေမယ့် မေရီကျော်သေတဲ့ညက မင်းပြန်သွားတာကို သက်သေခံမယ့်သူတွေ ရှိပါတယ်ကွာ၊ ညဦးပိုင်းမှာ ဦးမင်းဒင်





က ကြောက်စရာကောင်းတဲ့ မိစ္ဆာမျက်လုံးဆေးကို မေရီကျော်ကို ပေးခဲ့တယ်၊ ဆေးသောက်ပြီးတော့ သွေးရူးသွေးတန်းဖြစ်နေတုန်း မင်းပြန်ရောက်လာပြီး သရဲသတ်သွားသလို ပုံစံမျိုးနဲ့ သတ်သွားတာပါ။ မင်းမသိသေးတဲ့ အချက်က ဝိညာဉ်တွေက လူတစ်ယောက်ကိုပူးကပ်ပြီး သတ်ရင်သာရတယ်၊ သူတို့ချည်း သတ်လို့ မရကြဘူး၊ ဘာကြောင့်လည်းဆိုတော့ မီးခိုးငွေ့တွေလို မြူမှုန်တွေလို အကောင်အထည်မရှိကြလို့ပဲ"

"ခင်ဗျား ဘာကြောင့် တိတိကျကျ ပြောနိုင်တာလဲ"

"မေရီကျော်သေသွားပြီးတဲ့နောက်မှာ သူ့ဝိညာဉ်နဲ့ တွေ့ပြီးပါပြီ၊ သူကဘာကြောင့် ဒီနေရာမှာ ရှိနေသေးတာလည်းဆိုတော့ စိန်တစ်ဆင်ဆာကိုသူ့မိဘတွေလက်ထဲ ရောက်အောင် ပြန်ပို့မပေးရသေးလို့ပဲ၊ တကယ်လို့ မင်းနဲ့တွေ့ချင်လည်း ညအချိန်ရောက်ရင် ခေါ်ပေးလို့ရပါတယ်၊ အဲဒီလိုတွေ့ရင်တော့ သူ့ကိုဘယ်သူသတ်တယ်၊ ဘယ်ပုံဘယ်နည်းသတ်တယ်၊ သတ်တဲ့ လက်နက်ပစ္စည်းကိုရိယာက ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာပါ သေသေချာချာ ပြောပြပေးပါလိမ့်မယ်"

ထိုစကားကြားတော့မှ ထွန်းအောင်ခိုင်လည်း ခေါင်းစိုက်ကျသွားလေတော့သည်။

"ကျွန်တော်မှားခဲ့ပါတယ်ဗျာ၊ သူ့ကိုသတ်ခဲ့ပေမယ့် လိုချင်တဲ့ပစ္စည်းကိုတော့ ဘာမှမရခဲ့ပါဘူး"

"မင်းမှားခဲ့တာတွေထဲမှာ အဆိုးဆုံးတစ်ခုကို ပြရဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်”

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှာ ပါလာသော သေတ္တာငယ်တစ်ခုကို စားပွဲပေါ် တင်ပြီး အဖုံးဖွင့်ပြလိုက်သည်။

ယွန်းသေတ္တာထဲမှာတော့ ကတ္တီပါစဖြင့် ထုပ်ထားသော စိန်တစ်ဆင်စာက ရှိနေလေသည်။ ထိုစိန်များကိုမြင်တော့ ထွန်းအောင်ကျော်မှာ မျက်လုံးပြူးသွားလေသည်။

“ဒါ. . ဒါ မေရီကျော်ရဲ့စိန်တွေ မဟုတ်လား”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်ပါတယ် ဒါပေမယ့် အစစ်တွေတော့ မဟုတ်ပါဘူး”

“ဟင်. . ဘယ်လိုဖြစ်တာလဲ”

“မေရီကျော့်မိဘတွေက သူ့သမီးမျက်နှာမငယ်ရအောင် စိန်တစ်ဆင်စာ လက်ဖွဲ့ပေးလိုက်ပေမယ့် အစစ်တွေတော့ မဟုတ်ပါဘူး၊ စိန်အစစ်တွေက သူတို့ဆီမှာပဲ ရှိပါတယ်၊ ငါမေရီကျော်မိဘတွေနဲ့ တွေ့ပြီးပါပြီ၊ ဒီအကြောင်းတွေကလည်း သူတို့ ပြောလိုက်လို့ သိတာပါ”

“ဘာကြောင့် ဒီလိုလုပ်တာလဲ”

“မျက်နှာစိမ်းတွေ ကြားထဲမှာ လိုက်နေရမယ့် သူ့သမီးအတွက် စိတ်မချလို့ပဲ ဖြစ်မှာပေါ့ကွာ၊ အခု သူတို့ထင်တဲ့အတိုင်းဖြစ်လာတာပဲ မဟုတ်လား”





“ဒီလိုမှန်းသိရင် မလုပ်ခဲ့ပါဘူးဗျာ”

ထွန်းအောင်ခိုင်က နောင်တရသော အသံမျိုးဖြင့် ရေရွတ်ပြောဆိုနေသည်။

“နောင်တဆိုတာ နောင်မှရတတ်တာမျိုးဆိုတော့ အခုတော့ လွန်သွားပြီ၊ သေတဲ့လူလည်း သေခဲ့ရပြီ၊ မင်းလည်း ဒီအပြစ်ကိုခံရတော့မှာပဲ၊ မင်းအဖေနဲ့ အစ်မလည်း အခုထိအသက်မသေသေးဘူးဆိုရင်တောင် ဒုက္ခရောက်နေကြရောပေါ့”

ထွန်းအောင်ခိုင်မှာ ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

“တကယ်တော့ မင်းတို့မိသားစုတွေက သူတပါးတွေရဲ့ ဥစ္စာပစ္စည်းတွေကို လိုချင်တယ်၊ ဒါကြောင့် နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြတယ်၊ ဒါက အဘိဓမ္မာမျက်စောင်းနဲ့ ထိုးကြည့်တာပဲ၊ အခုတော့ မင်းတို့ကို အကုသိုလ်မျက်စောင်းတွေက ပြန်ပြီးဝိုင်းကြည့်နေတာကို ပြန်ခံနေကြရပြီ၊ ကံတရားလို့သာ သဘောထားလိုက်ပေါ့ကွာ”

ထို့နောက် ပုလိပ်များက ထွန်းအောင်ခိုင်ကို လက်ထိပ်ပြန်ခတ်ပြီးနောက် ခေါ်သွားကြလေတော့သည်။

ထိုအခါမှ ဦးမင်းဟန်က ပြောသည်။

“ဆရာကတော့ အမှုစစ်တဲ့နေရာမှာ တယ်လည်းဇွဲစိုက်ပါတာပဲကိုး၊ ဒါကြောင့် ကျုပ်တို့ ပုလိပ်လောကထဲမှာ ဆရာ့နာမည်ကြားတာနဲ့ လေးစားနေကြရတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှပြန်မပြောပဲ ပြုံးရုံသာပြုံးနေလေသည်။

"ဒါထက် ဒီအမှုက လက်စမသပ်သေးဘူးမဟုတ်လား"

"မသပ်သေးဘူး၊ လူသတ်ဖို့ ကြံဖော်ကြံဘက်ဖြစ်တဲ့ ဦးမင်းခင်တို့ သားအဖကိုရှာရဦးမယ်"

"သူတို့ကို ဘယ်နေရာမှာ ရှာမလဲ"

"သူတို့ဇာတ်လမ်းစခဲ့တဲ့နေရာက မောင်းတောဆိုတော့ အဲဒီကိုပြန်သွားရမယ်၊ ဒါပေမယ့် ကံကောင်းမှပဲ အသက်ရှင်လျက်နဲ့ ပြန်တွေ့ရတော့မှာယ် ထင်ပါတယ်"

"အင်တော်ပဲဆရာ၊ မောင်းတောဘက်သွားရင် ကျွန်တော်ပါ လိုက်ခဲ့မယ်၊ မောင်းတောလည်း မရောက်ဖူးသေးဘူး၊ နောက်တစ်ချက်က ဆရာနဲ့လိုက်တော့ ပညာရတာပေါ့"

ဟု စုံထောက်ကျော်စွာကပါ ဝင်ပြောလိုက်ပြီးနောက် စကားဝိုင်းသိမ်းလိုက်ကြလေသည်။







# အခန်း [၁၅]

# ဝဋ်ကြွေးပါသော အကျည်းလက်ဂံ

မင်းခင်နှင့် ခင်မျိုးသွယ်တို့ သားအဖနှစ်ယောက်မှာ သတိပြန်ရလာသောအခါ မည်သည့်နေရာ ရောက်နေမှန်း မသိကြပေ။

ဖြစ်ပျက်ခဲ့သော အကြောင်းများကို ပြန်တွေးကြည့်သောအခါ ဗုဒ္ဓေါမော်တွင် ဆာဒူးကြီးပေးသော ဆေးတစ်ခွက်စီ သောက်ပြီး သတိမေ့သွားသည်လောက်သာ သတိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတော့ ဘာမှမသိကြတော့ပေ။

ယခုရောက်နေသောနေရာမှာ အဆောက်အဦးတစ်ခုတော့ မဟုတ်ပေ။ ကျောက်ဂူနှင့်တူသော လိုဏ်ခေါင်းတစ်ခုအတွင်းမှ တစ်နေရာဖြစ်သည်။

အတွင်းမှာ ညှီစို့စို့ ပုတ်အွတ်အွက်အနံ့များ လှိုင်နေပြီး ရေဝင်ရေတက်ရှိသော မြောင်းတစ်ခုရှိသဖြင့် တာမ်းခြေနှင့် ဆက်စပ်နေသော နေရာဖြစ်ကြောင်းတော့ သိသည်။

ထို့ပြင် တစ်နေရာမှ လှိုင်းပုတ်သံများနှင့် စက်လှေမောင်းသွားသော အသံများလည်း ကြားနေရသည်။

"ငါတို့ ဘယ်နေရာ ရောက်နေတာလဲ"

"မသိဘူးအဖေ"

နှစ်ယောက်စလုံး လက်ပြန်ကြိုးတုပ်ထားရုံမကပဲ ခြေထောက်ကိုပါ ကြိုးဖြင့်ချည်နှောင်ထားသောကြောင့် မလှုပ်နိုင်ကြပေ။

"ဆာဒူးကြီးက ငါတို့ကိုဖမ်းပြီး ဒီနေရာ ခေါ်လာတာပဲ"

ထိုသို့ပြောဆိုနေစဉ် ဂူအတွင်းပိုင်းမှ လူတစ်ယောက်ထွက်လာသည်။ မှောင်နေသဖြင့် သဲသဲကွဲကွဲ မမြင်ရပဲ ရှိနေရာ အနားရောက်လာတော့မှ ဗုဒ္ဓေါ်မော်၌ တွေ့ခဲ့ရသော ဆာဒူးကြီးဖြစ်မှန်း သိရတော့သည်။

"ခင်ဗျားက ဘာကြောင့် ကျုပ်တို့သားအဖကို ဖမ်းခဲ့တာ လဲ၊ အခုလွှတ်ပေးပါ"





ဆာဒူးကြီးက ဘာမှမပြောပဲ မနီးမဝေးမှာရှိသော ကျောက်တုံးပေါ်သို့ ဝင်ထိုင်သည်။

"ခင်ဗျား ကျုပ်ကိုမှတ်မိသလား"

ထိုသို့မေးတော့ ဦးမင်းဒင်မှာ ဇဝေဇဝါ ဖြစ်နေသည်။

"တစ်ခါက ကျုပ်ဆီက ဆေးတောင်းတော့ မိစ္ဆာဖျက်လုံးဆေး ပေးလိုက်တယ်လေ၊ ဒါပေမယ့် ခင်ဗျားက မကောင်းတဲ့နေရာမှာ အသုံးချခဲ့တယ်၊ ဒီဆေးကို အသုံးပြုပြီး လူသတ်ခဲ့တယ် မဟုတ်လား"

"ကျုပ်မသတ်ဘူး"

"ခင်ဗျား မသတ်ပေမယ့် ခင်ဗျားသား သတ်တော့လည်း အတူတူပေါ့၊ ခင်ဗျားတို့ သားအဖသုံးယောက်ပေါင်းပြီး ကြံစည်ကြတော့ အပြစ်မရှိတဲ့သူတွေ သေခဲ့ကြရတယ်"

"ဒါတွေက ခင်ဗျားနဲ့ ဘာဆိုင်လို့ ကျုပ်တို့ကိုဖမ်းလာတာလဲ"

"ကျုပ်ကတော့ မဆိုင်ပါဘူး၊ မကြာခင်တော့ ဆိုင်တဲ့သူတွေ ရောက်လာပါလိမ့်မယ်"

ထိုသို့ပြောဆိုနေစဉ်မှာပင် နောက်ထပ်လူသုံးလေးယောက်ရောက်လာကြသည်။ မျက်နှာများပေါ်မှာ အဝတ်များစည်းထားကြသောကြောင့် မည်သူမည်ဝါတော့ မသိကြပေ။

"မင်းတို့ ဘယ်သူတွေလဲ"

"ခင်ဗျားက ကျုပ်တို့ကိုမသိပေမယ့် ကျုပ်တို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ကို ကောင်းကောင်းသိကြပါတယ်"

"ဘာကြောင့် ငါတို့သားအဖကို ဒီနေရာဖမ်းခေါ်လာတာလဲ"

"ခင်ဗျားတို့ သားအဖနဲ့ စာရင်းရှင်းစရာ ရှိလို့ပေါ့ဗျာ။ တကယ်ဆိုရင် ခင်ဗျားတို့သားအဖ သုံးယောက်စလုံးကို ဖမ်းချင်တာ၊ ဒါပေမယ့် တစ်ယောက်က ပုလိပ်တွေ ဖမ်းမိသွားလို့ မတတ်နိုင်တော့ပါဘူး၊ ဒါပေမယ့် လူနှစ်ယောက်တောင် သတ်ခဲ့တာဆိုတော့ ကြိုးစင်တက်ရုံကလွဲပြီး ဘာမှမရှိနိုင်ပါဘူး"

ထိုစကားကြားတော့ ဦးမင်းဒင်မှာ မျက်လုံးပြူးသွားလေသည်။

"မင်းဘာတွေပြောနေတာလဲ၊ အခုငါ့သားဘယ်မှာလဲ၊ သူပျောက်နေတာ ကြာပြီ"

"ခင်ဗျား ဘယ်တွေ့ရတော့မလဲ၊ စုံထောက်တွေ ပုလိပ်တွေက သူလိုချင်တာနဲ့ မျှားခေါ်ပြီးတော့ ဥပါယ်တမျှင်နဲ့ ဖမ်းထားကြတယ်လေ"

"ဟင်.."

ဦးမင်းဒင်မှာ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။ ထွန်းအောင်ခိုင်အတွက်လည်း စိတ်ပူသွားသည်။

"မင်းတို့ ဒါတွေ ဘယ်လိုသိနေတာလဲ"

"သိတာပေါ့ဗျာ၊ ခင်ဗျားတို့နေတဲ့ဆီမှာ ကျုပ်တို့လူ တစ်ယောက်ရှိနေတာ ခင်ဗျားမှမသိပဲကိုး"





"မင်း ဘာကြောင့် ငါတို့ သားအဖကိုဖမ်းလာတာလဲ၊ မင်းဘယ်သူလဲ"

ထိုအခါ ရပ်နေသူက မျက်နှာပေါ်မှာ အုပ်ထားသော အဝတ်ကိုဖယ်လိုက်သည်။

"ဟင်.."

လူကိုသိသော်လည်း နံမည်တော့ ဇဝေဇဝါဖြစ်နေလေသည်။

"ကျုပ်ကိုမှတ်မိတယ်မဟုတ်လား၊ ကျုပ်နံမည်က ထွန်းဇံလို့ခေါ်တယ်၊ ခင်မေသီရဲ့ ယောက်ျားလေ"

ထိုသို့ပြောတော့မှ မှတ်မိသွားသည်။

"ဘာကြောင့် ဒီလိုလုပ်တာလဲ"

"သိချင်မှတော့ ပြောရမှာပေါ့ဗျာ၊ ခင်ဗျားသမီး ခင်မျိုးနွယ်လက်ချက်နဲ့ သေခဲ့ကြရတဲ့ ဦးစံကျော်နဲ့ ဒေါ်ဝေဆိုတာ ကျုပ်ရဲ့ယောက္ခမတွေဖြစ်သလို သားချင်းလည်းမကင်းဘူး၊ ကျုပ်ရဲ့ကျေးဇူးရှင်တွေဗျ သိကြရဲ့လား"

ဦးစံကျော်နှင့် ဒေါ်ဝေတို့က ၎င်းတို့နှင့် ဆွေမျိုးသားချင်းမကင်းသော ထွန်းဇံကို ငယ်စဉ်ကတည်းက ခေါ်ယူပြီး ပြုစုစောင့်ရှောက်ပေးခဲ့ကြသည်။ အရွယ်ရောက်လာတော့ ခင်မေသီနှင့် မေတ္တာရှိခဲ့ကြသဖြင့် သူတို့ကိုယ်တိုင် လက်ထပ်ပေးခဲ့ကြသည်။

သို့ကြောင့် ထွန်းဇံအတွက်တော့ ယောက္ခမမိဘဖြစ်သလို ဘဝ၏ကျေးဇူးရှင်များလည်း ဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကျော့ဝေက ခင်မျိုးသွယ်နှင့် အိမ်ထောင်ကျပြီး အိမ်ကြီးပေါ် ရောက်လာသည်။ ခင်မျိုးသွယ်ကယောက်ျား ဘက်မှ အမွေလိုချင်သောကြောင့် ဦးစံကျော်နှင့် ဒေါ်ဝေတို့နှစ်ယောက်ကို အဆိပ်ခတ်ပြီး သတ်ဖြတ်ခဲ့သည်။

"ခင်ဗျားသမီး မီးမယုတ်က အမွေပစ္စည်းတွေ လိုချင်တော့ အိမ်မှာလာနေတဲ့အခိုက်မှာ တစ်ယောက်ပြီးတစ်ယောက် ဆေးခပ်ပြီး သတ်သွားခဲ့တယ်၊ ဘာများငြင်းချင်သေးသလဲ၊ သူတို့စားမယ့် ဟင်းပန်းကန်ထဲကို ငါးပုတင်းသည်းခြေနည်းနည်းချင်းထည့်ပြီး သတ်ခဲ့တာ ကျုပ်တို့က နောက်မှသိခဲ့ကြရတယ်"

ခင်မျိုးသွယ် ဘာမှမငြင်းနိုင်တော့သဖြင့် ခေါင်းငုံ့ထားရလေသည်။

"ဒါကြောင့် ခင်ဗျားတို့ကိုလက်စားချေဖို့အတွက် လူတစ်ယောက် လွှတ်ထားပြီး သတင်းအမြဲ စုံစမ်းနေတာ၊ ဒီမှာကြည့်လိုက်"

ဟုပြောရာ အနားမှာ ရှိနေသူတစ်ယောက်က မျက်နှာပေါ်မှအဝတ်ကို ဖယ်ပြသည်။

ဒေါက်တာမင်းထင်ကျော်နေသော အိမ်ဘက်၌ အလုပ်လုပ်နေသည့် 'ထွန်းခ'ပင်ဖြစ်သည်။

"ဒါ အစ်ကိုထွန်းခပဲ၊ သူက ခင်ဗျားတို့ဆီက သတင်းတွေကိုစုံစမ်းပြီး ကျုပ်တို့ဆီကိုလူကြုံနဲ့ အမြဲပို့ပေးနေခဲ့တာ"

ဦးမင်းဒင်မှာ ဘာမှထပ်မပြောသာတော့ပေ။





"ကျုပ်ရဲ့ ကျေးဇူးရှင်မိဘတွေသေတော့ ခင်ဗျားတို့ ခိုးယူသွားခဲ့တဲ့ တာကျိုက်ကျောက်နဲ့ လုပ်ထားတဲ့ လည်ဆွဲက ဘယ်မှာလဲ"

"ငါယူသွားတာမှန်ပေမယ့် သူတို့နဲ့အတူနေဖို့အတွက် ငါ့အစ်ကိုကို ပေးလိုက်ရတယ်၊ အဲဒီလည်ဆွဲက သူတို့ လက်ထဲမှာပဲ ရှိမှာပါ"

တာကျိုက်ကျောက်လည်ဆွဲက ဦးမင်းဒင်က အစ်ကိုဖြစ်သူ ဦးမောင်လွင်ကို ပေးခဲ့ရပြီးနောက်ပိုင်း ဦးမောင်လွင်က ဇနီးဖြစ်သူ ဒေါ်ခိုင်ဦးအား ပေးခဲ့ခြင်းဖြစ်ပေသည်။

"ကောင်းပြီလေ၊ ဒီကိစ္စကို နောက်တော့မှ စုံစမ်းကြည့်ရမှာပေါ့၊ ဒါပေမယ့် ကျုပ်တို့ပိုင်တဲ့လည်ဆွဲကိုတော့ ဖြစ်တဲ့နည်းနဲ့ ရအောင် ယူရမှာပဲ"

ဟုပြောကာ စကားကိုလက်စသတ်လိုက်သည်။

"ဒါထက် ငါတို့ကိုဘာလုပ်ကြမလို့လဲ"

"အခုမှကြောက်နေပြီလား၊ သူတပါး အသက်တွေသတ်ခဲ့တုန်းက နည်းအမျိုးမျိုးနဲ့ ကြံစည်ပြီး သတ်ခဲ့ကြတယ်၊ ကိုယ်သေရမယ့် အလှည့်ရောက်တော့ ကြောက်နေပြီလား"

"ငါတောင်းပန်ပါတယ်ကွာ၊ ငါတို့ကိုမသတ်ပါနဲ့"

ထွန်းခက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

ထို့နောက် သူ့လူများကိုအချက်ပြလိုက်ရာ တစ်ယောက်က နှစ်ယောက်စလုံးကို ပါးစပ်များ၌ အဝတ်စည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခြေထောက်မှ ကြိုးဖြေပေးပြီးခေါ်သွားလေသည်။

ဂူအဝင်းမှ ရေစီးကြောင်းအတိုင်း အပြင်သို့ထွက်သွားရာ လမုပင်၊ ဗျူးပင်များ ထူထပ်စွာပေါက်နေသော ဖျက်တောတစ်ခုအတွင်းသို့ ရောက်သွားလေသည်။

ထိုနေရာမှာ လူသူကင်းရှင်းသော နေရာဖြစ်သောကြောင့် လူရိပ်လူခြည်မတွေ့ရပေ။

ဖျက်တောအတွင်းရှိ ချောင်းသွယ်တစ်ခုအတွင်းမှာတော့ စက်လှေတစ်စင်းရှိနေသည်။ နောက်ဘက်တွင် ပေါင်းမိုးအိမ်များရှိသော ငါးဘောင်းစက်လှေပင်ဖြစ်သည်။

ထွန်းဇံတို့က ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့ကိုကြိုးတုပ်လျက်သားနှင့် စက်လှေဝမ်းထဲသို့ထည့်ကာ အပေါ်မှအဖုံးပြန်ပိတ်ထားလိုက်သည်။

ထို့နောက်စက်လှေကို ဖျက်တောအတွင်းမှ ထိုးဝါးဖြင့်ထိုးကာ ဖြည်းဖြည်းချင်းပြန်ဆုတ်ထွက်ရာ အတန်ကြာတော့ပင်လယ်ကမ်းခြေဘက်သို့ ရောက်လာကြသည်။

အချိန်မှာ ညနေပိုင်းအချိန် ရောက်လာကြပြီဖြစ်သဖြင့်ပင်လယ်ပြင်မှာ မှုံမှိုင်းလျက်ရှိနေသည်။ ၎င်းတို့သည်အပြင်ဘက်သို့ရောက်သည်နှင့် ပင်လယ်ထဲမှာရှိသော ကျွန်းတစ်ကျွန်းရှိရာသို့ ဦးတည်ခုတ်မောင်းကြသည်။

ကမ်းခြေမှ ၎င်းတို့စက်လှေထွက်လာပြီး မရှေးမနှောင်းမှာပင် မနီးမဝေးနေရာမှ စက်လှေတစ်စင်းထွက်လာပြီး နောက်





မှလိုက်လာသည်။

ပထမတော့ ငါးဖမ်းထွက်လာသော စက်လှေဟု ထင်သော်လည်း မဟုတ်ပေ။ စက်ကုန်ဖွင့်မောင်းပြီး သူတို့စက်လှေနောက်သို့ လိုက်လာခြင်းဖြစ်လေသည်။

"ကိုထွန်းဇံ နောက်က စက်လှေတစ်စင်းလိုက်လာနေတယ်"

"ဘယ်သူတွေ ဖြစ်မလဲ"

"ပုလိပ်တွေ ပါလာတယ်ထင်တယ် ဘယ်လိုလုပ်မလဲ"

"ဒီအခြေအနေရောက်မှတော့ ငါတို့အကြံအစည်ကို အပျက်မခံနိုင်ဘူး၊ ကျွန်းကြားကိုသာ ရောက်အောင်မောင်းပေတော့ ကျွန်းကြားထဲ ရောက်တာနဲ့ စက်လှေထဲက နှစ်ယောက်ကိုရေထဲပစ်ချလိုက်"

ထိုသို့ပြောပြီး စက်လှေကိုစက်ကုန်ဖွင့်မောင်းကြလေသည်။ နောက်ကစက်လှေကလည်း ထပ်ကြပ်မကွာ လိုက်လာသည်။ စက်လှေနှစ်စင်းမှာ အနည်းငယ်ဝေးနေသောကြောင့်လူချင်းတော့ မမြင်ကြရသေးပေ။

နေဝင်ချိန်ရောက်သောအခါ ကျွန်းကြားထဲ ရောက်သွားကြသည်။

၎င်းတို့ စက်လှေကျွန်းကြားထဲ ချိုးဝင်သွားသောအချိန်က နောက်မှလိုက်လာသော စက်လှေက ပင်လယ်ပြင်မှာပင် ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာရောက်သည်နှင့် ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့ နှစ်ယောက်စလုံးကို ခြေရောလက်ပါ ကြိုးဖြင့်တုပ်ပြီး ရေထဲပစ်ချလိုက်ကြသည်။ ပစ်ချလိုက်သည်နှင့်ပင် လှိုင်းလုံးများအောက်သို့ နစ်မြုပ်သွားတော့သည်။

ထိုသို့ပြုလုပ်ပြီး စက်လှေကို ထိုနေရာနှင့် အတော်ဝေးဝေး ရောက်သည်အထိ ဆက်မောင်းသွားပြီးမှ တစ်နေရာတွင် စက်သပ်ပြီး ရပ်တံ့ထားလိုက်သည်။

အတော်ကြာတော့မှ နောက်မှလိုက်လာသော စက်လှေက ပင်လယ်ပြင်၌ပင် ရှိနေသေးသည်။

ထိုနေရာရောက်သည်နှင့် ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့နှစ်ယောက်စလုံးကို ခြေရောလက်ပါ ကြိုးဖြင့်တုပ်ပြီး ရေထဲပစ်ချလိုက်ကြသည်။ ပစ်ချလိုက်သည်နှင့်ပင် လှိုင်းလုံးများအောက်သို့ နစ်မြုပ်သွားတော့သည်။

ထိုသို့ပြုလုပ်ပြီး စက်လှေကို ထိုနေရာနှင့် အတော်ဝေးဝေးရောက်သည်အထိ ဆက်မောင်းသွားပြီးမှ တစ်နေရာတွင် စက်သပ်ပြီး ရပ်တံ့ထားလိုက်သည်။

အတော်ကြာတော့မှ နောက်မှလိုက်လာသော စက်လှေက မှီလာသည်။ ထိုစက်လှေပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော် စုံထောက်ကျော်စွာတို့ အပါအဝင် မောင်းတောဂါတ်တဲမှ ပုလိပ်အချို့ ပါလာသည်။ စက်လှေနှစ်စင်းယှဉ်ကပ်မိတော့ ထွန်းဇံတို့ငါးယောက်ကို လက်မြှောက်ခိုင်းထားသည်။





ဒေါက်တာမင်းထင်ကျော်က ထိုငါးယောက်တွင် သူနေသောအိမ်မှာ အလုပ်လုပ်နေသော ထွန်းခကိုပြန်တွေ့ရသော်လည်း အံ့ဩခြင်းသိပ်မဖြစ်တော့ပေ။

"ထွန်းဇံဆိုတာ ဘယ်သူလဲ"

"ကျုပ်ပဲ"

"ဦးမင်းဒင်နဲ့ ခင်မျိုးသွယ်တို့ ဘယ်မှာလဲ"

"ကျုပ်မသိဘူး"

"ဒါဖြင့် စောစောက စက်လှေကို ဘာကြောင့် စက်ကုန်ဖွင့်မောင်းပြေးတာလဲ"

"ပင်လယ်ပြင်မှာ အချင်းချင်းလုယက်တိုက်ခိုက် သတ်ဖြတ်နေကြသူတွေ၊ ဓားပြတွေရှိတယ်၊ အန္တရာယ်ပေးမယ့်သူတွေထင်လို့ လုံခြုံတဲ့နေရာအထိ မောင်းပြေးတာပါ"

ထို့နောက် ပုလိပ်များက စက်လှေတစ်စင်းလုံး နေရာအနှံ့ ရှာကြသော်လည်း ဦးမင်းဒင်တို့ကို မတွေ့ရတော့ပေ။

"ခင်ဗျား ဘာကြောင့် သူတို့ကိုဖမ်းတယ်၊ ဘယ်လိုနည်းနဲ့ ဖမ်းခဲ့တယ်ဆိုတာလည်း ကျွန်တော်သိပြီးပါပြီ၊ ခင်ဗျားမိန်းမ ခင်မေသိန်းနဲ့လည်း တွေ့ခဲ့ပြီးပြီ"

"သူ့မှာ ဘာအပြစ်မှမရှိဘူး"

"မှန်ပါတယ် နောက်တစ်ခုက ဦးမင်းဒင်တို့ဖမ်းဖို့ အကူအညီပေးခဲ့တဲ့ ဆာဒူးကြီးကိုလည်း စခန်းမှာ ခေါ်ထားခဲ့ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တယ်လည်းခြေလှမ်းသွက်ပြီး လာဘ်မြင်တဲ့သူတွေပဲ ကိုး၊ ဒီလောက်သိနေမှတော့ ကျုပ်ဘာကြောင့် လူယုတ်မာတွေ ကိုသတ်ချင်နေတာကိုလည်း သိပြီးဖြစ်လောက်ရောပေါ့"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးအမူ အယာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလောက်သိနေမှကော့ တစ်ခုတော့မေးပါရစေ"

"မေးပါ"

"ကျုပ်ရဲ့ ကျေးဇူးရှင်တွေဆီက ဦးမင်းဒင်ခိုးယူသွားခဲ့တဲ့ တာကဲ့ကြိုက်လည်ဆွဲကရော ဘယ်မှာလဲ"

"ကျွန်တော့်ဆီမှာ ရှိပါတယ်"

"အဲဒီပစ္စည်းက ကျုပ်တို့နဲ့ပဲ သက်ဆိုင်ပါတယ်၊ ပြန်ပေး ပါ"

"အချိန်တန်တော့ ပြန်ပေးမှာပါ"

"ဒါဖြင့်လည်း ကျေနပ်ပါပြီ၊ ကျုပ်ကျေးဇူးရှင်တွေကို သတ်သွားတဲ့ လူယုတ်မာတွေကို ကလဲ့စားချေရလို့ ကျေနပ်ပါပြီ၊ ခင်ဗျားတို့ ဝတ္တရားရှိတဲ့အတိုင်းသာ ဆောင်ရွက်ကြပါတော့"

ဟု ပြောလိုက်လေသည်။

ထို့နောက် ပုလိပ်များက စက်လှေပေါ်မှာပါသော လူ ငါးယောက်စလုံးကို လက်ထိပ်ခတ်ပြီးဖမ်းဆီးလိုက်ကာ ထိုစက် လှေနှင့်ပင် ခေါ်ဆောင်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဦးမင်းဒင်တို့





သားအဖကို ထိုနေရာတစ်ဝိုက်မှာ လိုက်လံရှာဖွေသော်လည်း မတွေ့ရတော့ပေ။

ရေစီးကြမ်းသည်ကတစ်ကြောင်း၊ ညနေပိုင်း လေထန် ပြီး လှိုင်းပိုကြီးလာသောကြောင့် ပင်လယ်ရေအောက်သို့ တိုး တုပ်လျက်သားနှင့် နစ်မြုပ်သွားသော လူနှစ်ယောက်ကိုတော့ ဘယ်လိုမှ ရှာဖွေမတွေ့နိုင်တော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း [၁၆]

# ရှိုင်းမျက်နှာပြင်လမ်းမှ ပန်းခင်းလမ်း

တွေဂါတ်တဲ၌ရှိသော ဦးမင်းဟာန်ရုံးခန်း၌ နောက်တစ်ကြိမ်ဆုံကြသော အခါမှာတော့ ဦးမောင်လွင်နှင့် ခင်မျိုးနွယ်တို့သားအဖပါ ရောက်နေကြသည်။

လူစုံသောအခါမှာတော့ ဒေါက်တာမင်းထင်ချော်က ၎င်းစုံစမ်း၍သိရသော အချက်အလက်များကို အကျဉ်းချုပ်ပြီး ပြန်ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးစွာပြောရမှာကတော့ ခင်မျိုးသွယ်နဲ့ ဦးမင်းဒင်တို့ အကြောင်းပါပဲ၊ ခင်မျိုးသွယ်က ကျော့ဝေနဲ့ အိမ်ထောင်ကျပြီး ဟိုမှာလိုက်နေတော့ ကျော့ဝေမိဘတွေ ဘယ်လောက်ချမ်းသာတယ်ဆိုတာ သိခဲ့တယ်၊ တာကွိုက်ကျောက်လည်ဆွဲ ရှိတယ်ဆိုတာလည်း သိခဲ့တယ်"

"ပြောပါဦး"

"ဒါကြောင့် ဒီပစ္စည်းတွေကိုရဖို့ ကျော့ဝေရဲ့ အဖေနဲ့ အမေကို သတ်ခဲ့တယ်၊ စားသောက်မယ့် အစားအစာတွေထဲမှာ ငါးပုတင်းသည်းခြေ နည်းနည်းစီထည့်ပြီး သတ်ခဲ့တာပါ။ နောက်တော့ ဒီအကြောင်းကို ထွန်းဇံနဲ့ ခင်မေသီတို့က သိခဲ့တယ်၊ ဒါကြောင့် ကျော့ဝေလာတော့ ပြောပြလိုက်တယ်"

"နောက်တော့. . ."

"ကျော့ဝေက ဒီအကြောင်းသိသွားပြီးတဲ့နောက်မှာ မသိချင်ယောင်ဆောင်ပြီး ခင်မျိုးသွယ်တို့ သားအဖကို ပြန်သတ်ဖို့ ကြံစည်တယ်၊ ဒါပေမယ့် ဟိုဘက်က လက်ဦးသွားတော့ သူအသတ်ခံလိုက်ရတယ်"

"ဒါဖြင့် ထွန်းအောင်ခိုင်က သူကမိန်းမနဲ့ ဖောက်ပြန်လို့ သတ်ခဲ့တယ်ဆိုတာ မဟုတ်ဘူးလား"

"ဒါလည်း ပါချင်ပါမှာပေါ့၊ အဓိကအချက်က သူတို့ကို အန္တရာယ်ပြန်ပေးတော့မှာ ရိပ်မိလို့ ဦးအောင်သတ်ခဲ့တာပါပဲ"

"တယ်လည်းရှုပ်တာပဲကိုး"





"မေရီကျော်ကိုသတ်တာကတော့ ဒီအမှုနဲ့ မဆိုင်လှပါဘူး၊ မေရီကျော်ဆီမှာပါလာတဲ့ စိန်အတုတွေကို အစစ်ထင်ပြီး လိုချင်လို့ သတ်ခဲ့တာပါ"

"အတော်ရက်စက်ကြတယ်"

"ကျော့ဝေ သေသွားပြီးတဲ့နောက်မှာ ထွန်းဇံတို့က ဦးမင်းဒင်နဲ့ ခင်မျိုးသွယ်ကို ဖမ်းဖို့ကြံစည်ကြတယ်၊ ဒီမှာ လာနေတဲ့ ထွန်းခက ထွန်းဇံရဲ့အစ်ကိုပဲ၊ သူက ဒီသတင်းတွေကို ဟိုကိုပို့ပို့ပေးတယ်၊ နောက်တော့ ဆာဒူးကြီးကိုလွှတ်ပြီး နှစ်ယောက်စလုံး မနေဝံ့အောင် လုပ်ခိုင်းတော့တယ်"

"ဘယ်လိုလုပ်တာလဲ"

"ဒါကတော့ ဆရာကြီးဦးဗန်ကောင်းသိတဲ့ ကိစ္စတွေဆိုတော့ သူက ပြောပြပါလိမ့်မယ်"

ထိုသို့ပြောသဖြင့် ဦးဗန်ကောင်းက ဝင်ပြောပြသည်။

"ဆာဒူးကြီးတွေဆီမှာ ထူးဆန်းတဲ့ဆေးဝါးတွေ ရှိကြတယ်၊ ဆာဒူးအတော်များများက ဆန်းကြယ်တဲ့ အစီအရင်တွေ တတ်ကြတယ်၊ ဒီကိုလာတဲ့ဆာဒူးကြီးဆီမှာ မိစ္ဆာမျက်လုံးလို့ ခေါ်တဲ့ ဆေးတစ်မျိုးရှိတယ်"

"ဘယ်လိုစွမ်းသလဲ"

"ဒီဆေးကို နည်းနည်းသောက်ရင် ပတ်ဝန်းကျင်မှာရှိတဲ့ မိစ္ဆာတွေကို မြင်ရတယ်၊ တစ္ဆေသရဲတွေ ကိုယ့်အနားကို ရောက်လာတယ်လို့ မြင်ရတယ်၊ များများသောက်မိရင်တော့ နှလုံးသွေး



www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြီး သေနိုင်တယ်”

“ကြောက်စရာကောင်းပါလား”

“ဒီကိုလာတဲ့ ဆာဒူးကြီးက အစီအရင်တွေတတ်တော့ သေသွားတဲ့ ဦးစံကျော်နဲ့ ဒေါ်ဝေတို့ရဲ့ ဝိညာဉ်တွေကိုပါ ခေါ်လာပြီး ဦးမင်းဒင်တို့ကို ခြောက်လှန့်ခဲ့တာပဲ၊ ဒါကြောင့် ဒီနေရာကို ဆာဒူးကြီးရောက်လာပြီး နောက်တစ်ညမှာ သူတို့အခြောက်အလှန့်ခံကြရတာပဲ”

“ပြောပါဦး”

“တခြားဝိညာဉ်တွေဆိုရင်တော့ ဒီလောက်ကြောက်မယ်မဟုတ်ပါဘူး၊ သူတို့ ကြံစည်ပြီးသတ်ခဲ့တဲ့သူတွေ ရောက်လာတော့ မနေဝံ့ကြတော့တာနဲ့ ဆာဒူးကြီးရှိတဲ့ ဗုဒ္ဓေါဖမော်ကို သွားခဲ့ကြတယ်၊ အဲဒီမှာ သူတို့တောင်ချောက်ထဲ ရောက်သွားပြီး အဖမ်းခံကြရတာပါပဲ”

ဦးဗန်ကောင်းက ရှင်းပြသည်။

“ဒါထက် ကိုမင်းထင်ကျော်ကရော ဘယ်လိုသဲလွန်စ ကောက်ခဲ့တယ်ဆိုတာလည်း ပြောပြပါဦး”

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို ပြန်ချထားလိုက်ပြီး ရှင်းပြသည်။

“ကျော့ဝေနဲ့ မေရီကျော်တို့ သေတဲ့အမှုက တရားခံပေါ် နေပြီဆိုတော့ ရှင်းနေပြီ၊ ဒီတော့ ဦးမင်းဒင်တို့ကို ဘယ်သူ ဒုက္ခ ပေးမလဲလို့ စဉ်းစားတယ်၊ အိမ်မှာရှိတဲ့လူတွေက သူတို့ကို ဒီလို





မျိုးနဲ့ ဒုက္ခမပေးနိုင်တော့ ဖယ်ထားလိုက်တယ်”

“ပြောပါဦး”

“သူတို့နဲ့ ဆက်စပ်မှုတွေကိုပြန်ကြည့်တော့ မောင်းတောမှာ တွေ့ရတယ်၊ သူတို့ရှိနေတဲ့အခိုက်မှာ သေသွားကြတဲ့ ဦးစံကျော်နဲ့ ဒေါ်ဝေတို့က ရိုးရိုးသေကြတာမဟုတ်ဘူးဆိုတာ စုံစမ်းလို့ရတယ်၊ ဒါကလည်း မခဲယဉ်းပါဘူး၊ မောင်းတောဂါတ်တဲမှာ စုံစမ်းကြည့်ရင် သိရတာပါပဲ”

“မှန်ပါတယ်”

“အဲဒီမှာ မောင်းတောဘက်က ဆာဒူးကြီး ဒီကိုရောက်လာတော့ သဲလွန်စက အတော်နီးစပ်လာတယ်၊ နောက်တော့ ဆာဒူးကြီးနဲ့ ဦးမင်းဒင့်တို့ ပျောက်သွားကြတယ်၊ ဒါကြောင့် မောင်းတောလိုက်သွားပြီး ခင်မေသီကို စစ်ဆေးမေးမြန်းရတယ်၊ ပထမတော့ ဖုံးကွယ်နေသေးတယ်၊ နောက် မရတော့မှ သူ့ ယောက်ျားထွန်းဇံတို့ ဖမ်းခေါ်သွားပြီဆိုတော့ ဖွင့်ပြောတယ်”

“ဒီတော့ ဘယ်လိုဆက်လုပ်သလဲ”

“သူတို့က စက်လှေသမားတွေဆိုတော့ တစ်နေရာကို ခေါ်သွားတော့မယ်ဆိုတာသိလို့ မောင်းတောက ပုလိပ်အဖွဲ့ကို အကူအညီတောင်းပြီး စောင့်နေကြတာ၊ ဒါပေမယ့် တရားခံတွေကိုသာမိပေမယ့် ဦးမင်းဒင်တို့ သားအဖကိုတော့ မကယ်နိုင်ခဲ့ပါဘူး”

“ကြားရတာစိတ်မကောင်းစရာပဲ၊ ဒါပေမယ့် သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်တရားတွေက သူတို့ကို ပြန်သတ်တယ်လို့ပဲ ပြောရတော့မှာပဲ”

ဦးမင်းဟန်က ဝင်ပြောလိုက်လေသည်။

“ဒါထက် မေးရဦးမယ်၊ ဦးစံကျော်တို့ပိုင်တဲ့ တာကျိုက်ကျောက်လည်ဆွဲက ဘယ်မှာလဲ”

စုံထောက်ကျော်စွာက ဝင်မေးလိုက်သည်။

ထိုသို့မေးတော့ ဦးမောင်လွင်က ဝင်ပြောပြသည်။

“ဒီလည်ဆွဲက ကျုပ်ဆီမှာ ရှိပါတယ်၊ မင်းဒင်က သေသွားတဲ့ သူ့မိန်းမပစ္စည်းဖြစ်လို့ သင့်တော်တဲ့ဈေးနဲ့ ဝယ်ပါလို့ ပြောတာနဲ့ ကျုပ်မိန်းမအတွက် ဝယ်ပေးခဲ့တာပါ။ အခုလို မသန့်ရှင်းမှန်းသိမှတော့ မလိုချင်တော့ပါဘူး၊ သက်ဆိုင်ရာတွေကိုပဲ ပြန်ပေးပါ့မယ်”

ဟု ပြောပြသည်။

ထိုကဲ့သို့ ရှင်းလင်သွားသောအခါ နရဏီသိန်စံအိမ်သို့ ပြန်လာကြသည်။ နောက်တစ်ရက်မှာတော့ တာကျိုက်ကျောက်လည်ဆွဲကိုပါယူဆောင်ပြီး ဒေါက်တာမင်းထင်ကျော်တစ်ယောက် မောင်းတောသို့ သွားလေသည်။

ခင်မေသီနှင့် တွေ့သောအခါ အကျိုးအကြောင်းပြောပြပြီး တာကျိုက်ကျောက်လည်ဆွဲကို ပြန်ပေးလိုက်သည်။

“အဖေအမေတို့ပိုင်တဲ့ ရတနာပစ္စည်းကို ပြန်မရတော့တော့ဘူးလို့တောင် ထင်နေတာ၊ အခုလိုပြန်လာပို့ပေးတာ ကျေး





ဇူးတင်ပါတယ်”

“ကိုထွန်းဇံတို့အမှုလည်း အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်၊ အပြစ်ဒဏ်လျော့ပေါ့အောင်လည်း အစီရင်ခံစာ ရေးတင်ပေးခဲ့ပါ့မယ်”

“ကျေးဇူးတင်ပါတယ်ဆရာရယ်၊ ကျွန်မအဖေနဲ့အမေရော၊ ကျွန်မအစ်ကိုကိုပါ ရက်ရက်စက်စက်သတ်ခဲ့တဲ့ လူတွေကို ကလဲ့စားချေခွင့်ရလို့ ကျွန်မကျေနပ်ပါပြီ၊ အပြစ်ဒဏ်ကတော့ ကျသမျှခံရမှာပါ”

ဟု ဝမ်းနည်းသောလေသံမျိုးဖြင့် မျက်ရည်သုပ်ရင်း ပြန်ပြောလေသည်။

ထို့နောက်မှာတော့ စစ်တွေသို့ ပြန်လာခဲ့သည်။

နရဏီသိန်စံအိမ်ကြီးသို့ ပြန်ရောက်သောအခါ သူကူညီဆောင်ရွက်ပေးရသောကိစ္စများ ပြီးသွားပြီ ဖြစ်သောကြောင့် ဦးမောင်လွင်နှင့် တွေ့ရသည်။

“ကျွန်တော်ကူညီဆောင်ရွက်ပေးရတဲ့ ကိစ္စတွေ ပြီးပြီဆိုတော့ ကျွန်တော်ပြန်လို့ ရပြီလား”

“အခုလို တကူးတက လာရောက်ပြီး အကူအညီပေးတာ ကျေးဇူးတင်ပါတယ် မောင်မင်းထင်ကျော် ကျုပ်တို့ချည်းသာဆိုရင်တော့ အသက်ရှင်ဖို့တောင် ခက်ခက်ခက်ပဲ ဒါထက်တစ်လက်စတည်း အကူအညီတောင်းပါရစေဦး”

“ပြောပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ အခုဆိုရင် ဒီအိမ်ကြီးမှာ ကျုပ်တို့သားအဖနှစ်ယောက်တည်း ကျန်တော့တာဆိုတော့ နေလို့လည်း မသင့်တော့ပါဘူး"

"ဒီတော့ ဦးက ဘယ်လိုစီမံချင်ပါသလဲ၊ ကျွန်တော် ဘယ်လိုအကူအညီပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီအိမ်ကြီးကို ရောင်းချပြီးတော့ ရန်ကုန်မှာ ပြောင်းရွှေ့နေထိုင်ဖို့ စိတ်ကူးရှိတာမို့ ကူညီပေးပါဦး"

"ဟုတ်ကဲ့ ကျွန်တော်အကူအညီပေးနိုင်ပါတယ်. . ၊ နောက်တစ်ခုက ဒီကမပြောင်းခင် ဒီမှာသေဆုံးပြီး . မကျွတ်မလွတ်တဲ့ဘဝ ရောက်နေကြသူတွေအတွက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးချင်ပါတယ်"

"ဒါကတော့ မောင်မင်းထင်ကျော် သဘောကျသလိုသာ စီစဉ်ဆောင်ရွက်ပါ၊ ကျုပ်ခွင့်ပေးပါတယ်"

ထိုသို့ခွင့်ပေးသဖြင့် ဦးဗန်ကောင်းနှင့် တိုင်ပင်ပြီး သံဃာများပင့်ပြီး ဆွမ်းကျွေးခြင်း၊ သင်္ကန်းပရိက္ခရာများ ကပ်လှူခြင်း အမျှအတန်းဝေခြင်းများ ပြုလုပ်ပေးကြသည်။

ထိုညရောက်တော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက် အောက်ထပ်၌ရှိနေစဉ် အမှောင်ရိပ်တွင်းမှာ ရပ်နေကြသည့် မည်းမည်းသဏ္ဌာန်နှစ်ယောက်ကို တွေ့ရသည်။ ယောကျ်ားတစ်ယောက် မိန်းမတစ်ယောက်ဖြစ်သည်။





တစ်ကိုယ်လုံး ရေများစိုရွှဲနေပြီး ကြိုးစများက တွဲလောင်းကျနေကြသည်။

ရုပ်ဆင်းအင်္ဂါကို သေသေချာချာမမြင်ရသော်လည်း ဦးမင်းဒင်နှင့် ခင်မျိုးသွယ်တို့ ဖြစ်မည်ဟုတော့ ထင်မိကြသည်။ နောက်တော့ အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။

နောက်တစ်ပတ်ခန့် ကြာသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်တို့ ရန်ကုန်ပြန်ကြလေသည်။

ဦးဗန်ကောင်းနှင့် စုံထောက်ကျော်စွာတို့ ပြန်လိုက်လာကြလေသည်။ သင်္ဘောပေါ် ရောက်တော့ သူတို့နှစ်ယောက်က တစ်ခန်း၊ ခင်မျိုးနွယ်တို့ သားအဖကတစ်ခန်း၊ ဒေါက်တာမင်းထင်ကျော်က အိပ်ခန်းတစ်ခန်းယူသည်။

ညဦးပိုင်းအချိန်ရောက်သော် သင်္ဘောကုန်းပတ် **တစ်**နေရာတွင် ချပေးထားသောစားပွဲသို့ ထွက်ထိုင်ကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ခင်မျိုးနွယ်တို့ **စားပွဲတစ်**လုံးဖြင့် သီးခြားထိုင်ပြီး စကားပြောကြသည်။

"ကိုယ်တော့ နွယ်ကို့ တစ်ပါတည်းပါလာတာ**သိပ်ကြီး**ဝမ်းသာတာပဲ"

"စိတ်ထဲကရှိလို့ပြောတာရော ဟုတ်ရဲ့လား၊ **ချက်သက်**လိုက်ပြီး ရှုတ်နေတယ်လို့ရော မထင်မိဘူးလား"

"မထင်မိပါဘူး၊ ကိုယ်ချစ်တဲ့သူနဲ့ ရှက်တာပဲ **တစ်သက်**



www.burmeseclassic.com

www.burmeseclassic.com



လုံး အရှုတ်ထဲက မထွက်နိုင်လေကောင်းလေပဲ”

ထိုစကားကြောင့် ခင်မျိုးနွယ်က သဘောကျစွာဖြင့် ရယ်နေလေသည်။

“ဟိုရောက်ရင်ရော မောင်ဘယ်လိုစီစဉ်မှာလဲ”

“နွယ်တို့အတွက် နေရာထိုင်ခင်းတွေ စီစဉ်ပြီးရင် နွယ်နဲ့ လက်ထပ်ဖို့ ဆက်ပြီးစီစဉ်မယ်လေ၊ နွယ်နဲ့ဝေးပြီး မနေချင်တော့ဘူး၊ မကောင်းဘူးလား”

“ကျွန်မက မောင်သဘောကျသလိုစီစဉ်တာကို လက်ခံပေးမှာပါ၊ မောင်က အမှုအခင်းတွေ ဖြေရှင်းပေးရာမှာ တော်သလို ချစ်သူကိုစိတ်ချမ်းသာအောင် ပြောတတ်တဲ့နေရာမှာလည်း အတော်ကျွမ်းကျင်တယ်၊ ဒီအပြောမျိုးနဲ့ချစ်သူတွေ ဘယ်နှယောက်များ ရှိခဲ့သလဲမသိဘူး”

“အခုလိုအထင်ကြီးပေးတာတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ချစ်သူကတော့ နွယ်တစ်ယောက်ပဲ ရှိပါတယ်၊ ကိုယ့်ရဲ့ ဘဝလက်တွဲဖော်ကလည်း မောင်ကလွဲပြီး တခြားလူ မရှိနိုင်တော့ပါဘူး”

ထိုသို့ပြောရာ ဒေါက်တာမင်းထင်ကျော်က ကျေနပ်စွာ ပြုံးရင်း ချစ်သူလက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ထားလိုက်လေသည်။

ကပ္ပလီပင်လယ်ပြင်မှာတော့ ကမ်းရိုးတန်းသွား သင်္ဘောကြီးက ကမ်းရိုးတန်းအတိုင်း တောင်ဘက်သို့ ဦးတည်ခုတ်မောင်း





ချက် ရှိနေသည်။ လရောင်ထွက်လာပြီ ဖြစ်သောကြောင့် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် ငွေရောင်များ တလက်လက် တောက်ပလျက် ရှိနေကြသည်။

ဆားနံ့ဆားငွေ့များ သယ်ဆောင်လာသော လေက ကြမ်းတမ်းခြင်းမရှိပဲ ပုံမှန်ကလေးသာ တိုက်ခတ်နေသည်။

ထို့ကြောင့် လှိုင်းမျက်နှာပြင်လမ်းမှာ ကြမ်းတမ်းခက်ထန်ခြင်းမရှိပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ခင်မျိုးနွယ်တို့ ချစ်သူနှစ်ယောက်၏ ဘဝလမ်းမှာလည်း သာယာချောမွေ့မှုများဖြင့်သာ ဖြတ်သန်းကြမည်ဖြစ်ပေရာ ပန်းခင်းလမ်းကဲ့သို့သာ ရှိကြပေလိမ့်မည်ဖြစ်၏။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (အဘိဗ္ဗာမျက်စောင်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း နိဂုံးအမှတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု၊ သုခိအတ္တာနံ ပရိဟန္တု ။

ပြီးဆုံး။ ။ (၂၀၁၆)ခုနှစ် ၊ မေလ(၁၆)ရက် ၊ တနင်္လာနေ့ ၊ နံနက်(၉)နာရီ။



www.burmeseclassic.com